# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)


၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ်(၁၁၇)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံလမ်းညွှန်မှာကြားစဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံ

## လူ့အခွင့်အရေးကို အထူးဂရုစိုက် ထိန်းသိမ်းပေးစေလိုကြောင်း လမ်းညွှန်မှာကြား

**နေပြည်တော် ဇန်နဝါရီ ၂၄**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်နှင့် အဖွဲ့ဝင်များ အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ တွေ့ဆုံ လမ်းညွှန်မှာကြားသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက ယခုကော်မရှင်ကို ဥပဒေနှင့်အညီ စိစစ်ရွေးချယ်ရေးအဖွဲ့က တင်ပြလာသည့် ကော်မရှင်အဖွဲ့ဝင်လောင်းများထဲမှ ထပ်မံစိစစ်၍ ရွေးချယ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယနေ့ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးသည် ရှေ့တန်းသို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ်နှင့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ပါရှိခဲ့ပြီးဖြစ်ပါကြောင်း၊ သို့သော်လည်း ကျင့်သုံးမှုအားနည်း၍ နိုင်ငံသားများရရှိခံစားမှုလည်း နည်းပါးပါကြောင်း၊ ထို့အတူ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသားများ၏ မူလအခွင့်အရေးများဆိုပြီး ပါရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကိုလည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ယခုကော်မရှင်အနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်ပြီး နိုင်ငံသူ နိုင်ငံသားများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင်၊ ဗဟုသုတ ကြွယ်ဝအောင်၊ လူ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ●

## ပြည်ထောင်စုနေ့ဆိုသည်မှာ

ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး စာ - ၆

## အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်ကို မကြာမီထုတ်ပြန်မည်ဟု ထရမ့်ပြော

နိုင်ငံတကာသတင်း စာ - ၁၄

## အသစ်ဖွဲ့စည်းလိုက်တဲ့ လက်ဘနွန်အစိုးရအဖွဲ့ ရင်ဆိုင်ဖြေရှင်းရမယ့် စိန်ခေါ်မှုများ

နိုင်ငံတကာရေးရာ စာ - ၁၅

## ထူးခြားသည့် ညအပူချိန်များ

၂၄ - ၁ - ၂၀၂၀

| | | |
|---|---|---|
| နမ့်စန်မြို့ | - | ၄ ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်းမြို့ | - | ၄ ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | - | ၅ ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | - | ၅ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | - | ၅ ဒီဂရီစင်တီဂရိတ် |
| မင်းကင်းမြို့ | - | ၆ ဒီဂရီစင်တီဂရိတ် |


စေတနာဆေး မေတ္တာဆေး သစ္စာဆေး – ဆေးစွမ်းထက်တာ ထွန်းရွှေဝါ . . .

ထွန်းရွှေဝါ တိုင်းရင်းဆေးက ဆေးစွမ်းထက်ပါသည်။

# မြန်မာ့ရုပ်ရှင် အနုပညာခရီး နှစ် ၁၀၀

မြန်မာ့ရုပ်ရှင်ဟူ၍ ပေါ်ထွန်းလာခဲ့သည်မှာ ယခုနှစ်တွင် နှစ်ပေါင်း ၁၀၀ တိုင်ခဲ့ပြီတည်း။ မြန်မာ့လွတ်လပ်ရေးအတွက် အင်္ဂလန်နိုင်ငံသို့ သွားရောက်တောင်းဆိုခဲ့သော ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန် (ဖေပုရှိန်) ဟူသည့် အမျိုးသားရေးတက်ကြွသူ ခေါင်းဆောင်သုံးဦးအနက်က တစ်ဦးဖြစ်သော ဦးထွန်းရှိန် ကွယ်လွန်သည့် ဈာပနအခမ်းအနားအား မှတ်တမ်းတင်ရုပ်ရှင်အဖြစ် ရိုက်ကူးခဲ့သော ၁၉၂၀ ပြည့်နှစ်ကို မြန်မာ့ရုပ်ရှင်အစခရီးအဖြစ် သတ်မှတ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်ကို မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ အဖြစ် မော်ကွန်းတင် ဂုဏ်ယူရပါသည်။

ပညာရှင်တို့ ထုတ်လုပ်လိုက်သည့် အနုပညာပစ္စည်းများအနက် ရုပ်ရှင်အနုပညာသည် လူမှုအသိုင်းအဝိုင်း အထူးသဖြင့် လူငယ်နှင့် ကလေးငယ်များအပေါ် များစွာလွှမ်းမိုးသက်ရောက်မှု ရှိပါသည်။ ရုပ်ရှင်ဇာတ်ကားတို့၏ အခြေခံဇာတ်လမ်းတို့သည် ယေဘုယျအားဖြင့် လူ့လောက၊ လူ့သဘာဝကို မူတည်ဖွဲ့စည်းခြင်းဖြစ်သောကြောင့် လူတို့က ရုပ်ရှင်ဇာတ်ကားနှင့် ပြင်ပလူ့လောကကို တွဲယှဉ်လျက်သာ မြင်ကြလေ့ရှိ၏။

မင်းသား၊ မင်းသမီးတို့၏ ရုပ်ရည်တင့်တယ်ပြေပြစ်လှပခြင်းကို အားကျရ၏။ ဇာတ်လမ်းပါအဖြစ်အပျက်တို့အတိုင်း လွမ်းစရာရှိလျှင် မျက်ရည်ဖြိုင်ဖြိုင်ကျကာ ရယ်မောစရာရှိလျှင် အားရပါးရ ရယ်မောပျော်ရွှင်ကြခြင်းဖြင့် ရုပ်ရှင်ကြည့်ပရိသတ်တို့ ကျေနပ်နှစ်သက်ခြင်းဖြစ်ကြရ၏။ ယင်းသို့ နှစ်သက်သဘောကျသည်သာမက ရုပ်ရှင်ဇာတ်ကားထဲက အပြုအမူ လှုပ်ရှားမှုများကို အတုယူကြလေ့လည်း ရှိ၏။

ရုပ်ရှင်ကားတစ်ကား စိတ်ဝင်စားဖွယ်ကောင်းလျှင်ကောင်းသလို၊ နှစ်သက်စွဲလမ်းဖွယ်ကောင်းလျှင်ကောင်းသလို ကိုယ်တိုင်လိုက်ပါခံစားကြလေ့ရှိ၏။ စိတ်ကူးယဉ်ကြလေ့ရှိ၏။ အိပ်မက်မက်ကြလေ့ရှိ၏။ ကိုယ်တိုင် မင်းသားအလား၊ ကိုယ်တိုင် မင်းသမီးအလားလည်း ထင်မြင်ကာ အတုခိုး၊ မိတ္တူကူးကာ လိုက်ပါလုပ်ဆောင်ကြလေ့လည်း ရှိ၏။

ဆိုလိုသည်မှာ ရုပ်ရှင်တို့၏ လူတို့အပေါ် လွှမ်းမိုးနိုင်စွမ်းအားကြီးမားခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း မည်သည့်နိုင်ငံမျိုးတွင်မဆို ရုပ်ရှင်ပြသရာမှာ လူထုအပေါ်လွှမ်းမိုးသြဇာကြီးခြင်းကို အကြောင်းပြု၍ မည်သို့သော ပြကွက်မျိုးက လူထုကို မပြသင့်၊ မည်သည်တို့က မည်သည့်အသက်အရွယ်များ ကြည့်ရှုရန်မသင့် အစရှိသော ကန့်သတ်မှုများ၊ အတန်းအစားခွဲခြားသတ်မှတ်မှုများ ရှိ၏။ ဆေးလိပ်သောက်သည့် ပြကွက်မျိုးကိုပင် ဒီမိုကရေစီအသားကျနေသည့် နိုင်ငံကြီးများ၌ ရုပ်မြင်သံကြားကဲ့သို့သော ဇာတ်လမ်းများတွင် ကန့်သတ်လေ့ရှိ၏။ ကလေးသူငယ်များနှင့် ကြော်ငြာရိုက်ခြင်းဆိုင်ရာ ကန့်သတ်မှုများထားခြင်း စသည်ဖြင့် ထိန်းသိမ်းကြလေ့ရှိပါသည်။

ထို့ပြင် ရုပ်ရှင်ဇာတ်လမ်းများတွင် လူမှုဆိုင်ရာခွဲခြားမှု၊ အချို့သော လူမှုရေးခွဲခြား သရော်လှောင်ပြောင်မှုတို့ကို သတိထား ရိုက်ကူးကြရပါသည်။ မသန်စွမ်းမှုသည် ဟာသမဟုတ်။ အသားအရောင်ကွဲပြားမှုသည် ရယ်စရာမဟုတ်။ အမျိုးသားဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ၊ အမျိုးသား မဟုတ် အမျိုးသမီး မဟုတ် ဖြစ်စေ သရော်လှောင်ပြောင်စရာမဟုတ်။ ထို့အတူပင် အချို့သော ခွဲခြားပုံဖော်မှုများကို သတိထား တင်ပြရသည်တို့လည်း ရှိ၏။ ဆရာဝန်၏ ပုံရိပ်၊ သဘော်အရာရှိများ၏ ပုံရိပ်၊ ကဗျာဆရာ၏ ပုံရိပ်၊ သတင်းသမား၏ ပုံရိပ်၊ ရဲ၏ ပုံရိပ် အစရှိသည်...။

လူတို့သည် မိမိတို့ တွေ့ကြုံဆုံဖူးသည်တို့အပေါ် ယေဘုယျပြုကာ မည်သည့် ဆရာဝန်မဆို၊ မည်သည့် ကဗျာဆရာမဆို သည်လိုချည်းသာပဲ စသည်ဖြင့် သတ်မှတ်လေ့ရှိသည်ဖြစ်ရာ ထိုထင်မြင်ယူဆချက်တို့ကို ရုပ်ရှင်များက ပိုမိုစွဲမြဲသွားစေအောင် လွှမ်းမိုးနိုင်သည်ကို သတိထားကြရ၏။

ထို့အတူ အချို့သော လူမှုရေးဆိုင်ရာတို့တွင် အသားအရောင်ခွဲခြားခြင်းမျိုး၊ လူမျိုးရေးခွဲခြားခြင်းမျိုးကို အထူးသတိထားကြရ၏။

ရုပ်ရှင်ဟူသည် ရှိဖူးသော အတွေ့အကြုံခံစားချက်တို့အပေါ် မူတည်ကာ ဖွဲ့နွဲ့ရိုက်ကူးကြသည်ဖြစ်သောကြောင့် သည်လိုသတ်မှတ်ပုံဖော်မှုများက ရှိနေသည်မှာ မထူးဆန်းပါ။ သို့သော်လည်း ရုပ်ရှင်လောကအတွင်းက အမျိုးမျိုးသော ပညာသည်တို့သည် လည်းကောင်း၊ ရုပ်ရှင်ဝေဖန်သူတို့သည် လည်းကောင်း၊ သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းတို့သည် လည်းကောင်း အထူးသတိထားကာ ဝိုင်းဝန်းထိန်းကွပ်ကြရသည်လည်း ရှိပါသည်။

နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အနုပညာ အတတ်ပညာ မြင့်မားလာမှုသာမက ကျင့်ဝတ်သိက္ခာဆိုင်ရာ ရင့်ကျက်လာမှုတို့ကလည်း နှစ် ၁၀၀ ခရီးကို ဖြတ်သန်းခဲ့ပြီးဖြစ်သော မြန်မာ့ရုပ်ရှင် ပိုမိုတိုးတက်မြင့်မားလာရေးအတွက် အရေးပါသည့် လိုအပ်ချက်အဖြစ် ရှိနေလိမ့်မည်ဟု ယုံကြည်မိပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၂) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၃) တရားဥပဒေစိုးမိုးရေး၊ မှန်ကန်သည့်တရားစီရင်ရေးနှင့် နိုင်ငံသားများဘေးကင်းလုံခြုံရေးတို့အတွက် တိုင်းရင်းသားအားလုံး၏ စုပေါင်းအင်အားဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၄) မူးယစ်ဆေးဝါးအန္တရာယ်ကို အမျိုးသားရေးတာဝန်အဖြစ် ကြိုတင်တားဆီးကာကွယ်ခြင်းဖြင့် ပြည်သူများ၏ လူမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး။

(၅) စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနှင့်ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး။

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် ဇန်နဝါရီ ၂၄

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုး/ဇလ

**အသီးတစ်ရာ အညှာတစ်ခု ဒို့ညီနောင်ထု ဒို့တည်ထောင်မှု ဒို့ပြည်ထောင်စု။**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လူရည်ချွန်မောင်မယ်များက ကလေးစာပေပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

## တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင် ကလေးစာပေပွဲတော်(ရေကြည်)ဖွင့်ပွဲ တက်ရောက်

ရေကြည် ဇန်နဝါရီ ၂၄

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကလေးစာပေပွဲတော်(ရေကြည်) စာအုပ်စာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရေကြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လူရည်ချွန်မောင်မယ်များက ကလေးစာပေပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျောင်းရှိ တေဇာသီရိခန်းမအတွင်း ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က ကလေးငယ်များကို ငယ်စဉ်ကပင် စာအုပ်စာပေနှင့်ထိတွေ့မွေ့လျော်ရန်၊ ယခုလိုပွဲတော်များတွင် ပါဝင်ဆင်နွှဲခဲ့သည်များကို အမှတ်ရနေစေရန်၊ ကလေးများအား နိုင်ငံအတွက် အားထားရသည့် သားကောင်းသမီးမွန်များဖြစ်ရန်နှင့် လုပသည့်ဘဝများဖြစ်လာစေရန်ရည်ရွယ်၍ ကလေးစာပေပွဲတော်များကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဖွင့်ပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများသည် ပြိုင်ပွဲ၊ ပြခန်းများ ကျင်းပရာသို့ သွားရောက်၍ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**နေဝင်း(ပြန်/ဆက်)**
**ဓာတ်ပုံ-စိုးမင်းဦး**

## မလှိုင်မြို့ လှိုင်သာယာပန်းခြံကို အများပြည်သူ အပန်းဖြေအနားယူနိုင်ရန် အဆင့်မြှင့်တင်သွားမည်

မလှိုင် ဇန်နဝါရီ ၂၄

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ မိတ္ထီလာ - မြင်းခြံသွား ကားလမ်းမဘေးရှိ လှိုင်သာယာပန်းခြံကို အများပြည်သူ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အပန်းဖြေအနားယူနိုင်ရန်အတွက် ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါ ပန်းခြံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ငွေကျပ်သိန်း ၁၁၄၀ ဖြင့် တင်ဒါအောင်မြင်ခဲ့သော သူနိုင်အောင် စီးပွားရေးလုပ်ငန်းစုမှ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ပန်းခြံအတွင်း အများပြည်သူ စိတ်ချမ်းမြေ့ပျော်ရွှင်စွာဖြင့် အပန်းဖြေ အနားယူနိုင်ရန်အတွက် ရေပန်းဥယျာဉ်၊ ပန်းဥယျာဉ်နှင့် ပန်းပျိုးပင်အရောင်းဆိုင်များ၊ စားသောက်ဆိုင်များ ထားရှိဖွင့်လှစ်သွားမည်ဖြစ်သည်။ အားကစားခန်းမတစ်ခုပါရှိပြီး ကျန်းမာရေးလိုက်စားလိုသူများအတွက် အဆင့်မြင့် Body Fitness Center ၊ ဖူဆယ်ဘောလုံးကွင်းနှင့် အားကစားပစ္စည်းမျိုးစုံ အရောင်းဆိုင်များထားရှိ၍ ဝင်ကြေးကောက်ခံခြင်းမပြုဘဲ ဖွင့်လှစ်သွားမည်ဖြစ်သည်။ ထို့အပြင် အဆင့်မြင့်သန့်စင်ခန်းများကိုပါ ထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

● ရှေ့ဖုံးမှ

ထို့ပြင် ရဲစခန်း၊ ရဲအချုပ်စခန်း၊ ရဲဘက်စခန်းနှင့် အကျဉ်းစခန်း၊ အကျဉ်းထောင်များ၊ ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို စနစ်တကျ ကြည့်ရှုစစ်ဆေးသွားရန် လိုအပ်ပါကြောင်း။

### အပြန်အလှန်ဆက်နွှယ်နေ

လူ့အခွင့်အရေး၏ ထူးခြားသော ဝိသေသများမှာ တစ်ကမ္ဘာလုံးရှိ လူသားအားလုံးနှင့် သက်ဆိုင်သည့် အခွင့်အရေးဖြစ်ပါကြောင်း၊ တစ်ဦးမှတစ်ဦးမလွှဲပြောင်းနိုင်သည့် အခွင့်အရေးဖြစ်ပါကြောင်း၊ အမျိုးသား၊ အမျိုးသမီး၊ အသားအရောင်၊ လူမျိုးဟူ၍ မခွဲခြားနိုင်သည့် အခွင့်အရေးဖြစ်ပါကြောင်း၊ အပြန်အလှန်ဆက်နွှယ်နေသော အခွင့်အရေး ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦးအမှီသဟဲပြုနေသည့် အခွင့်အရေးလည်း ဖြစ်ပါကြောင်း။

လူ့အခွင့်အရေးသည် ယခုနိုင်ငံတော်က တည်ဆောက်နေသည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနှင့်လည်း ဆက်စပ်နေပါကြောင်း၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးသည် သုံးပွင့်ဆိုင် ချိတ်ဆက်နေပါကြောင်း၊ တစ်ခုချိုးဖောက်ခံရပါက အခြားနှစ်ခုပါ ချိုးဖောက်ခံရခြင်းဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်နိုင်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းအားဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေးတို့ပါ ကျွဲကူးရေပါ အလိုလိုထိန်းသိမ်းစောင့်ရှောက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လူ့အခွင့်အရေးကို အထူးဂရုစိုက် ထိန်းသိမ်းပေးစေလိုပါကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်က ကော်မရှင်အနေဖြင့် လူ့အခွင့်အရေးနှင့်ပတ်သက်၍ မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ အဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာသန်းမြင့်၊ ဦးကျော်မြင့်၊ ဒေါက်တာ တင်မောင်မောင်သန်းနှင့် ဦးပေါ်လွင်စိန်တို့က ကဏ္ဍအလိုက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### အသိပညာပေးဆောင်ရွက်ရန်လို

နိုင်ငံတော်သမ္မတက တင်ပြချက်များအပေါ် ကော်မရှင်၏ လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်နက်ရှိုင်းပါကြောင်း၊ ပြည်သူပြည်သားများ ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်လိုက်နာစေရန် အသိပညာပေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကို အဆင့်ဆင့်တိုးတက်ပြောင်းလဲလာရန်၊ နိုင်ငံသူနိုင်ငံသားများ၏ အခွင့်အရေးများကို ရရှိခံစားနိုင်ရေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးမင်းသူ၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာဟ္မွန်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုး၊ ဒေါက်တာ သန်းမြင့်၊ ဒေါ်နုနုယဉ်၊ ဒေါက်တာ တင်မောင်မောင်သန်း၊ ဒေါက်တာမြင့်သူမြိုင်၊ ဦးတင်အောင်၊ ဒေါ်တင်ကြည်ဦးနှင့် ဦးကျော်မြင့်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၃၅၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း ၁၅၀၀ ကျော် ဖန်တီးပေးနိုင်မည့်လုပ်ငန်းများ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ခုနစ်ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် ရင်းနှီးမြှုပ်နှံမည့် ၃၅၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သော LNG စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအပါအဝင် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ အိမ်ရာအဆောက်အဦ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ၊ စက်မှုကဏ္ဍနှင့် အခြားကဏ္ဍတို့မှ လုပ်ငန်း ရှစ်ခု ခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၉၄ ဒသမ ၀၉၅ သန်းနှင့် ငွေကျပ် သန်း ၁၅၂၂၀ ရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၁၅၈၇ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

### ရင်းနှီးမြှုပ်နှံထား

၂၀၁၉ ခုနှစ် ဒီဇင်ဘာလကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်သည်။ နိုင်ငံပေါင်း ၅၀ မှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၀၀ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၅ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၀၇ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုစိတ်ဓာတ် အရင်းခံ၍ အောင်မြင်သည်အထိ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရေး။

## နေပြည်တော် ရေပန်းဥယျာဉ်၌ ပထမဦးဆုံးပန်းပွဲတော် ကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၄**

နေပြည်တော်ရှိ ရေပန်းဥယျာဉ်၌ ပထမဦးဆုံး ပန်းပွဲတော်ကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ဆိုင်ကယ်ချစ်သူများ တွေ့ဆုံပွဲ (1st Naypyitaw Bike Week 2019) ကိုလည်း နေပြည်တော်ရှိ ရေပန်းဥယျာဉ်၌ ပထမဆုံး ကျင်းပခဲ့ပြီးဖြစ်သည်။ ပထမဦးဆုံးကျင်းပပြုလုပ်မည့် ပန်းပွဲတော်အတွင်းပြသသွားမည့် ပန်းအများစုသည် ထိုင်းနိုင်ငံမှ မှာယူထားခြင်းဖြစ်ပြီး မြန်မာ့အလှလှည်းယဉ်နှင့် ရှေးဟောင်းကားတို့ဖြင့် ဆင်ယင်၍ ပြသသွားမည်ဖြစ် ကြောင်း ပွဲတော်တာဝန်ယူစီစဉ်သည့် စန်းမြတ်ထွန်း ကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။ အဆိုပါပန်းပွဲတော်ကို ဖေဖော်ဝါရီ ၇ ရက်မှ မတ် ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်နန်နေဒ်(MNA)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၉၇) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၉၇) ရဲသူရတပ်ခွဲသင်တန်းဆင်းပွဲ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၉၇) ရဲသူရတပ်ခွဲသင်တန်း ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

### ဆုများချီးမြှင့်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူကာ သင်တန်းဆင်း တပ်ခွဲအား စစ်ဆေးခဲ့ပြီး ဒုတိယရဲအုပ်လောင်းများက အနေ့လျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အကောင်းဆုံးကျောင်းသားဆုရ ဒုတိယရဲအုပ်လောင်း ကောင်းမြတ်ဝင်း၊ လေ့ကျင့်ရေး ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း နေမျိုးဟိန်း၊ ဥပဒေဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝေဖြိုးအောင် (၁)၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ညဏ်လင်းအောင်၊ အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ငြိမ်းချမ်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တပ်ဖွဲ့နှင့် ဌာနအတွက် ယုံကြည်အားကိုးရသည့် အရာရှိကောင်းများအဖြစ် ခေါင်းဆောင်မှုအရည်အသွေးကို ကောင်းစွာသိရှိနားလည်ပြီး တပ်ဖွဲ့ဝင်များအပေါ် စံနမူနာပြုဖြစ်နေရုံသာမက အသိပညာ၊ အတတ်ပညာများနှင့်ပြည့်စုံ၍ ကောင်းမွန်သော အတွေးအခေါ်၊ မှန်ကန်သည့် ခေါင်းဆောင်မှု၊ ဥပဒေနှင့်ညီညွတ်သောအမိန့်၊ မျှတသော ဆုံးဖြတ်ချက်များဖြင့် မိမိကွပ်ကဲရသည့် တပ်ဖွဲ့ကို တိုးတက်မှုရရှိအောင် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိတ်ရင်းစေတနာကောင်းမွန်ခြင်း၊ ဗဟုသုတပြည့်စုံကာ တိကျသေချာခြင်း၊ လက်အောက် ငယ်သားများထက် ပိုမိုအနစ်နာခံခြင်း၊ ကိုယ်ချင်းစာစိတ်ရှိခြင်း၊ ဆင်ခြင်တုံတရားနှင့် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်ခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများ နှံ့စပ်ကျွမ်းကျင်ခြင်း၊ လူ့သဘောသဘာဝကို သိရှိနားလည်ခြင်းစသည့် အရည်အချင်းများဖြင့် တော်တည့်မှန်ကန်စွာ ဦးဆောင်မှုများ ပေးသွားရမည့်အပြင် အရေးပေါ်အခြေအနေများတွင် ဇွဲ၊ လုံ့လ၊ ဝီရိယရှိရှိဖြင့် ခေါင်းဆောင်ကောင်းပီသစွာ ကွပ်ကဲနိုင်စွမ်းရှိရမည် ဖြစ်ကြောင်း။

### နယ်စပ်လုံခြုံရေး အထူးဂရုပြု

လေ့ကျင့် သင်ကြားပေးလိုက်သည့် သင်ခန်းစာဘာသာရပ်များကို အခြေခံ၍ လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ကြုံတွေ့လာမည့် အတွေ့အကြုံများအား မိမိကိုယ်ပိုင်အရည်အချင်း ထိုးထွင်းဉာဏ်တို့ဖြင့် ပေါင်းစပ်ကာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တိုးတက်ပြောင်းလဲနေသည့် မျက်မှောက်ခေတ်ကာလတွင် ပြည်သူတို့ဘဝ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူက အားကိုးသည့် ခေတ်မီရဲတပ်ဖွဲ့ကြီးဖြစ်အောင် ရည်မှန်းချက်တာဝန် (၄)ရပ် ချမှတ်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ အခက်အခဲ၊ စိန်ခေါ်မှုအသစ်များကို အမြဲမပြတ် ထိတွေ့နေရမည်ဖြစ်သဖြင့် အစဉ်သတိပြု၍ အသင့်ဖြစ်နေအောင် စီမံဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ ပြည်တွင်းလုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် အစိုးရ၏ မူဝါဒများနှင့်အညီ ပြည်သူနှင့်အတူ လက်တွဲပြီး ထိရောက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ရမည့်အပြင် နယ်စပ်လုံခြုံရေးကိုလည်း အထူးဂရုပြု ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

### ဂုဏ်သိက္ခာကို မြှင့်တင်

အကောင်းအဆိုးများကို ဝေဖန်ပိုင်းခြား အထောက်အကူပြုပေးနိုင်သည့် သုတ၊ ရသ စာပေများကို ဖတ်ရှုလေ့လာ၍ ရရှိသည့် အသိအမြင်၊ အတွေးအခေါ်များဖြင့် စိတ်ဓာတ်၊ ခံယူချက်၊ စည်းကမ်းများမြှင့်တက်လာစေကာ မိမိတပ်ဖွဲ့အား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ခေတ်ကာလနှင့် လျော်ညီသည့် အမြင်မျိုး ရရှိလာမည်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တနှင့်တကွ ကိုယ်ကျင့်တရား ကောင်းမွန်အောင် ထိန်းသိမ်းပြီး မိမိတို့ ဦးထိပ်ပန်ဆင်ထားသည့် "သစ္စာ၊ သမာဓိ၊ သတ္တိ" ဆောင်ပုဒ်နှင့်အညီ ပေးအပ်ထားသောတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရင်း မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ပြည်သူ့အကျိုးကို ရဲရင့်တည်ကြည် ဖြောင့်မတ်မှန်ကန်စွာ ကာကွယ်စောင့်ရှောက်ရင်း တပ်ဖွဲ့၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်အောင် ကြိုးပမ်း နေထိုင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၏ ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ဒုတိယ ရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ ရဲအရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေးကျောင်း ကျောင်းအုပ်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆင်းအရာရှိလောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြပြီး အဆိုပါ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၉၇) ရဲသူရတပ်ခွဲတွင် တပ်တွင်းဘွဲ့ရ အမျိုးသား ၃၀၁ ဦး၊ အကျဉ်းဦးစီးဌာနမှ လက်ထောက် ကြီးကြပ်ရေးမှူး အဆင့် (၁) အမျိုးသား ရှစ်ဦး၊ စုစုပေါင်း ၃၀၉ ဦးတို့ တက်ရောက်သင်တန်းဆင်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# ပြည်ထောင်စု၏ အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေးအထောက်အကူပြုဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းစည်းဝေး



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ပြည်ထောင်စု၏ အခွန်ဘဏ္ဍာငွေ တိုးတက်ရရှိရေး အထောက်အကူပြုဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၄**

ပြည်ထောင်စု၏ အခွန်ဘဏ္ဍာငွေ တိုးတက်ရရှိရေး အထောက်အကူပြု ဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ ကျင်းပသည်။

အစည်းအဝေးတွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက အခွန်ကောက်ခံမှု လုပ်ငန်းစဉ်များ ထိရောက်အောင်မြင်စေရေးအတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးသဖြင့် ဒေသဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုသည် အထူး လိုအပ်ပါကြောင်း၊ ပြည်ထောင်စုက ကောက်ခံရရှိသည့် အခွန်ရငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် နှုန်းထားများအတိုင်း တိုင်းဒေသကြီး/ပြည်နယ်များသို့ အခွန်ဝေစုကိုနှစ်စဉ် လွှဲပြောင်းပေးအပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် အခွန်ရငွေများ ပြည့်ပြည့်ဝဝ ကောက်ခံရရှိမှသာ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း။

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် လုပ်ဆောင်နေကြောင်း၊ ယနေ့ ခေတ်ကာလသည် နည်းပညာမြင့်မားလာသည်နှင့်အညီ အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စေရန် online စနစ်ဖြင့် အခွန်ပေးဆောင်နိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အခွန်ကောက်ခံနေသည့် ဝန်ထမ်းများအနေဖြင့် ပြဋ္ဌာန်းထားသော အခွန်ဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ ပြည့်ပြည့်ဝဝ ကောက်ခံရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ပြောင်းလဲနေသော စီးပွားရေး အခြေအနေများနှင့်အညီ အခွန်ဆိုင်ရာ ဥပဒေများကိုလည်း ပြင်ဆင်ရေးဆွဲလျက်ရှိပြီး စွမ်းရည်ပြည့်ဝသည့် အခွန်စီမံခန့်ခွဲမှုစနစ်တစ်ရပ် ပေါ်ထွန်းလာရေးကို အစဉ်တစိုက် ဆောင်ရွက်နေပါကြောင်း၊ အခွန်ရငွေများ အပြည့်အဝ ကောက်ခံရရှိရေးတွင် ကြုံတွေ့ရသည့် အခက်အခဲများကို အကြံပြုဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရေးဝန်ကြီးများက မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် တွေ့ကြုံရသည့် အခက်အခဲများနှင့် ပေါင်းစပ်ညှိနှိုင်းရန်လိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။ ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် သက်ဆိုင်ရာ ဌာနအကြီးအကဲများက ရှင်းလင်းဝိုင်းဝန်း ဆွေးနွေးဖြေကြားပေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်ထောင်စု၏ အခွန်ဘဏ္ဍာငွေ တိုးတက်ရရှိရေး အထောက်အကူပြု ဦးစီးကော်မတီကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးများနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ဖွဲ့စည်းထားခြင်းဖြစ်သည်။

အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်၊ ဒေါက်တာ မင်းရဲပိုင်ဟိန်း၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ ပြည်တွင်း အခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Yangon Amata Smart and Eco City စီမံကိန်းအတွက် စာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

Yangon Amata Smart and Eco City စီမံကိန်းအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Amata Asia (Myanmar) Limited တို့အကြား ဖက်စပ်လုပ်ငန်း သဘောတူစာချုပ်နှင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Yangon Amata Smart and Eco City Limited တို့အကြား မြေငှားစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပသည်။



အခမ်းအနားတွင် Yangon Amata Smart and Eco City စီမံကိန်း၏ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Amata Corporation တို့ ဖက်စပ်စနစ်ဖြင့် ပူးပေါင်း၍ Yangon Amata Smart and Eco City စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းသည် နှစ်နိုင်ငံအကြား ကောင်းမွန်သော ပူးပေါင်း ဆောင်ရွက်မှုတစ်ခုဖြစ်သည်ဟု ပြောကြားလိုပါကြောင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများလည်း ဝင်ရောက်လာမည်ဖြစ်သည့်အတွက် နိုင်ငံ၏ စက်မှုကဏ္ဍ၊ နိုင်ငံခြား ပို့ကုန်ကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ကဏ္ဍ မြှင့်တင်ပေးနိုင်ပြီး လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် ကြီးမားသောအထောက်အပံ့များ ဖြစ်စေမည်ဟု မျှော်လင့်ပါကြောင်း။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ Amata Corporation တို့ အတူတကွ ပူးပေါင်းမှုဖြင့် ခေတ်မီသော စက်မှုမြို့တော်ဖြစ်ထွန်းလာစေရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း၊ Yangon Amata Smart and Eco City စီမံကိန်းမှတစ်ဆင့် စက်မှုဇုန်စီမံကိန်းများ၊ အခြေခံအဆောက်အအုံကောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့်အတူ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စသည့် ကြီးမားသော အထောက်အပံ့များ ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး မစ္စစ် ဆူဖက်သရာ ဆီမိုင်းသရီဖိတ်တပ်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် ထိုင်းနိုင်ငံ Amata Corporation Public Company Limited ဥက္ကဋ္ဌ Mr. Vikrom Kromadit တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် Yangon Amata Smart and Eco City Limited ၏ မန်နေဂျင်းဒါရိုက်တာ Mr. Yasuo Tsutsui က စီမံကိန်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရှေ့မှောက်၌ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင်၊ Amata Asia(Myanmar) Limited မှ ဒါရိုက်တာ Mr. Aukkares Choochouy နှင့် Ms. Dendao Komolmas တို့က မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Amata Asia(Myanmar) Limited တို့အကြား ဖက်စပ်လုပ်ငန်း သဘောတူစာချုပ်ကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးမင်းထိန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင်၊ Yangon Amata Smart and Eco City Limited ၏ မန်နေဂျင်းဒါရိုက်တာ Mr. Yasuo Tsutsui နှင့် Amata Corporation Public Company Limited မှ Chief Investment Officer, Ms. Ng Choon Soon တို့က မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် Yangon Amata Smart and Eco City Limited တို့အကြား မြေငှားစာချုပ်ကိုလည်းကောင်း အပြန်အလှန် လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ (ဓာတ်ပုံ)

ထို့နောက် Yangon Amata Smart and Eco City Limited နှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများက စီမံကိန်းနှင့် ဆက်စပ်သည့် မူဘောင်သဘောတူညီချက် စာချုပ်များကို လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးကျော်လင်း၊ လွှတ်တော်ကိုယ်စားလှယ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့် Amata Corporation Public Company Limited မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတကာအဆင့်မီ Yangon Amata Smart and Eco City စီမံကိန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လေးထောင့်ကန်ကျေးရွာအနီးရှိ မြေဧက ၂၀၀၀ ပေါ်တွင် စက်မှုဇုန် တည်ဆောက်ခြင်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်း ၃၃၀၀၀ အထိ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေသူများ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကလေးကျန်းမာပညာအဖွဲ့နှင့် အင်္ဂလန်နိုင်ငံ တော်ဝင်ကလေးကျန်းမာပညာ အဖွဲ့မှပညာရှင်များ ပူးပေါင်း၍ ကလေးသူငယ် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အနာဂတ်ဖြစ်သော ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ကင်းဝေးကာ ကျန်းမာဖွံ့ဖြိုးစေရေးအတွက် ယခုပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် အရေးကြီးပါကြောင်း၊ မိမိတို့ နိုင်ငံတွင် နေရာဒေသအလိုက်၊ အသက်အရွယ်အုပ်စုအလိုက် အဆိုပါ ပြဿနာများ ဖြစ်ပွားမှု မြေပြင်အခြေအနေများ၊ အဆိုပါ ပြဿနာဖြစ်ပွားစေသည့် နောက်ခံ အကြောင်းအရာများ၊ ဖြစ်ပွားမှုများ၏ အတိမ်အနက်များကို ပိုမိုတိကျစွာ သိရှိနိုင်ရေးအတွက် စစ်တမ်းကောက်ယူမှုများနှင့် အသုံးချသုတေသနပြုလုပ်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ထိုသို့ စနစ်တကျ သုတေသနစစ်တမ်းဆောင်ရွက်ခြင်းမှ ရရှိလာသည့် အချက်အလက်များကို အခြေခံ၍ နေရာဒေသအလိုက် အသင့်တော်ဆုံးသော လက်တွေ့ကျသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း မဟာဗျူဟာနှင့် လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ အကြမ်းဖက်ခံရမှုကိစ္စရပ်များကို ပြည်သူများမှ သိရှိနားလည်ကာ အိမ်နီးနားချင်းများ အချင်းချင်း အပြန်အလှန် ထိန်းကျောင်းပေးခြင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးအကြောင်းအရာ သတင်းစကားများဖြန့်ဝေခြင်းနှင့် ကလေးသူငယ် အကြမ်းဖက်ခံရမှုဖြစ်စဉ်များကို အသိပေးတိုင်ကြားခြင်းတို့ကို ပါဝင်ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများတွင် ကလေးသူငယ်များ အကြမ်းဖက်ခံရမှုနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အကြောင်းအရာများကို သတိပြုအလေးထားမိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ Mobile Tablet များကို အသုံးပြုကာ အခြေခံ ကျန်းမာရေးဝန်ထမ်း ပညာရှင်များမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးသွားနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်နေသူများ၏ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပိုမိုထိရောက်စေရန်နှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် ရည်ရွယ်ပါကြောင်း၊ နိုင်ငံတကာအတွေ့အကြုံများ၊ အတွေးသစ်အမြင်သစ်များကို မျှဝေရရှိရန်လည်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ပြဋ္ဌာန်းပြီးဖြစ်ရာ ကလေးသူငယ်အခွင့်အရေးများကို ဖော်ဆောင်ရာတွင် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိဘများနှင့် မိသားစုဝင်များ၏ ကဏ္ဍသည် အခြေခံကျပါကြောင်း၊ ကလေးများ၏ အသက်အလိုက် ဖွံ့ဖြိုးတိုးတက်မှုကို စောင့်ကြည့်အကဲဖြတ်၍ လိုအပ်သော အချိန်တွင် ကျွမ်းကျင်သူများ၏ အကူအညီကို ရယူနိုင်သော ရှေးဦးအရွယ် ကလေးသူငယ် တိုင်းတာစစ်ဆေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစီမံကိန်း (Early Childhood Intervention – ECI) ကို ဆောင်ရွက်လျက်ရှိပါကြောင်း။




ကလေးဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ရပ်ရွာကပါဝင်ရန် လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှု စနစ်သည် တစ်နိုင်ငံလုံးကို လွှမ်းခြုံမှုမရှိသေးသော်လည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ အမိကဝန်ဆောင်မှုပေးသော ကျန်းမာရေး၊ ပညာရေး၊ တရားရေး၊ ဥပဒေရေးရာနှင့် ဒေသဆိုင်ရာ အုပ်ချုပ်မှု အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အကောင်းဆုံး လုပ်နည်းလုပ်ဟန်များကို ပူးပေါင်းဆောင်ရွက်နိုင်ရန် ဤအလုပ်ရုံဆွေးနွေးပွဲက အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊ ကလေးသူငယ်များအပေါ် လက်နက်ကိုင် ပဋိပက္ခအတွင်း သေကျေထိခိုက် ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှု လိုအပ်ကြောင်း၊ ဥပဒေနှင့် ငြိစွန်းသောသူ၊ ဆေးစွဲသော ကလေးသူငယ်များ စသည်တို့ကို ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာအတွေ့အကြုံများကို ဖလှယ်ရန်ဖြစ်ကြောင်း၊ ဒီမိုကရေစီ အကူးအပြောင်းတွင် ပြည်သူများပါဝင်သည့် အင်အားကို ရယူပြီး ကလေးများ၏ အကောင်းဆုံး ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်မှသာ အနာဂတ်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် UK Team မှ Dr. Jean Bowyer, Fellow of Royal Colleage of Pediatrics and Child Health (RCPCH, Counsultant for Myan– mar) နှင့် UNICEF Myanmar မှ Ms.Noriko Izomi, Chief of Child Protection တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် UK Team မှ Child Protection Specialist Dr.Nesbitt က ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုများ၊ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်၊ ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ တိုင်းတာစစ်ဆေးခြင်း အခြေအနေ၊ Myanmar Pediatric Society မှ အကြမ်းဖက်ခံရသော ကလေးသူငယ်များအား ပြုစုကုသမှုပေးသည့် လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ ကုသရေးဦးစီးဌာနမှ ဆောင်ရွက်နေသော ဆေးလူမှုဆက်ဆံရေး လုပ်ငန်းများအား ဆွေးနွေးခြင်းနှင့် UNICEF မှ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးမူဝါဒ ရေးဆွဲဆောင်ရွက်နေမှုအား ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးဦးစိုးအောင်၊ UK Team မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကလေးကျန်းမာရေးအဖွဲ့ တာဝန်ရှိသူများ၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဆေးလူမှုဆက်ဆံရေး အရာရှိများ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်နေသူများ၊ Case Manager များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကလေးသူငယ်အရေး တက်ကြွစွာ ဆောင်ရွက်နေကြသော ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကလေးသူငယ်ဆိုင်ရာ ပညာရှင်များနှင့် UNICEF အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုနေ့ဆိုသည်မှာ

မောင်သောင်းဝင်း (တမန်ဟောင်း)

ရာသီဥတုသာယာလှသည့် ဖေဖော်ဝါရီလသည် မြန်မာနိုင်ငံအတွက်ထူးခြားသော မှတ်တိုင်များ ရှိသည်။ မြန်မာ့လွတ်လပ်ရေးအတွက် အသက်တမျှအရေးပါသော တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထင်ဟပ်စေသော ပင်လုံစာချုပ်ကြီးကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည်။ အထူးသဖြင့် ထိုစာချုပ်ကြီးလက်မှတ်ရေးထိုးနိုင်ရေးနှင့် မြန်မာ့လွတ်လပ်ရေးကြီး ပြန်လည်ရရှိအောင် ဦးဆောင်ကြိုးပမ်းခဲ့သည့် လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီးနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးကိုလည်း ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင်မွေးဖွားခဲ့သည်။ ထိုသို့ ပင်လုံစာချုပ်ကြီး လက်မှတ်ရေးထိုးခဲ့သည့် ပြည်ထောင်စုနေ့နှင့် လွတ်လပ်ရေးဗိသုကာကြီး၏ မွေးနေ့ကိုမူ တချို့သော ပြည်သူများနှင့် လူငယ်များက မေ့လျော့နေတတ်ကြသည်။ စိတ်မကောင်းစရာပင် ဖြစ်သည်။

### ကြိုးပမ်းခဲ့ရ

စင်စစ်အားဖြင့် မြန်မာနိုင်ငံသည် ရှေးမြန်မာမင်းများ လက်ထက် ခေတ်အဆက်ဆက်တွင် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်၌ ဝင့်ထည်စွာရပ်တည်နိုင်ခဲ့သည်။ သို့ရာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် ထီးကျိုးစည်ပေါက် တစ်နိုင်ငံလုံးသူ့ကျွန်ဘဝရောက်ခဲ့ရသည်။ ထိုစဉ်က တိုင်းရင်းသားညီအစ်ကိုများသည် ရရာလက်နက်စွဲကိုင်၍ နယ်ချဲ့တို့ကို တိုက်ထုတ်ခဲ့သော်လည်း အားမတန်၍ မာန်လျှော့ခဲ့ကြရသည်။ သူ့ကျွန်ဘဝတွင် နှစ်ပေါင်း ၁၂၀ ကျော်နေခဲ့ရသည်။

သို့သော် ဒုတိယကမ္ဘာစစ်ကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် "အင်္ဂလိပ်အခက် – ဗမာအချက်" ဟု ဆိုကာ အခြေအနေနှင့် အချိန်အခါအရ ဖက်ဆစ်တို့နှင့် ပူးပေါင်း၍ နယ်ချဲ့တို့ကို မောင်းထုတ်နိုင်ခဲ့သည်။ သို့ရာတွင် "ကျားကိုကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး" ဆိုသကဲ့သို့ ဖက်ဆစ်တို့သည် နယ်ချဲ့တို့ထက် ဆိုးလာကြသည်။ ပြည်သူများကို ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တို့ကို တိုက်ထုတ်ခဲ့ရပြန်သည်။

ဖက်ဆစ်တို့ကို မောင်းထုတ်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးချက်ချင်းမရခဲ့ပေ။ ဖက်ဆစ်ပြေးသည့်အချိန်တွင် နောက်တစ်ကြိမ်ပြန်ဝင်လာသော နယ်ချဲ့တို့က လွတ်လပ်ရေးပေးရန် အချိန်ဆွဲခဲ့ကြသည်။ တောင်တန်းနှင့် ပြည်မအားသွေးခွဲအုပ်ချုပ်မှု (Divide and Rule Policy) ဖြင့် ဆက်လက်စိုးမိုးခြယ်လှယ်ရန် ကြံစည်ခဲ့ကြသည်။ လွတ်လပ်ရေးမပေး၍ မရသည့်အခြေအနေတွင် တောင်တန်းနှင့် ပြည်မကို ခွဲခြား၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့ကြပြန်သည်။ မည်သို့ပင်ဆိုစေကာမူ ပင်လုံကို သက်သေတည်လိုက်သဖြင့် နယ်ချဲ့တို့သည် ၎င်းတို့၏ ပက်စက်သော အကြံအစည်ကို စွန့်လွှတ်ခဲ့ကြရသည်။

### တိုင်းရင်းသားအားလုံးကို ကိုယ်စားပြု

ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့လွတ်လပ်ရေးအတွက် ဗြိတိသျှအစိုးရနှင့် ဆွေးနွေးနိုင်ရန်အတွက် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် လန်ဒန်သို့ ထွက်ခွာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် နန်းရင်းဝန် အက်တလီဦးဆောင်သော ဗြိတိသျှ ကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးစဉ် တောင်တန်းဒေသပြည်နယ်များနှင့် ပြည်မတို့ ပူးပေါင်းလျက် ပြည်ထောင်စု ပုံသဏ္ဌာန်ဖြင့် လုံးဝလွတ်လပ်ရေးပေးရန် တိကျပြတ်သားစွာ တောင်းဆိုခဲ့သည်။

ထိုသို့ နှစ်ဖက်ဆွေးနွေးနေစဉ် "အောင်ဆန်းသည် ရှမ်းပြည်ကို ကိုယ်စားမပြု၊ ပြည်မမှ မြန်မာ ခေါင်းဆောင်တစ်ဦးသာဖြစ်သည်"ဟူသော ကြေးနန်းစာတစ်စောင်သည် ရှမ်းပြည်နယ်စော်ဘွားနှစ်ဦး အမည်ဖြင့် ဗြိတိသျှအစိုးရထံသို့ ရောက်ရှိလာခဲ့သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့သည် တိုင်းပြည်လွတ်လပ်ရေးအတွက် စိုးရိမ်ပူပန်ခဲ့ကြရသည်။ သို့သော် နှစ်ရက်အကြာတွင် ကြေးနန်းတစ်စောင် ထပ်ရောက်လာခဲ့သည်။ ထိုကြေးနန်းစာတွင် "ဗိုလ်ချုပ်အောင်ဆန်းသည် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသအားလုံးကို ကိုယ်စားပြုသော ခေါင်းဆောင်ဖြစ်ကြောင်း၊ တောင်တန်းဒေသမှ တိုင်းရင်းသားပြည်သူများအတွက် အရေးဆိုရန် အကြွင်းမဲ့ထောက်ခံကြောင်း၊ တောင်ကြီးမြို့၌ ကျင်းပသည့် လူထုအစည်းအဝေးကြီးက တစ်ခဲနက် ထောက်ခံဆုံးဖြတ်ကြောင်းနှင့် ပဒေသရာဇ် စနစ်အောက်မှ အလျင်အမြန် လွတ်မြောက်ရေးကို တောင်းဆိုကြောင်း" ဖြင့် တိကျပြတ်သားစွာ ဖော်ပြထားသည်။

ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးအတွက် အာမခံချက်ပေးသော အောင်ဆန်း – အက်တလီ စာချုပ်(Aung San– Attlee Agreement) ကို ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အက်တလီတို့က



ဝဲမှယာ – ဦးဖေခင်၊ ဘားနတ်လက်ဒဝစ် (မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီးရုံးအရာရှိ)၊ မစ္စတာ ဘော်တွမ်လေ၊ ဗိုလ်ချုပ်အောင်ဆန်း။

**"မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးအား လေ့လာကြည့်မည်ဆိုပါက ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာထိန်းသိမ်းထားနိုင်ခြင်း မရှိသော နိုင်ငံအချို့သည် ပြည်ပသြဇာလွှမ်းမိုးမှု အမျိုးမျိုးအကြားတွင် အချင်းချင်း သွေးကွဲလျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်နေရသည်။ ထိုသို့ သွေးကွဲလာပါက ပြည်တွင်းပဋိပက္ခများ၊ စစ်ပွဲများဖြစ်ပွား၍ အင်အားချည့်နဲ့ ယိမ်းယိုင်ပြိုကွဲသွားသည်ကို သင်ခန်းစာယူဖွယ် တွေ့မြင်နေရသည်။ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တိုင်းပြည်၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ တိုင်းရင်းသား ညီအစ်ကို၊ မောင်နှမများအကြား ကျဉ်းမြောင်းသည့် ဝါဒများနှင့် သံသယများကိုချေဖျက်၍ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ကာ ပြည်ထောင်စုကြီးအစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အားလုံးပါဝင်ကြိုးပမ်းသွားရန် လိုအပ်ပေသည်"**

လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုစာချုပ်တွင် တောင်တန်းဒေသများသည် ပြည်မကြီးနှင့် ပူးပေါင်းရန် သဘောတူပါက ပြည်မရော၊ တောင်တန်းဒေသများပါ လွတ်လပ်ရေးပေးမည်ဟု ပါရှိသည်။ ပရိယာယ်ဝေဝုစ်များလှသော နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးခါနီးတွင် တောင်တန်းဒေသများကို ချန်လှပ်ထားရန် ကြံရွယ်ခဲ့ကြသည်။

### သမိုင်းဝင်ပင်လုံစာချုပ်

မည်သို့ပင်ဆိုစေကာမူ ဗိုလ်ချုပ်အောင်ဆန်းသည် တောင်တန်းနှင့် ပြည်မအကြား ရေကိုသားလျှင် အကြားမထင်သကဲ့သို့ တစ်ဆက်တစ်စပ်တည်း စည်းလုံးပေးနိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်နေ့မှ စတင်၍ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ပင်လုံညီလာခံကြီး ကျင်းပခဲ့ရာ တိုင်းရင်းသား ခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် ဗိုလ်ချုပ်နှင့်အတူ ကချင်၊ ချင်း၊ ရှမ်း အမျိုးသားကိုယ်စားလှယ်ကြီး ၂၃ ဦးသည် သာတူညီမျှတလုံးတစည်းတည်းနေထိုင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့် ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည့် ပင်လုံစာချုပ် ချုပ်ဆိုခဲ့သော ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို **"ပြည်ထောင်စုနေ့"** အဖြစ် သတ်မှတ်ခဲ့သည်။ နှစ်စဉ် ထိုနေ့ထိုရက်ရောက်ရှိလျှင် နိုင်ငံတစ်ဝန်း၌ ပြည်ထောင်စုနေ့ အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် (၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ အခါသမယကြီး ကျရောက်တော့မည် ဖြစ်သည်။

### စည်းလုံးခြင်းသည်အင်အား

လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တိုင်းပြည်တည်ဆောက်ရေးတို့တွင် စုပေါင်းအားဖြင့် ကြိုးပမ်းအားထုတ်ရေးအတွက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် ည၊ ပင်လုံမြို့၌ ပြုလုပ်သည့် စော်ဘွားများ ထမင်းစားပွဲတွင် မြွက်ကြားခဲ့သည့် အချက်များအနက်မှ အချို့ကို ကောက်နုတ်ဖော်ပြရလျှင် **"တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ပူးပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"** ဟု တိုက်တွန်း ပြောကြားခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီးသည် တိုင်းရင်းသားညီအစ်ကိုများအကြား အပြန်အလှန် နားလည်ခွင့်လွှတ်မှု၊ ယုံကြည်မှုတို့ကို အခြေခံလျက် စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားကြရန် လိုအပ်ကြောင်းကို ထိုစဉ်ကတည်းက တိုက်တွန်းပြောကြားခဲ့သည်။ သို့သော် လက်ရှိအချိန်ထိ တိုင်းရင်းသားညီအစ်ကိုများအကြား စည်းလုံးညီညွတ်မှု ဖော်ဆောင်နိုင်ခြင်း မရှိသေးသဖြင့် တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ခြင်း မရှိနိုင်သေးသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာပင် ဖြစ်သည်။

**"စင်စစ်အားဖြင့် ပြည်ထောင်စုနေ့ဆိုသည်မှာ နယ်ချဲ့ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအကြား ရေကိုသားလျှင် အကြားမထင်သည့် ပေါင်းစည်းဆောင်ရွက်လိုသော စိတ်ဓာတ်ကိုပြသခဲ့သည့်နေ့၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေးအတွက် လွတ်လပ်ရေးဗိသုကာကြီးကိုယ်တိုင် အုတ်မြစ်ချခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တောင်တန်းပြည်မ ထာဝစဉ် ပေါင်းစည်းသွားရေးဆိုသည့် ပင်လုံစာချုပ်ကြီး ချုပ်ဆိုခဲ့သော သမိုင်းဝင်နေ့ထူး နေ့မြတ်ကြီးပင် ဖြစ်ပေသည်"**

### ပြည်ထောင်စုနေ့ဆိုသည်မှာ

"စိတ်ဓာတ်ဆိုသည်မှာ စိတ်ထား၊ သဘောထား၊ နှလုံးသွင်းပုံနှင့် စိတ်၏ အမူအကျင့်ဖြစ်သည်" ဟု မြန်မာ အဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်ကို လေ့လာမှတ်သားရသည်။ ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်တည်းဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဥမကွဲ၊ သိုက်မပျက် အေးအတူပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစည်းတလုံးတည်းသော စိတ်ဓာတ်ပင်ဖြစ်ပေသည်။

မျက်မှောက်ခေတ် ကမ္ဘာ့နိုင်ငံအသီးသီးအား လေ့လာကြည့်မည်ဆိုပါက ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မာစွာ ထိန်းသိမ်းထားနိုင်ခြင်းမရှိသော နိုင်ငံအချို့သည် ပြည်ပသြဇာလွှမ်းမိုးမှု အမျိုးမျိုးအကြားတွင် အချင်းချင်းသွေးကွဲလျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်နေရသည်။ ထိုသို့ သွေးကွဲလာပါက ပြည်တွင်းပဋိပက္ခများ၊ စစ်ပွဲများ ဖြစ်ပွား၍ အင်အားချည့်နဲ့ယိမ်းယိုင်ပြိုကွဲသွားသည်ကို သင်ခန်းစာယူဖွယ် တွေ့မြင်နေရသည်။ ထို့ကြောင့် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးသည် တိုင်းပြည်၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ၊ တိုင်းရင်းသားညီအစ်ကို၊ မောင်နှမများအကြား ကျဉ်းမြောင်းသည့် ဝါဒများနှင့် သံသယများကိုချေဖျက်၍ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ကာ ပြည်ထောင်စုကြီးအစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် အားလုံးပါဝင်ကြိုးပမ်းသွားရန် လိုအပ်ပေသည်။

ထို့အပြင် တိုင်းရင်းသားအချင်းချင်း တစ်ဦးအပေါ် တစ်ဦးထားရှိသော မေတ္တာတရား၊ သံယောဇဉ် တရား၊ သစ္စာစောင့်သိမှု တရားများမှ ဖြစ်ပေါ်လာသည့် ပြည်ထောင်စု စိတ်ဓာတ်ခိုင်မြဲသည်ထက် ပိုမိုခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင်လည်းကောင်း၊ ပြည်ထောင်စုစိတ်ဓာတ်၏ အခြေခံဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို တိုင်းရင်းသားအားလုံး၏ ယုံကြည်ချက်၊ ခံယူချက်တစ်ခုအနေဖြင့် မမိုတ်မသုန်စောင့်ထိန်းခံယူသွားကြရန် လိုအပ်လျက်ရှိသည်။ စင်စစ်အားဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့်သာ စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုတိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့်သာ ထာဝရ ငြိမ်းချမ်းရေးရရှိရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မည် ဖြစ်သည်။

စင်စစ်အားဖြင့် ပြည်ထောင်စုနေ့ဆိုသည်မှာ နယ်ချဲ့ကိုလိုနီလက်အောက်မှ လွတ်မြောက်ရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများအကြား ရေကိုသားလျှင် အကြားမထင်သည့် ပေါင်းစည်းဆောင်ရွက်လိုသော စိတ်ဓာတ်ကို ပြသခဲ့သည့်နေ့၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်သွားနိုင်ရေးအတွက် လွတ်လပ်ရေး ဗိသုကာကြီးကိုယ်တိုင် အုတ်မြစ်ချခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တောင်တန်းပြည် မ ထာဝစဉ်ပေါင်းစည်းသွားရေးဆိုသည့် ပင်လုံစာချုပ်ကြီး ချုပ်ဆိုခဲ့သော သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးပင် ဖြစ်ပေသည်။ ။

**● တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးကြောင်းနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေး အမြန်ရအောင် ဆောင်ရွက်ရာတွင်လည်း များစွာ အထောက်အကူပြုသည်ကို နောင်လာနောက်သားများ သိရှိစေရန်အတွက် ရည်ရွယ်၍ ကျင်းပရခြင်းလည်းဖြစ်**

◆ *ကျောဖုံးမှ*

ဒုတိယရဲချုပ်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ယနေ့အစည်းအဝေးသည် ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို အောင်အောင်မြင်မြင်ဖြင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပဆောင်ရွက်နိုင်ရန်အတွက် ဒုတိယအကြိမ် ပြုလုပ်သည့် အစည်းအဝေးဖြစ်ပါကြောင်း၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၁ ရက်နေ့တွင် **"၂၀၂၀ ပြည့်နှစ်၊ ( ၇၃) နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ "** ကို ဒုတိယသမ္မတအပါအဝင် အဖွဲ့ဝင် ၁၄ဦးဖြင့်လည်းကောင်း **"၂၀၂၀ ပြည့်နှစ်၊ ( ၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ"** ကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၁၉ ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

**ဆပ်ကော်မတီ ၁၄ ခုကို ဖွဲ့စည်း**

ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် **ဆပ်ကော်မတီ ၁၄ ခု**ကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် ၂၇ ချက် ချမှတ်ခဲ့ရာ ထိုဆုံးဖြတ်ချက်များကို စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီ ၁၄ ခုတို့က အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို တွေ့ရပါကြောင်း၊ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့်"(၇၂)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် အစည်းအဝေး" ဆုံးဖြတ်ချက် ၁၅ ချက်အပေါ် သေချာစွာသုံးသပ်၍ အလေးထားကာ အသေးစိတ် ပြုပြင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သို့မှသာ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံကောင်းမွန်လာကာ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်အောင်မြင်မြင် ကျင်းပသွားနိုင်မည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းတစ်ပါးနယ်ချဲ့လက်အောက်သို့ နှစ်ပေါင်းတစ်ရာကျော် ကျရောက်ခဲ့ရပြီး လွတ်လပ်ရေးပြန်လည်ရရှိရန်အတွက် အသက်၊ သွေး၊ ချွေးမြောက်မြားစွာ ပေးဆပ်၍ နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့ရပါကြောင်း၊ ထိုသို့ ကြိုးပမ်းရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက တောင်တန်းပြည်မ မခွဲခြားဘဲ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုစွမ်းပကားကို အခိုင်အမာ ဖော်ကျူးပြသသည့်အနေဖြင့် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပခဲ့ပြီး ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးကာ လွတ်လပ်ရေးကို အရယူခဲ့ပါကြောင်း။

ထိုကဲ့သို့ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းသည် တိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုကြောင့် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အဓိကသည် **ပြည်ထောင်စုစိတ်ဓာတ်**ပင် ဖြစ်ပါကြောင်း၊ " ပြည်ထောင်စုစိတ်ဓာတ် " ကို **စစ်မှန်သောမျိုးချစ်စိတ်ဓာတ်**နှင့် ယှဉ်တွဲအဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်ကို လည်း တွေ့ရပါကြောင်း၊ "စစ်မှန်သောမျိုးချစ်စိတ်ဓာတ်" ဆိုသည်မှာ "ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်ကို တွေ့ရပါကြောင်း။

ယနေ့ ပြောင်းလဲလာသောခေတ်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာနက ရေးသားထုတ်ပြန်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ "ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ ပူးပေါင်းနေထိုင်သည့် တစ်စည်းတစ်လုံးတည်းသော စိတ်ဓာတ်ဖြစ်သည်"၊ ၎င်းအပြင် "ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်ကြသည်ဖြစ်စေ ပြည်ထောင်စုအတွင်း တစ်မြေတည်းနေ တစ်ရေတည်းသောက်၊ မရှိအတူ ရှိအတူ၊ အေးအတူပူအမျှ အတူတကွ စုပေါင်းနေထိုင်ကြသည့် တစ်မိသားစုတည်းဖြစ်သည်ဟူသော ခံယူချက်သည် ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်"ဟု လည်း ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် အနှစ်ချုပ်အားဖြင့် ပြောရလျှင် "ပြည်ထောင်စုစိတ်ဓာတ်" ၏ အဓိကအချက်မှာ "ပြည်ထောင်စုအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်၊ အေးအတူ ပူအမျှ၊ မရှိအတူ ရှိအတူ တစ်စည်းတစ်လုံးတည်း အတူတကွ စုပေါင်းနေထိုင်သည့်စိတ်ဓာတ်" ပင်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအားလုံး၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့သော ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကို "ပြည်ထောင်စုနေ့" အဖြစ် သတ်မှတ်ခဲ့ရာ ယခုဆိုလျှင် (၇၃)နှစ် ရောက်ခဲ့ပြီ ဖြစ်ပါကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် နိုင်ငံတော်အတွက် အသက်တမျှ အရေးကြီးကြောင်းနှင့် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအမြန်ရအောင် ဆောင်ရွက်ရာတွင်လည်း များစွာ အထောက်အကူပြုသည်ကို နောင်လာနောက်သားများ သိရှိစေရန်အတွက် ရည်ရွယ်၍ ကျင်းပရခြင်းလည်း ဖြစ်ပါကြောင်း။

**စနစ်တကျ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို အခမ်းအနားအစီအစဉ် အပိုင်း(၂)ပိုင်းနှင့် ကျင်းပသွားမည်ဖြစ်ရာ ပထမပိုင်းအစီအစဉ်အနေဖြင့် နံနက်ပိုင်းတွင် "အလံတင်အခမ်းအနား"နှင့် "သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား" ၊ ဒုတိယပိုင်းအစီအစဉ်အနေဖြင့် ညနေပိုင်းတွင် " ညစာစားပွဲနှင့် ဖျော်ဖြေရေးအခမ်းအနား " တို့ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနားအစီအစဉ် အပိုင်း (၂)ပိုင်းကို တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဗဟိုကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ယခင်နှစ် အတွေ့အကြုံများအပေါ် အခြေခံ၍ မိမိတို့၏လုပ်ငန်းတာဝန်များကို အောင်မြင်အောင် စနစ်တကျ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် ပြောကြားလိုပါကြောင်း။

ထို့ပြင် အခမ်းအနားသို့ လာရောက်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများနှင့် ပါတီခေါင်းဆောင်များ တည်းခိုနေထိုင်မည့် နေရာများတွင် သန့်ရှင်းသပ်ရပ်ပြီး အမြင်တင့်တယ်စေရေး၊ စားသောက်နေထိုင်ရေးနှင့် သွားလာမှုအဆင်ပြေစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျ ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

**အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး**

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အတွက် နိုင်ငံတော်က ချမှတ်ပေးထားသည့် အမျိုးသားရေးဦးတည်ချက်(၅)ရပ်၏ အနှစ်သာရကို ပြည်သူများ သိရှိနားလည်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ စာနယ်ဇင်းများ အားလုံးမှ ပြန်ကြား၊ ဖျော်ဖြေ၊ ပညာပေးအစီအစဉ် အမျိုးမျိုးဖြင့် တင်ဆက်ထုတ်လွှင့်နိုင်ရေးနှင့် လက်ရှိကာလ ပြည်ထောင်စုအစိုးရအဖွဲ့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ပေါ်လွင်စေသည့် နောက်ခံရုပ်ပုံများကိုလည်း ထည့်သွင်းဖော်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားသည် နိုင်ငံတော်အဆင့် အခမ်းအနားဖြစ်သည့်အတွက် လုံခြုံရေးကိုဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံမှ ရှုမြင်ပြီး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် အခမ်းအနားအားလုံးအတွက် A Plan အပြင် B Plan ကိုပါ ကြိုတင်ပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး လစ်ဟာမှုမရှိစေရေး ဆောင်ရွက်သွားရန်နှင့် အခက်အခဲများရှိပါက စီမံခန့်ခွဲမှုကော်မတီမှတစ်ဆင့် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက် (၅)ရပ်နှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစည်းအဝေးသို့ တက်ရောက်လာသည့် ပုဂ္ဂိုလ်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ တွေ့ကြုံနေရသည့် အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းက ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ် ဗဟိုကော်မတီ၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး **စီမံခန့်ခွဲမှုကော်မတီ**ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ "အလံတင် အခမ်းအနား" နှင့် "ညစာစားပွဲနှင့် ဖျော်ဖြေရေးအခမ်းအနားများ"နှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**သက်ဆိုင်ရာကဏ္ဍများအလိုက်တင်ပြ**

ဆက်လက်၍ **လုံခြုံရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ ရဲဗိုလ်ချုပ် မျိုးဆွေဝင်းက လည်းကောင်း၊ **ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လည်းကောင်း၊ **သဝဏ်လွှာ ပြုစုရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက လည်းကောင်း၊ **ဘဏ္ဍာရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်က လည်းကောင်း၊ **ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက လည်းကောင်း၊ **ညှော့ခံကျွေးမွေးရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြလေးစိန်က လည်းကောင်း၊ **အလံတင်အခမ်းအနားစီစဉ်ရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ စစ်ဦးစီး ဗိုလ်မှူးကြီး ဗိုလ်မှူးကြီး သိန်းဇော်က လည်းကောင်း၊ **မြေစိုက်ပိုစတာများစိုက်ထူရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးဆန်းနိုင်ကလည်းကောင်း၊ **ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လည်းကောင်း၊ **ကျန်းမာရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်းက လည်းကောင်း၊ **ညစာစားပွဲခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က လည်းကောင်း၊ **စာရင်းစစ်ဆေးရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နိုင်သက်ဦးက လည်းကောင်း၊ **အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှုအခြေအနေများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က လည်းကောင်း၊ **ပြန်ကြားရေးဆပ်ကော်မတီ**၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က လည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ဇင်မောင်နှင့် ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုးနှင့် ဦးလှမော်ဦး၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းနှင့် ဗိုလ်မှူးကြီး မင်းနောင်တို့က ၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို အကြံပြုဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

■ *ကျောဖုံးမှ*

ဆင်းသက်သော လေယာဉ်အားလုံး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်မှစ၍ ယခင်ကြည့်ရှုစစ်ဆေးသည်ထက် ပိုမိုအရှိန်အဟုန်မြှင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

Novel Coronavirus ရောဂါဖြစ်ပွားသည့် သံသယဖြစ်ဖွယ်လူနာ တွေ့ရှိခြင်းမရှိ(မရှိ)ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် Novel Coronavirus ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများအား ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၃ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

သို့ဖြစ်၍ ဝူဟန်မှ ရန်ကုန်နှင့် မန္တလေးသို့ ပျံသန်းပြေးဆွဲနေသည့် China Eastern လေကြောင်းလိုင်းအား ဇန်နဝါရီ ၂၄ ရက်မှ ဖေဖော်ဝါရီ ၂၉ ရက်အထိ ယာယီရပ်နားထားကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သိရပြီး Novel Coronavirus ရောဂါနှင့် ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးသည့် လုပ်ငန်းများအား ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၄

2019 Novel Coronavirus (2019–nCoV) ကြောင့်ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄)၊ နေပြည်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်သည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသော အဆုတ်ရောင်ရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ကုသမှုခံယူခြင်းတို့ ဆောင်ရွက်နိုင်ရေးကြိုတင်စီစဉ်ထားရှိ

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (surveillance) နှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပါအဝင် အခြားနိုင်ငံများ၌ ရောဂါဖြစ်ပွားမှုအခြေအနေများနှင့် အဆိုပါဖြစ်ပွားမှုများအပေါ် သုံးသပ်ချက်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အဆိုပါရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ကြေညာခဲ့သည့် အချက်များ၊ ဇန်နဝါရီ ၅ ရက်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှ စတင်ဖြစ်ပွားခဲ့သည့် အဆုတ်ရောင်ရောဂါနှင့်ပတ်သက်၍ နိုင်ငံတကာလေဆိပ်၊ ရေဆိပ်များနှင့် နယ်စပ်ဝင် ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းကို အရှိန်အဟုန်မြှင့် စတင်ဆောင်ရွက်နေမှု၊ ဇန်နဝါရီ ၆ ရက်မှစတင်၍ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်ထားရှိမှု၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များအပါအဝင် နယ်စပ်ဝင်ထွက်ပေါက်များတွင်လည်း လိုအပ်သည့် Thermal Scanner များ ဖြည့်တင်းထားရှိမှု၊ ဇန်နဝါရီ ၈ ရက်တွင် 2019 Novel Coronavirus (2019– nCoV) အဆုတ်ရောင်ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့မှု၊ Pneumonia Surveillance အတွက် သံသယလူနာတွေ့ရှိပါက တုံ့ပြန်ဆောင်ရွက်ရမည့် စံလုပ်ထုံးလုပ်နည်း(Standard Operating Procedures–SOP) များကို ရေးဆွဲဖြန့်ဝေထားရှိမှုများ၊ သံသယလူနာတွေ့ရှိပါက လုပ်ငန်းလမ်းညွှန်၊ စံလုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ဆေးရုံသို့ စနစ်တကျလွှဲပြောင်းကာ သီးခြားလူနာခန်းတွင် ရောဂါစစ်ဆေးအတည်ပြုခြင်းနှင့် ကုသမှုခံယူခြင်းတို့ ဆောင်ရွက်နိုင်ရေး ကြိုတင်စီစဉ်ထားရှိမှု၊ ပြည်သူများထံ ရောဂါနှင့်ပတ်သက်၍ နောက်ဆုံးရသတင်းများနှင့် ရောဂါကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်အချက်များကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ဖြန့်ဝေထားရှိမှုတို့ကိုလည်းကောင်း၊

ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဇင်မာစိုးက ရောဂါကာကွယ်ကုသရေးနှင့်ပတ်သက်၍ ရောဂါကုထုံးလမ်းညွှန် (Clinical Management Guideline) များ ရေးဆွဲဖြန့်ဝေထားရှိမှု၊ သံသယလူနာများနှင့် ရောဂါအတည်ပြုလူနာများအတွက် သီးခြားလူနာခန်းများကို ဝေဘာဂီအထူးကုဆေးရုံကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော်(ခုတင်–၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတို့တွင် ပြင်ဆင်ထားရှိမှု၊ ယခင်ကူးစက်ရောဂါပြန့်ပွားကူးစက်မှုဖြစ်စဉ်များမှ အတွေ့အကြုံများကိုအခြေခံ၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရှိမှု၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်နှင့် ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ကြိုတင်ဖြည့်ဆည်းထားရှိမှုများကိုလည်းကောင်း၊

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဉမ္မာဆွေတင်က ဓာတ်ခွဲစစ်ဆေးခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဓာတ်ခွဲခန်း (Lab Facilities) များကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းလမ်းညွှန်များ ရေးဆွဲဖြန့်ဝေထားရှိမှု၊ သံသယလူနာများတွေ့ရှိပါက ရောဂါဓာတ်ခွဲစစ်ဆေးအတည်ပြုနိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် နိုင်ငံတကာတို့ကို ချိတ်ဆက်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊

### ရောဂါကူးစက်ပြန့်ပွားမှုမရှိရေး အသိပညာများဖြန့်ဝေရန် ဆောင်ရွက်ထား

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး(တာဝန်) ဒေါက်တာ သန်းနိုင်စိုးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် ဓာတ်ခွဲအတည်ပြုနိုင်ခြင်းမရှိသေးသော Viral Pneumonia ရောဂါတစ်မျိုး ဖြစ်ပွားနေမှုသတင်းများရရှိပြီး ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်းအဖြစ် ဆောင်းရာသီကာလ အသက်ရှူလမ်းကြောင်းရောဂါများဆိုင်ရာ ကျန်းမာရေး အသိပေးနှိုးဆော်ချက်ကို ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် ထုတ်ပြန်ထားရှိမှု၊ ခရီးသွားများအတွက် ကျန်းမာရေးအကြံပြုချက် (Health Advisory for Traveler) ကို အပြည်ပြည်ဆိုင်ရာလေဆိပ်များရှိ Arrival Hall များ၏ LED Board များတွင် မြန်မာ၊ အင်္ဂလိပ်ဘာသာများဖြင့် ပြသထားရှိမှု၊ ပြည်သူများထံ ရောဂါကာကွယ်ရေးနှင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေး ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေသွားနိုင်ရန် ဆောင်ရွက်ထားရှိသည့် အစီအစဉ်များကိုလည်းကောင်း၊

ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ အပူပိုင်းနှင့် ကူးစက်ရောဂါပညာဌာနမှ ပါမောက္ခ ဒေါက်တာစံပယ်ဖြူက ဝေဘာဂီအထူးကုဆေးရုံကြီးတွင် ယခင်ကူးစက်ရောဂါ ပြန့်ပွားကူးစက်မှု ဖြစ်စဉ်များမှ အတွေ့အကြုံများကို အခြေခံ၍ ကြိုတင်ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ထားရှိမှု၊ သံသယလူနာများ လွှဲပြောင်းပို့ဆောင်လာပါက စနစ်တကျ လက်ခံနိုင်ရန် ပြင်ဆင်ထားရှိမှု၊ လူနာများ သီးခြားထားရှိ ကုသမှုပေးနိုင်ရန် သီးခြားခန်းများ၊ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ ကုသမှုပေးသူများအတွက် ရောဂါကူးစက်မှုမရှိရန် (personal protective equipment) များ ပြင်ဆင်ထားရှိမှုများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဤကဲ့သို့ ရောဂါကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို စနစ်တကျ ကြိုတင်ပြင်ဆင်ထားရှိမှုများသည် ကောင်းမွန်ပါကြောင်း၊ အပြည်ပြည်ဆိုင်ရာဝင်၊ ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို အထူးကြပ်မတ်အားဖြည့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ရောဂါဖြစ်ပွားသည့် နိုင်ငံများမှ လာရောက်သည့် ခရီးသည်များအား နယ်စပ်ဝင်ပေါက်များနှင့် လေဆိပ်များတွင် ရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုစဉ်က ရောဂါလက္ခဏာများ ပြသခြင်းမရှိသော်လည်း ၎င်းတို့၏ နေထိုင်သွားလာမှု အချက်အလက်များကို စနစ်တကျ မှတ်တမ်းရယူထားရှိကာ ရောဂါဖြစ်ပွားမှု ရှိ၊ မရှိကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်ပါကြောင်း၊

### ရောဂါကာကွယ်နှိမ်နင်းရေးနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း ဆောင်ရွက်ရမည်

သံသယလူနာများကို သီးခြားလူနာခန်းတွင်ထားရှိ၍ ရောဂါအတည်ပြုခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို လုပ်ငန်းလမ်းညွှန်နှင့် စံလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်းကျပ်စွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာနရှိ ဆေးရုံများထံ ဖြန့်ဝေခြင်းသာမက ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများထံသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ပုဂ္ဂလိကဆရာဝန်များအဖွဲ့မှတစ်ဆင့် ဖြန့်ဝေသွားရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ကြေညာချက်များနှင့်အညီ ရောဂါကာကွယ်နှိမ်နင်းရေးနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရန် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်သူ့ကျန်းမာရေး၊ ကုသရေး၊ စီမံခန့်ခွဲရေးနှင့် ဓာတ်ခွဲပညာရှင်များက အကြံပြုဆွေးနွေးမှုများနှင့် အကြံပြုချက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နေပြည်တော်၌ ဒုတိယအကြိမ်ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲပြုလုပ်နိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၄

**နေပြည်တော်၌ ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲပြုလုပ်နိုင်ရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယမန်နှစ်မှစတင်၍ ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို နေပြည်တော်တွင် ကျင်းပခဲ့ပါကြောင်း၊ ညှိနှိုင်းအစည်းအဝေး လေးကြိမ်တိုင် ပြုလုပ်ခဲ့ရပါကြောင်း၊ အဓိကဆွေးနွေးခဲ့ရသည်မှာ နေရာရွေးချယ်ခြင်းဖြစ်ပါကြောင်း၊ နောက်ဆုံးတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကို ရွေးချယ်ခဲ့ပါကြောင်း၊ ထို့နောက် အမှတ်ပေးစည်းမျဉ်းအပါအဝင် ကျန်ကိစ္စရပ်များကိုဆွေးနွေးခဲ့ရပြီး ပထမအကြိမ် ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ကာ ဝန်ထမ်းများလည်း ပျော်ရွှင်ခဲ့ပါကြောင်း၊ ယခုနှစ် ထမနဲထိုးပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းမှာပင် ကျင်းပမည်ဖြစ်ပြီး ဝန်ကြီးဌာနအားလုံး အပါအဝင် ပြည်ထောင်စုအဖွဲ့အစည်းများပါ ပါဝင်စေလိုပြီး ပျော်ရွှင်စွာနှင့် အောင်မြင်စွာကျင်းပနိုင်စေရန် ပွင့်လင်းစွာ ဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဒုတိယအကြိမ်ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲပြုလုပ်နိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်က ပထမအကြိမ် ဝန်ကြီးဌာနပေါင်းစုံ ထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပခဲ့မှုအခြေအနေများ၊ ယခုနှစ်တွင် ပြုလုပ်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့်နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများက ဒုတိယအကြိမ် ဝန်ကြီးဌာနပေါင်းစုံ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဆွေးနွေးအကြံပြုချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# နိုဗယ် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးအတွက် ကာကွယ်ဆေးများ မရှိသေးပါဘူး။ တိကျတဲ့ရောဂါကုထုံးလည်း မရှိသေးပါဘူး။ လူနာအခြေအနေပေါ်မူတည်ပြီး လိုအပ်တဲ့ကုသမှုတွေကို ဆောင်ရွက်ရပါတယ်

ဒေါက်တာခင်ခင်ကြီး (ဒုတိယညွှန်ကြားရေးမှူး)

## တွေ့ဆုံမေးမြန်း- ရှင်မင်း၊ ဓာတ်ပုံ- ထိန်နန်နေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့တွင် ဖြစ်ပွားလျက်ရှိသော 2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများ၊ လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များ၊ အထူးသဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဝင်/ထွက်ပေါက်များတွင် အဖျားရောဂါနှင့် တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

2019 Novel Coronavirus (2019–nCoV) ကြောင့် ဖြစ်ပွားသည့် အဆုတ်ရောင်ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည်များကို တွေ့ဆုံမေးမြန်းထားပါသည်။

**ဒေါက်တာထွန်းတင် (ညွှန်ကြားရေးမှူး)**
**ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



**မေး ။ ။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှာ အဆုတ်ရောင် ရောဂါတစ်မျိုး ဖြစ်ပွားနေတယ်လို့ သတင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်တွေမှာ ဖော်ပြနေကြပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး သိပါရစေ။**

ဖြေ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနဲ့ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းတွေကို ဦးစားပေးအစီအစဉ်တစ်ရပ်အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလနဲ့ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွေအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာ အဆုတ်ရောင်ရောဂါတစ်မျိုး ဖြစ်ပွားလျက်ရှိတာကို သိရှိခဲ့ရပါတယ်။

Wuhan Municipal Health Com–missions ရဲ့ ကနဦးထုတ်ပြန်ချက်အရ အခုဖြစ်ပွားလျက်ရှိတဲ့ ရောဂါပိုးဟာ ဓာတ်ခွဲအတည်ပြုနိုင်ခြင်း မရှိသေးဘဲ ဝူဟန်မြို့ရှိ ပင်လယ်စာလက်ကားဈေးတစ်ခုနဲ့ ဆက်စပ်မှုရှိကြောင်းနဲ့ ၂၀၂၀ ဇန်နဝါရီလ ၁ ရက်နေ့ကစပြီး ဒီဈေးကို ပိတ်သိမ်းခဲ့ပြီးတော့ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ဇန်နဝါရီလ ၇ ရက်နေ့မှာတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တရုတ်နိုင်ငံမှာ ဖြစ်ပွားလျက်ရှိသော Virus ရောဂါပိုးဟာ Novel Coronavirus ပိုးအမျိုးအစားဖြစ်ကြောင်း အတည်ပြုကြေညာခဲ့ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာလည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး ဘာတွေလုပ်ဆောင်နေပါသလဲ။**

ဖြေ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ SARS(ဆားစ်)ရောဂါ၊ MERS(မားစ်)ရောဂါ၊ Zika(ဇီကာ)ရောဂါနဲ့ Ebola (အီဘိုလာ)ရောဂါ ဖြစ်ပွားမှုဖြစ်စဉ်တွေမှာ နိုင်ငံအတွင်း ရောဂါကူးစက်ဝင်ရောက်မှု မရှိဖို့နဲ့ ရောဂါထိန်းချုပ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ဖို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်နဲ့ နယ်စပ်ဝင်/ထွက်ပေါက်တွေမှာ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပြီး ပုံမှန်လည်း ဆောင်ရွက်လျက်ရှိပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အခုရောဂါဖြစ်ပွားမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ၅-၁-၂၀၂၀ ရက်စွဲနဲ့ ကြေညာချက်မထုတ်ပြန်မီကပဲ အရင်က ဆောင်ရွက်နေတဲ့ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနဲ့ တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းတွေကို အထူးအရေးပေး ဆောင်ရွက်ခဲ့ပါတယ်။ ဇန်နဝါရီလ ၃ ရက်နေ့မှာ ကမ္ဘာ့မီဒီယာတွေရဲ့ ဖော်ပြချက်တွေအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဓာတ်ခွဲအတည်ပြုနိုင်ခြင်း မရှိသေးတဲ့ အဆုတ်ရောင်ရောဂါတစ်မျိုး ဖြစ်ပွားနေကြောင်း သိသိချင်း ဇန်နဝါရီ ၆ ရက်နေ့မှာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)နဲ့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့ ဦးဆောင်တဲ့အဖွဲ့ဟာ မန္တလေးလေဆိပ်ကို ကွင်းဆင်းသွားရောက်ခဲ့ပြီး အဖျားရောဂါနဲ့ တုပ်ကွေးဆန်သော ရောဂါလက္ခဏာများ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းတွေကို အားဖြည့်ဆောင်ရွက်ဖို့ စီစဉ်ခြင်း၊ လေဆိပ်တွေမှာ သီးသန့်လူနာခန်းတွေ ထားရှိဖို့နဲ့ သံသယလူနာ တွေ့ရှိခဲ့ရင် သက်ဆိုင်ရာ ဆေးရုံတွေကို အချိန်မီ လွှဲပြောင်းပေးပို့နိုင်ဖို့နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ လေဆိပ်တာဝန်ရှိသူတွေ၊ လေကြောင်းလိုင်းတွေနဲ့ တွေ့ဆုံဆွေးနွေးတာတွေ လုပ်ခဲ့ပါတယ်။

ရောဂါဖြစ်ပွားရာ ဝူဟန်မြို့ကနေ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို တိုက်ရိုက်လေကြောင်းခရီးစဉ်အနေနဲ့ တစ်ပတ်ကို နှစ်ကြိမ် ပျံသန်းနေတဲ့အတွက် အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့ ဇန်နဝါရီလ ၇ ရက်နေ့မှာ Fever scanner စက်တစ်လုံး ထပ်မံပေးပို့ခဲ့ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇန်နဝါရီလ ၇ ရက်နေ့မှာ ဒီအဆုတ်ရောင်ရောဂါဟာ No–vel Coronavirus ကြောင့် ဖြစ်ပွားကြောင်း သတင်းရရချင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ ဆောင်းရာသီကာလ အသက်ရှူလမ်းကြောင်းများဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်ချက်တွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ တရားဝင် Website (https://www. mohs. gov.mm/) နဲ့ Facebook page ၊ Myanmar CDC Face–book Page (https://web. facebook.com/ MyanmarCDC/) နဲ့ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲရဲ့ Facebook page တွေမှာ ဇန်နဝါရီလ၈ ရက်နေ့က ဖော်ပြခဲ့ပြီး အဲဒီနေ့မှာပဲ ရောဂါစောင့်ကြပ် ကြည့်ရှုခြင်းနဲ့ ပတ်သက်ပြီး ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့၊ ကြိုတင်ပြင်ဆင်ထားရှိဖို့ ညှိနှိုင်းအစည်းအဝေးကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဦးဆောင်ပြီး ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဇန်နဝါရီလ ၉ ရက်နေ့မှာ ညွှန်ကြားရေးမှူး (ကူးစက်) ဦးဆောင်တဲ့အဖွဲ့ဟာ မန္တလေးလေဆိပ်ကို ထပ်မံသွားရောက်ခဲ့ပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေ ပိုမိုအားဖြည့်ဆောင်ရွက်ဖို့ စီစဉ်ခြင်း၊ လေကြောင်းတာဝန်ရှိသူတွေနဲ့ တွေ့ဆုံ ဆွေးနွေးခြင်း၊ လေဆိပ်ကျန်းမာရေးဌာနခွဲမှာ ကျန်းမာရေးဝန်ထမ်းတွေ အချိန်ပြည့်တာဝန်ချထားနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်တာတွေ လုပ်ခဲ့ပါတယ်။



၈-၁-၂၀၂၀ ရက်က ကျင်းပသည့် ဝူဟန် (Novel Coronavirus 2019) ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ သက်ခိုင်ဝင်း အမှာစကားပြောကြားစဉ်။

အလားတူပဲ ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဦးဆောင်တဲ့ အဖွဲ့ဟာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နဲ့ ရေဆိပ်တွေကို ဇန်နဝါရီလ ၁၁ ရက်နေ့မှာ လည်းကောင်း၊ ညွှန်ကြားရေးမှူး(ကူးစက်) ဦးဆောင်သော အဖွဲ့ဟာ ဇန်နဝါရီလ ၁၄ ရက်နေ့မှာ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို လည်းကောင်း ကွင်းဆင်းသွားရောက်ခဲ့ပြီးတော့အဖျားရောဂါနဲ့ တုပ်ကွေးရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ဖို့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

ဇန်နဝါရီလ ၁၅ ရက်နေ့မှာတော့ ညွှန်ကြားရေးမှူး (ကူးစက်) ဦးဆောင်တဲ့ အဖွဲ့ဟာ နေပြည်တော် ခုတင် (၁၀၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးကို သွားရောက်ပြီး ဆေးရုံအုပ်ကြီးဦးဆောင်တဲ့အဖွဲ့နဲ့ ဆွေးနွေးခဲ့ပြီး သံသယလူနာတွေ့ရှိလာခဲ့ရင် ကုသနိုင်ဖို့အတွက် သီးသန့် လူနာခန်းတွေ ထားရှိဖို့နဲ့ ဆေးနဲ့ ဆေးပစ္စည်းတွေ အဆင်သင့်ဖြစ်စေဖို့ကို စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။

အခုရောဂါဖြစ်စဉ်နဲ့ ပတ်သက်ပြီး ပြည်သူတွေကြားမှာ ရောဂါကာကွယ်ရေးနည်းလမ်းတွေ သိရှိနိုင်ဖို့နဲ့ သတင်းမှန်ရရှိစေဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ တရားဝင် Website (https://www. mohs. gov. mm/) နဲ့ Facebook page ၊ Myanmar CDC Facebook Page (https://web. face–book.com/MyanmarCDC/) နဲ့ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲရဲ့ Facebook page တို့ကတစ်ဆင့် ဇန်နဝါရီလ ၁၈ ရက်နေ့နဲ့ ဇန်နဝါရီလ ၂၂ ရက်နေ့တွေမှာ ကြေညာချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ နယ်နိမိတ်ချင်းထိစပ်နေတဲ့အပြင် ရောဂါဖြစ်ပွားရာ ဝူဟန်မြို့က မြန်မာနိုင်ငံကို တိုက်ရိုက်လေကြောင်းလိုင်းတချို့ ရှိနေတဲ့အတွက် အပြည်ပြည်ဆိုင်ရာလေဆိပ်တွေမှာ အဖျားရောဂါနဲ့ တုပ်ကွေးဆန်သော ရောဂါလက္ခဏာတွေ စောင့်ကြပ်ကြည့်ရှုခြင်းကို အားဖြည့်ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းတွေကိုလည်း လေဆိပ်ကျန်းမာရေးဌာနခွဲတွေမှာ အချိန်ပြည့်တာဝန်ချထားခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များရှိ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ လေကြောင်းလိုင်းများနဲ့ ညှိနှိုင်းဆွေးနွေးခြင်း၊ သီးသန့်လူနာခန်းတွေ ပြင်ဆင်ထားရှိဖို့ ဆောင်ရွက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ ခရီးသွားတွေအတွက် ကျန်းမာရေးဆိုင်ရာ အကြံပေးချက်များ ထုတ်ပြန်ခြင်း၊ အဆုတ်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းအတွက် လိုက်နာရမယ့် လုပ်ငန်းလမ်းညွှန်တွေကို လက်ရှိဖြစ်စဉ်နဲ့ ကိုက်ညီအောင် မွမ်းမံပြင်ဆင်ရေးဆွဲခြင်းတွေကိုလည်း ဆက်တိုက်ဆိုသလို ဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှာ ဖြစ်ပွားနေတဲ့ အဆုတ်ရောင်ရောဂါနဲ့ ပတ်သက်ပြီး အခြားနိုင်ငံတွေမှာရော ဘယ်လို ရောဂါကာကွယ်ရေး လုပ်ငန်းတွေ လုပ်နေပါသလဲ။**

တရုတ်နိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ရုရှား၊ ဗီယက်နမ်နိုင်ငံတွေနဲ့ ဟောင် ကောင်နဲ့ ထိုင်ဝမ်တို့မှာလည်း လေဆိပ်/ ရေဆိပ်တွေမှာ ခရီးသည်တွေ၊ အထူးသဖြင့် ဝူဟန်မြို့က ပြန်လာတဲ့ခရီးသည်တွေကို အဖျားရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ဆောင်လျက်ရှိပြီး ဝူဟန်လေဆိပ်နဲ့ တိုက်ရိုက်လေကြောင်းပျံသန်းတဲ့ အမေရိကန်နဲ့ အီးယူနိုင်ငံတွေသည်လည်း လိုအပ်တဲ့ ကျန်းမာရေးစစ်ဆေးမှုတွေ ပြုလုပ်ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

**ဒေါက်တာခင်ခင်ကြီး**
**(ဒုတိယညွှန်ကြားရေးမှူး)**
**ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲ၊**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

**မေး ။ ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ အခုဖြစ်ပွားနေတဲ့ အဆုတ်ရောင်ရောဂါဟာ Coro–navirus (ကိုရိုနာဗိုင်းရပ်စ်) ကြောင့် ဖြစ်ပွားတယ်လို့ သိရပါတယ်။ Coronavirus အကြောင်းလေး နည်းနည်းလောက်ရှင်းပြပါလား။**

ဖြေ ။ ။ Coronavirus (ကိုရိုနာဗိုင်းရပ်စ်) ဟာ ဗိုင်းရပ်စ်မျိုးနွယ်စုဖြစ်ပြီး မျိုးစိတ်အနေနဲ့ များပြားစွာရှိပါတယ်။ ဗိုင်းရပ်စ်အမျိုးအစားပေါ်မူတည်ပြီး သာမန်အအေးမိခြင်းမှသည် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူကျပ်ခြင်းစတဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတွေ ဖြစ်ပွားလေ့ရှိပြီးတော့ ရောဂါပြင်းထန်သောလူနာတွေမှာ အဆုတ်ရောင်ရောဂါ (Pneu–monia)၊ ဆားစ်ရောဂါ(SARS)၊ မားစ်ရောဂါ (MERS)၊ ကျောက်ကပ်ပျက်စီးခြင်းတို့ ဖြစ်ပွားနိုင်ပြီး အသက်ဆုံးရှုံးမှု ဖြစ်ပေါ်နိုင်ပါတယ်။



Coronavirus (ကိုရိုနာဗိုင်းရပ်စ်) ရောဂါပိုးဟာ တိရစ္ဆာန်တွေမှာ အဓိကကူးစက်ပြန့်ပွားလေ့ရှိကြပြီး လူမှတစ်ဆင့် လူကိုကူးစက်နိုင်မှုနည်းပါးသော်လည်း တချို့ Coronavirus ပိုးတွေဟာ လူမှတစ်ဆင့် လူကို ကူးစက်နိုင်ပါတယ်။ များသောအားဖြင့် ရောဂါပိုးကူးစက်ခံရသူနဲ့ အနီးကပ်နေထိုင်သူတွေဖြစ်တဲ့ အတူနေ မိသားစုဝင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကူးစက်နိုင်ပါတယ်။

*စာမျက်နှာ ၁၀ သို့*

# “Coronavirus (ကိုရိုနာဗိုင်းရပ်စ်)ရောဂါပိုးဟာ တိရစ္ဆာန်တွေမှာ အဓိကကူးစက်ပြန့်ပွားလေ့ရှိကြပြီး လူမှတစ်ဆင့် လူကိုကူးစက်နိုင်မှု နည်းပါးသော်လည်း တချို့ Coronavirus ပိုးတွေဟာ လူမှတစ်ဆင့် လူကို ကူးစက်နိုင်ပါတယ်။ များသောအားဖြင့် ရောဂါပိုးကူးစက်ခံရသူနဲ့ အနီးကပ်နေထိုင်သူတွေဖြစ်တဲ့ အတူနေ မိသားစုဝင်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို ကူးစက်နိုင်ပါတယ်”

*စာမျက်နှာ ၉ မှ*

အရင်ကာလတွေက လူကို ကူးစက်ခဲ့ခြင်းမရှိသော Coronavirus အမျိုးအစားအသစ်ကို Novel Coronavirus (နိုဗယ် ကိုရိုနာဗိုင်းရပ်စ်) လို့ ခေါ်ဆိုပြီး ဥပမာအားဖြင့် MERS (မားစ်)နဲ့ SARS (ဆားစ်) တို့က တိရစ္ဆာန်တွေက လူကို ကူးစက်ပျံ့နှံ့ခဲ့တဲ့ Novel Coronavirus ပိုးတွေ ဖြစ်ကြပြီးတော့ ပြင်းထန်တဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာတွေနဲ့ လူသားမျိုးနွယ်အပေါ် သေဆုံးမှုများစွာ ဖြစ်ပွားခဲ့ပါတယ်။

2019 Novel Coronavirus ပိုးကြောင့် ဖြစ်ပွားတဲ့ အဆုတ်ရောင်ရောဂါလူနာတွေမှာ ရောဂါလက္ခဏာတွေအနေနဲ့ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း စတဲ့ လက္ခဏာတွေ ခံစားရကြောင်း တွေ့ရှိရပြီး ရောဂါပြင်းထန်သူတွေမှာတော့ နောက်ဆက်တွဲအနေနဲ့ အသက်ရှူရခက်ခဲခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ရင်ဘတ်ဓာတ်မှန်တွင် အဆုတ်ခဲသည့် လက္ခဏာများတွေ့ရခြင်း၊ အသက်ရှူလမ်းကြောင်းစနစ် ပျက်စီးခြင်း၊ ဝမ်းတွင်းကလီစာများပျက်စီးခြင်း၊ သွေးဆိပ်တက်ခြင်းနှင့် အသက်သေဆုံးခြင်းတို့အထိ ဖြစ်ပွားနိုင်တာကို တွေ့ရပါတယ်။

**မေး ။ ။ Coronavirus ဟာ လူလူချင်း ကူးစက်နိုင်ပါသလား။**

ဖြေ ။ ။ Coronavirus တချို့ဟာ လူကလူသို့ ကူးစက်နိုင်သော်လည်း အခု 2019 Novel Coronavirus (2019–nCoV) ရောဂါပိုးဟာ ဒီနေ့အချိန်အထိ လူအချင်းချင်း ကူးစက်မှုအနေနဲ့ တိကျခိုင်မာသော အထောက်အထား မတွေ့ရှိရသေးပါဘူး။ အရင်ဖြစ်ပွားခဲ့ဖူးတဲ့ SARS (ဆားစ်)ရောဂါနဲ့ MERS(မားစ်)ရောဂါတို့ဟာ အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်ခဲ့တဲ့အတွက် အခု Novel Coronavirus ပိုးဟာလည်း အသက်ရှူလမ်းကြောင်းကတစ်ဆင့် ကူးစက်နိုင်ခြေ ရှိ၊ မရှိ သိရှိနိုင်ဖို့ ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

အခု Novel Coronavirus ပိုးဟာ လူနာကတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းအချို့ကို ကူးစက်လျက်ရှိတာကို တွေ့ရှိရတဲ့အတွက် အခုရောဂါဖြစ်ပွားမှုဖြစ်စဉ်ဟာ လူမှ လူသို့ ကူးစက်နိုင်ခြင်း ရှိ၊ မရှိနဲ့ ပတ်သက်ပြီး “Limited Human to Human Transmission” လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဇန်နဝါရီ ၁၅ ရက်စွဲနဲ့ သတင်းထုတ်ပြန်ထားပါတယ်။

**မေး ။ ။ အရင်ဖြစ်ပွားခဲ့ဖူးတဲ့ SARS (ဆားစ်)နဲ့ MERS(မားစ်) ရောဂါတို့ဟာ အခုဖြစ်ပွားနေတဲ့ အဆုတ်ရောင်ရောဂါနဲ့ ဆက်စပ်မှုရှိပါသလား။ ရှင်းပြပေးပါဦး။**

ဖြေ ။ ။ ဓာတ်ခွဲစမ်းသပ်မှုအဖြေတွေအရ ၂၀၀၂ ခုနှစ်မှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ SARS (ဆားစ်) ရောဂါဟာ ကြောင်ကတိုးတွေကတစ်ဆင့် လူသို့ကူးစက်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ ဆော်ဒီအာရေဗျနိုင်ငံမှာ ဖြစ်ပွားခဲ့တဲ့ MERS(မားစ်) ရောဂါက ကုလားအုတ်တွေကတစ်ဆင့် လူသို့ကူးစက်ခဲ့ကြောင်း သိရှိရပါတယ်။ ကမ္ဘာတစ်ဝန်း ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေ တိုးတက်လာတာနဲ့အမျှ Coronavirus ရောဂါပိုး ကူးစက်ခံရမှုတွေကို ပိုမိုတွေ့ရှိလာရတာ ဖြစ်ပါတယ်။

အခု 2019 Novel Coronavirus (2019–nCoV) ရောဂါပိုးဟာလည်း ဓာတ်ခွဲစမ်းသပ်နေမှုအခြေအနေအရ MERS (မားစ်) နဲ့ SARS (ဆားစ်) တို့နဲ့ မတူညီသော်လည်း တိရစ္ဆာန်ကနေ လူကို ကူးစက်နိုင်မှုအခြေအနေများစွာရှိပြီး ရောဂါကူးစက်ပြန့်ပွားမှု၊ ရောဂါပြင်းထန်မှုအခြေအနေကို ဆက်လက်လေ့လာလျက်ရှိပါတယ်။

**မေး ။ ။ နိုဗယ် ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးဟာ ကာကွယ်ဆေးနဲ့ ကာကွယ်လို့ရပါသလား။**

ဖြေ ။ ။ အခုအချိန်ထိ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးအတွက် ကာကွယ်ဆေး(Vaccine) များ မရှိသေးပါဘူး။ နိုဗယ်ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုးအတွက် တိကျတဲ့ ရောဂါကုထုံးလည်း မရှိသေးပါဘူး။ ဒါပေမယ့် လူနာအခြေအနေပေါ်မူတည်ပြီး လိုအပ်တဲ့ကုသမှုတွေကို ဆောင်ရွက်ရပါတယ်။



Novel Coronavirus 2019 ၏ ပုံ

**မေး ။ ။ ကမ္ဘာတစ်ဝန်းမှာ ဒီနေ့အထိ ရောဂါဖြစ်ပွားသူဦးရေ ဘယ်နှယောက်လောက် ရှိပါသလဲ။**

ဖြေ ။ ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ၂၃-၁-၂၀၂၀ ရက်စွဲနဲ့ ထုတ်ပြန်ချက်အရ ၂၃-၁-၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်း ရောဂါဖြစ်ပွားသူဦးရေ ၅၈၁ ဦး ရှိပြီးတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ၅၇၄ ဦး၊ ထိုင်းနိုင်ငံမှာ လေးဦး၊ ဂျပန်နိုင်ငံမှာ တစ်ဦး၊ တောင်ကိုရီးယားနိုင်ငံမှာ တစ်ဦးနဲ့ အမေရိကန်ပြည်ထောင်စုမှာ တစ်ဦး တွေ့ရှိရတယ်လို့ သိရှိရပါတယ်။

**မေး ။ ။ ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေ ဘယ်နှယောက်လောက် ရှိနေပြီလဲ။**

ဖြေ ။ ။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူဟန်မြို့မှာ ဇန်နဝါရီ ၂၃ ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု သေဆုံးလူနာ ၁၇ ဦး ရှိကြောင်း သိရှိရပြီး သေဆုံးသူအများစုမှာ အသက်အရွယ်ကြီးရင့်သူတွေနဲ့ နာတာရှည်ရောဂါအခံရှိသူတွေ ဖြစ်တယ်လို့ သိရပါတယ်။ ဒါကြောင့် အသက်အရွယ်ကြီးရင့်သူတွေ၊ နာတာရှည်ရောဂါအခံ ရှိသူတွေအနေနဲ့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို အထူးလိုက်နာဖို့ လိုအပ်ပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံမှာရော ရောဂါဖြစ်ပွားသူတွေ့ရှိနေပြီလား။ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းတွေ ဘာတွေလုပ်နေပါသလဲ။**

ဖြေ ။ ။ ဇန်နဝါရီလ ၂၄ ရက်နေ့အထိ မြန်မာနိုင်ငံမှာ ရောဂါပိုးတွေ့ရှိရသူ မရှိသေးပါဘူး။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲအနေနဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွေဖြစ်တဲ့ ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်လေဆိပ်တွေမှာ Thermal Scanner တွေနဲ့ အဖျားရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ နယ်စပ်ဝင်/ထွက်ပေါက်တွေဖြစ်တဲ့ မူဆယ်၊ တာချီလိတ်၊ မြဝတီတို့မှာ Thermal Scanner တွေ၊ Non-contact Thermometerတွေနဲ့ အဖျားရောဂါစောင့်ကြပ်ကြည့်ရှုခြင်းကို အထူးအရေးပေး ဆောင်ရွက်လျက်ရှိပါတယ်။

အပြည်ပြည်ဆိုင်ရာ လေဆိပ်တွေမှာ သံသယလူနာ တွေ့ရှိပါက အချိန်မီလွှဲပြောင်းကုသဖို့အတွက် ရန်ကုန်က ဝေဘာဂီဆေးရုံကြီး၊ မန္တလေးက မန္တလေးပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်က ခုတင် ၁၀၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးတွေကို သတ်မှတ်ဆောင်ရွက်ထားပြီး သီးသန့်လူနာခန်းများ ပြင်ဆင်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ အဆင်သင့်ရှိစေဖို့ စီစဉ်ခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

တုပ်ကွေးဆန်သော ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအတွက် Sentinel Hospital တွေအဖြစ် ဆေးရုံကြီး ရှစ်ရုံကို သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး သံသယလူနာတွေထံမှ ဓာတ်ခွဲနမူနာတွေကို ပုံမှန်ရယူပြီး အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) ကို ပေးပို့စစ်ဆေးလျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံဆရာဝန်များအသင်း (ရန်ကုန်၊ မန္တလေး) တို့နဲ့ ချိတ်ဆက်ပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းတွေအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊ အခါအားလျော်စွာ ဟောပြောပွဲတွေပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး ။ ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကလည်း ဒီရောဂါဖြစ်စဉ်နဲ့ ပတ်သက်ပြီး ဘယ်လို ရောဂါထိန်းချုပ်မှုလုပ်ငန်းစဉ်တွေ ဆောင်ရွက်နေပါသလဲ။**

ဖြေ ။ ။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကလည်း တရုတ်နိုင်ငံမှာ ဖြစ်ပွားလျက်ရှိတဲ့ 2019 Novel Coronavirus (2019–nCoV) ရောဂါပိုးနဲ့ပတ်သက်ပြီး အပြည်ပြည်ဆိုင်ရာကျန်းမာရေးပြဋ္ဌာန်းချက် (၂၀၀၅)နဲ့အညီ ဇန်နဝါရီ ၂၂ ရက်နဲ့ ၂၃ ရက်နေ့တို့မှာ အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပါတယ်။ ဒီအစည်းအဝေးဆုံးဖြတ်ချက်အရ အခုဖြစ်ပွားနေတဲ့ 2019 Novel Coronavirus (2019–nCoV) ရောဂါပိုးကူးစက်ခံရမှု ဖြစ်စဉ်ဟာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern – PHEIC) ကြေညာဖို့ အချိန်စောလွန်းပြီး လိုအပ်သော စုံစမ်းစစ်ဆေးမှုတွေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်တွေကို ဆက်လက်လုပ်ဆောင်သွားမယ်လို့ ကြေညာခဲ့ပါတယ်။

**ဒေါက်တာသန်းနိုင်စိုး (ညွှန်ကြားရေးမှူး (တာဝန်)၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**



**မေး ။ ။ ပြည်သူလူထုအနေနဲ့ ရောဂါပိုး ကူးစက်ခြင်းမခံရအောင် ဘယ်အချက်တွေကို လိုက်နာဆောင်ရွက်သင့်သလဲ။**

ဖြေ ။ ။ လက်ရှိဖြစ်ပွားနေတဲ့ 2019 Novel Coronavirus (2019–nCoV) ဟာ အရင်ဖြစ်ပွားခဲ့တဲ့ ဆားစ်ရောဂါ (SARS) နဲ့ မားစ်ရောဂါ (MERS) တွေကို ဖြစ်ပွားစေခဲ့တဲ့ Virus ပိုးတွေနဲ့ မျိုးနွယ်အုပ်စုတူတဲ့ ရောဂါပိုးအမျိုးအစားဖြစ်သော်လည်း လက်ရှိဖြစ်ပွားနေသော အခြေအနေဟာ လူမှတစ်ဆင့် လူကိုကူးစက်နိုင်ခြင်း ရှိ/မရှိနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ၁၅-၁-၂၀၂၀ ရက်စွဲနဲ့ ထုတ်ပြန်ချက်အရ “Limited Human to Human Transmission” ဟု သိရှိရပြီး Novel Coronavirus (နိုဗယ် ကိုရိုနာဗိုင်းရပ်စ်) ရောဂါပိုးကူးစက်မခံရအောင် ကာကွယ်နိုင်မယ့် နည်းလမ်းတွေရှိပါတယ်။

ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း စသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ခံစားနေရသောသူများနှင့် အနီးကပ်နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လူထူထပ်သောနေရာများကို သွားလာခြင်းမှ ရှောင်ကြဉ်ခြင်း၊ နှာချေ၊ ချောင်းဆိုးသည့်အခါ နှာခေါင်းနှင့်ပါးစပ်လုံခြုံအောင် ဖုံးအုပ်ထားသောအဝတ်နှင့် နှာခေါင်းစည်း အသုံးပြုခြင်း၊ တိရစ္ဆာန်များနှင့် အကာအကွယ်မရှိဘဲ တိုက်ရိုက်ထိတွေ့ခြင်းမှ ရှောင်ကြဉ်ခြင်း၊ လူနာနှင့် ထိတွေ့သောအရာဝတ္ထုများအား အသုံးပြုကိုင်တွယ်ပြီးတိုင်းနှင့် လူနာနှင့် တိုက်ရိုက် ထိတွေ့ပြီးသည့်အခါတိုင်း လက်ကို ဆပ်ပြာနဲ့စနစ်တကျ ဆေးကြောခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ခြင်း၊ ကောင်းမွန်စွာအိပ်စက်အနားယူခြင်း၊ အာဟာရ ပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ လူနာအား ထိတွေ့ကိုင်တွယ်ရသည့်အချိန်တိုင်း မိမိကိုယ်ကို ရောဂါပိုးကူးစက်ခံရခြင်းမရှိစေရန် Infection Prevention and Control အား အထူးဂရုပြု လိုက်နာခြင်း၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ လေကြောင်းခရီးမှတစ်ဆင့် ဝင်ရောက်လာသော ပြည်တွင်း/ ပြည်ပခရီးသွားများအနေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အပြည်ပြည်ဆိုင်ရာ ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာအကြံပေးချက်(Travel Advice) ကို လိုက်နာခြင်း၊ ရောဂါလက္ခဏာများ တွေ့ရှိသည်ဟုယူဆပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများထံ သတင်းပို့၍ ကုသမှုခံယူခြင်းတို့နဲ့ ကာကွယ်နိုင်ပါတယ်။

**မေး ။ ။ ပြည်သူတွေကို အသိပေးပြောကြားလိုတာ ရှိရင်လည်း ပြောပေးပါဦး။**

ဖြေ ။ ။ 2019 Novel Coronavirus (2019–nCoV) ရောဂါ ဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ တရားဝင် Website (https:// www. mohs.gov. mm/) နဲ့ Facebook page၊ Myanmar CDC Facebook Page (https://web.facebook.com/Myanmar CDC/)နဲ့ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲရဲ့ Facebook page တို့ကတစ်ဆင့် ထုတ်ပြန်သွားမှာဖြစ်ပြီးတော့ ပြည်သူတွေအနေနဲ့ ထုတ်ပြန်တဲ့ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်တွေကိုလည်း စနစ်တကျ လိုက်နာဆောင်ရွက်ကြပါလို့ ပြောကြားလိုပါတယ်။

**“2019 Novel Coronavirus ပိုးကြောင့် ဖြစ်ပွားတဲ့ အဆုတ်ရောင်ရောဂါလူနာတွေမှာ ရောဂါလက္ခဏာတွေအနေနဲ့ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ အသက်ရှူကျပ်ခြင်း စတဲ့လက္ခဏာတွေ ခံစားရကြောင်း တွေ့ရှိရပြီး ရောဂါပြင်းထန်သူတွေမှာတော့ နောက်ဆက်တွဲအနေနဲ့ အသက်ရှူရခက်ခဲခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ရင်ဘတ်ဓာတ်မှန်တွင် အဆုတ်ခဲသည့်လက္ခဏာများ တွေ့ရခြင်း၊ အသက်ရှူလမ်းကြောင်းစနစ် ပျက်စီးခြင်း၊ ဝမ်းတွင်းကလီစာများပျက်စီးခြင်း၊ သွေးဆိပ်တက်ခြင်းနှင့် အသက်သေဆုံးခြင်းတို့အထိ ဖြစ်ပွားနိုင်တာကို တွေ့ရပါတယ်”**

# အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာ အကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**အမျိုးသမီးများအပေါ်အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ဥပဒေကြမ်း**

**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်၊ ။)**
**၁၃၈၁ ခုနှစ်၊ လ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း (၁)**
**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သောပြစ်မှုတစ်ခုခုသည် အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်နှင့်ကိုက်ညီလျှင် ဤဥပဒေအရသာ စီရင်ပိုင်ခွင့်ရှိစေရမည်–

(က) မည်သူမဆို မြန်မာနိုင်ငံအတွင်း ကျူးလွန်ခြင်း၊

( ခ ) မြန်မာနိုင်ငံသားကဖြစ်စေ၊ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ပြီး နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကိုင်ဆောင်ထားသူကဖြစ်စေ၊ မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသည့် နိုင်ငံခြားသားက ဖြစ်စေ ပြည်ပတွင် ကျူးလွန်ခြင်း၊

( ဂ ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံ လွှင့်ထူခွင့်ရှိသော ရေယာဉ် သို့မဟုတ် လေယာဉ်ပေါ်တွင် ကျူးလွန်ခြင်း။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် –

(က) **အမျိုးသမီး** ဆိုသည်မှာ အသက်အရွယ် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူမိန်းမကို ဆိုသည်၊

( ခ ) **ကလေးသူငယ်** ဆိုသည်မှာ အသက် ၁၈ နှစ် မပြည့်သေးသော သူကို ဆိုသည်၊

( ဂ ) **အကြမ်းဖက်မှု** ဆိုသည်မှာ ဤဥပဒေအရ အမျိုးသမီးဖြစ်ခြင်း အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံပြီး ထိုအမျိုးသမီးအပေါ် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု သို့မဟုတ် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုတစ်ခုခုကို ခြိမ်းခြောက်၍သော်လည်းကောင်း၊ အနိုင်အထက်ပြု၍သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း အကြမ်းဖက်သည့်ပြုလုပ်မှုကို ဆိုသည်။

**ရှင်းလင်းချက်–**

(၁) **ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု** ဆိုသည်မှာ ဘေးဖြစ်စေတတ်သော လက်နက် သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ အမျိုးသမီးကို သေစေရန်၊ နာကျင်စေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အနိုင်အထက်ပြုမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ထိပါးစော်ကားမှု သို့မဟုတ် မ တရားချုပ်နှောင်ထားမှု အပါအဝင် တစ်နည်းနည်းဖြင့် ပြုလုပ်သည့်အကြမ်းဖက်မှုကို ဆိုသည်။

(၂) **စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု** ဆိုသည်မှာ အမျိုးသမီး၏ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုဖြစ်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် တမင်ကြံရွယ်လုပ်ဆောင်သော အောက်ပါပြုလုပ်မှုများကို ဆိုသည်–

(က) လွတ်လပ်စွာသွားလာနေထိုင်ခွင့်မပြုခြင်း၊

( ခ ) နှုတ်ဖြင့်အကြိမ်ကြိမ်စော်ကားခြင်း၊

( ဂ ) အများသူငါရှေ့တွင် အရှက်ရအောင် ပြုမူပြောဆိုခြင်း၊

(ဃ) မကြာခဏခြိမ်းခြောက်ခြင်း။

(၃) **လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု** ဆိုသည်မှာ သွေးဆောင်ဖြားယောင်းခြင်း၊ အဓမ္မတိုက်တွန်းခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အနိုင်အထက်ပြုခြင်းဖြင့် အမျိုးသမီး၏ သဘောတူညီချက်မပါဘဲ လိင်ပိုင်းဆိုင်ရာပြုမူဆောင်ရွက်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါပြုလုပ်မှုများလည်း ပါဝင်သည် –

(က) မုဒိမ်းမှု၊

( ခ ) ဓမ္မတာနှင့်ဆန့်ကျင်သော လိင်ပိုင်းဆိုင်ရာပြုကျင့်မှု၊

( ဂ ) ပြည့်တန်ဆာပြုလုပ်ရန် ခိုင်းစေမှု၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာ ကိစ္စပြုလုပ်မှု၊ စီးပွားရေးအလို့ငှာ လိင်ပိုင်းဆိုင်ရာအလွဲသုံးမှု၊

(ဃ) လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ရန် ကြံရွယ်၍ ကျူးလွန်သည့် လက်ရောက်မှု၊

( င ) အမျိုးသမီးကို လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်ရန် ရည်ရွယ်၍ စကားဖြင့်ဖြစ်စေ၊ ကိုယ်အမူအရာဖြင့် ဖြစ်စေပြုလုပ်မှု၊

( စ ) အမျိုးသမီး၏ လိင်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းသည့် ခန္ဓာကိုယ်အစိတ်အပိုင်းကိုဖြစ်စေ၊ အပြုအမူကိုဖြစ်စေ ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုရိုက်ကူးမှု၊ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်များတွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု၊ ထုတ်ဖော်ဖြန့်ဝေမှု သို့မဟုတ် ညစ်ညမ်းပုံများ ပေးပို့ဖြန့်ဝေမှု။

(၄) **စီးပွားရေးဆိုင်ရာအကြမ်းဖက်မှု** ဆိုသည်မှာ အိမ်ထောင်ဦးစီး အမျိုးသားကဖြစ်စေ၊ သွေးရင်းမိသားစုဝင် တစ်ဦးဦးက ဖြစ်စေ တရားဝင်ဇနီးအပေါ် သို့မဟုတ် သွေးရင်းမိသားစုဝင် အမျိုးသမီးတစ်ဦးအပေါ် အောက်ပါတို့နှင့် စပ်လျဉ်း၍ ပြုလုပ်ခြင်းကို ဆိုသည်–

(က) ပုံမှန်ဝင်ငွေရှိလျက် မိသားစုစားဝတ်နေရေးအတွက် စရိတ်ထောက်ပံ့မှုမပြုခြင်း၊

( ခ ) တရားဝင်ဝင်ငွေရအလုပ် သို့မဟုတ် စီးပွားရေးလုပ်ငန်း ဆောင်ရွက်မှု တစ်ခုခုကို ခွင့်မပြုခြင်း သို့မဟုတ် ပိတ်ပင်တားမြစ်ခြင်း၊

( ဂ ) အိမ်ထောင်ပစ္စည်းများကို မကြာခဏ ဖျက်ဆီးဆုံးရှုံးစေခြင်း၊

(ဃ) အမျိုးသမီး၏ ကိုယ်ပိုင်ငွေကြေးနှင့် ပစ္စည်းများကို ထိန်းချုပ်ခြင်း။

(ဃ) **အိမ်တွင်းအကြမ်းဖက်မှု** ဆိုသည်မှာ သွေးရင်းမိသားစုဝင် တစ်ဦးဦးကဖြစ်စေ၊ အိမ်ထောင်စုဝင် တစ်ဦးဦးကဖြစ်စေ အမျိုးသမီးအပေါ် အကြမ်းဖက်ပြုခြင်းကိုဆိုသည်။

( င ) **မုဒိမ်းမှု** ဆိုသည်မှာ ရာဇသတ်ကြီးပုဒ်မ ၃၇၅ တွင် ပါရှိသော ကင်းလွတ်ချက်မှအပ ယင်းပုဒ်မတွင် ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

( စ ) **အိမ်ထောင်ဖက်ကကျူးလွန်သောမုဒိမ်းမှု** ဆိုသည်မှာ ခင်ပွန်းက ဇနီးဖြစ်သူကို ကျူးလွန်သည့်မုဒိမ်းမှုကို ဆိုသည်။

(ဆ) **သဘောတူညီချက်** ဆိုသည်မှာ လွတ်လပ်သောသဘောဆန္ဒဖြင့် ပေးသည့် သဘောတူညီချက်ကိုဆိုသည်။ သို့ရာတွင် အောက်ပါ အခြေအနေတစ်ရပ်ရပ်အရ ပေးသော သဘောတူညီခြင်း မပါဝင်ရ –

(၁) သေစေမည် သို့မဟုတ် နာကျင်စေမည်ဟု ကြောက်ရွံ့အောင် ခြိမ်းခြောက်သဖြင့်သဘောတူညီခြင်း၊

(၂) အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း သို့မဟုတ် လိမ်လည်လှည့်ဖြားခြင်းကြောင့် သဘောတူညီခြင်း၊

(၃) လက်နက်ကိုင်တပ်ဖွဲ့ဝင်ဖြစ်သဖြင့် သဘောတူညီခြင်း၊

(၄) မိမိအကျိုးနစ်နာမည်ကို စိုးရိမ်၍ သဘောတူညီခြင်း၊

(၅) အကြောင်းခြင်းရာ အမှန်ကိုမသိ၍ သဘောတူညီခြင်း။

( ဇ ) **ထောင်ဒဏ်တစ်သက်** ဆိုသည်မှာ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူအား အကျဉ်းထောင်၌ သေဆုံးသည်အထိ ပြစ်ဒဏ်ကျခံစေရန် ချမှတ်သည့်ထောင်ဒဏ်ကိုဆိုသည်။

(ဈ) **လုပ်ငန်းခွင်** ဆိုသည်မှာ အခကြေးငွေ၊ လုပ်ခလစာ သို့မဟုတ် အကျိုးခံစားခွင့် တစ်စုံတစ်ရာပေးသည်ဖြစ်စေ၊ မပေးသည် ဖြစ်စေ အလုပ်လုပ်ကိုင်ရသည့် နေရာ၊ ဌာနတို့ကို ဆိုသည်။

(ည) **သွေးရင်းမိသားစုဝင်** ဆိုသည်မှာ မိဘ၊ ဘိုးဘွား၊ ဇနီး၊ ခင်ပွန်း၊ ညီအစ်ကိုမောင်နှမများ၊ သားသမီးအရင်းများ၊ တရားဝင် မွေးစားသားသမီးများနှင့် တိုက်ရိုက်ဆွေမျိုးတော်စပ်သူများကို ဆိုသည်။

( ဋ ) **အိမ်ထောင်စုဝင်** ဆိုသည်မှာ အိမ်ထောင်စုဇယားတွင် ပါဝင်သည် ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ သွေးရင်းမိသားစုဝင်များ၊ အိမ်အကူလုပ်သားများ၊ မှီခိုသူများအပါအဝင် မိသားတစ်စုအဖြစ် အတူတကွ နေထိုင်ကြသူများကို ဆိုသည်။

( ဌ ) **ရင်းနှီးကျွမ်းဝင်သူလက်တွဲဖော်** ဆိုသည်မှာ အမျိုးသမီးတစ်ဦးနှင့် အတူနေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ သမီးရည်းစား သို့မဟုတ် အိမ်ထောင်ဖက်ကဲ့သို့ ဆက်ဆံရေးရှိသူကို ဆိုသည်။

( ဍ ) **အကြမ်းဖက်ခံရသူ** ဆိုသည်မှာ ဤဥပဒေပါ အကြမ်းဖက်မှု ကျူးလွန်ခြင်းခံရသည့် အမျိုးသမီးကို ဆိုသည်။

( ဎ ) **မသန်စွမ်းသူ** ဆိုသည်မှာ မွေးရာပါဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ကိုယ်ကာယ၊ အမြင်၊ အပြော၊ အကြား၊ အသိဉာဏ်၊ စိတ်ပိုင်း၊ ဉာဏ်ရည် ဉာဏ်သွေးပိုင်း၊ အာရုံခံစားမှုပိုင်းဆိုင်ရာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ချို့ယွင်းအားနည်းချက်များကို ရေရှည်ခံစားနေရသူအား ဆိုသည်။

(ဏ) **ထိခိုက်နစ်နာမှု** ဆိုသည်မှာ အကြမ်းဖက်မှုကြောင့် နာကျင်ခံစားရမှုကိုလည်းကောင်း၊ ငွေကြေး၊ ပစ္စည်းထိခိုက်ပျက်စီးဆုံးရှုံးမှုကိုလည်းကောင်း၊ ယင်းတို့နှင့်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဆုံးရှုံးမှုများကိုလည်းကောင်း ဆိုသည်။

(တ) **သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ** ဆိုသည်မှာ အချက်အလက်၊ မူရင်းစာ၊ ပုံရိပ်သဏ္ဌာန်၊ အသံ၊ သင်္ကေတ (Code)၊ လက္ခဏာသင်္ကေတ(Sign)၊ အချက်ပြသင်္ကေတ(Signal) နှင့် အချက်အလက်အစုအဝေး(Database) ပုံရိပ်ငြိမ်နှင့် ပုံရိပ်ရှင်တို့အပြင် ယင်းတို့တစ်ခုထက်ပို၍ ပေါင်းစည်းထားသော အရာများနှင့် အလားတူကိစ္စရပ်များကို ကွန်ပျူတာနှင့် ဆော့ဖ်ဝဲများကို အသုံးပြု၍သော်လည်းကောင်း၊ အီလက်ထရောနစ်ဆက်သွယ်ရေးပစ္စည်းကိရိယာတစ်ခုခုကို အသုံးပြု၍သော် လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ သတင်းအချက်အလက်များအား အသုံးပြုခြင်း၊ စုစည်းသိမ်းဆည်းခြင်း၊ ဖြန့်ဝေခြင်းနှင့် ဖလှယ်ခြင်းတို့ ပြုလုပ်နိုင်သော စနစ်တစ်ခုခုကို ဆိုသည်။

(ထ) **အကာအကွယ်ပေးရေးဆိုင်ရာအမိန့်** ဆိုသည်မှာ အကြမ်းဖက်မှုကျူးလွန်သည့်ပြစ်မှုကို တရားရုံးသို့ တရားစွဲဆိုနိုင်ရေး စီစဉ်ဆောင်ရွက်နေသည့် ကာလအတွင်းတွင်ဖြစ်စေ၊ တရားစွဲဆိုထားသည့် ကာလအတွင်းတွင်ဖြစ်စေ အကြမ်းဖက်မှုထပ်မံ၍ မကျူးလွန်နိုင်ရေးနှင့် အကြမ်းဖက်ခံရသူအား လိုအပ်သော အကာအကွယ်ပေးရေးတို့အတွက် တရားရုံးကထုတ်ပေးသည့် အမိန့်ကို ဆိုသည်။

( ဒ ) **ယာယီအကာအကွယ်ပေးရေးအစီအမံ** ဆိုသည်မှာ အကြမ်းဖက်မှု ကျူးလွန်သည့်ပြစ်မှုနှင့်စပ်လျဉ်း၍ အမှုဖွင့်တိုင်တန်းခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ အကြမ်းဖက်မှု ထပ်မံ မကျူးလွန်နိုင်ရေးနှင့် အကြမ်းဖက်ခံရသူကို အရေးပေါ်ယာယီ အကာအကွယ်ပေးရေးတို့အတွက် ဤဥပဒေအရ မြို့နယ် အမျိုးသမီးကော်မတီက ဖြစ်စေ၊ မြို့နယ်အမျိုးသမီးကော်မတီ က တာဝန်ပေးအပ်သူကဖြစ်စေ ဆောင်ရွက်ရမည့်အစီအမံကို ဆိုသည်။

( ဓ ) **ယာယီစောင့်ရှောက်ရေးနေရာ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း သို့မဟုတ် လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု လူမှုရေးအဖွဲ့အစည်းက အကြမ်းဖက်ခံရသူကို ၎င်း၏ဆန္ဒအရ ယာယီစောင့်ရှောက်ပေးရန် ဤဥပဒေနှင့်အညီ တည်ထောင်ထားသော နေရာကို ဆိုသည်။

( န ) **ကော်မတီ** ဆိုသည်မှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ကော်မတီကို ဆိုသည်။

( ပ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကို ဆိုသည်။

( ဖ ) **ကျန်းမာရေးစောင့်ရှောက်မှုပေးသူ** ဆိုသည်မှာ အကြမ်းဖက်ခံရသူများအား အစိုးရဆေးရုံ၊ အစိုးရကျန်းမာရေးဌာနများ၊ ပုဂ္ဂလိကဆေးရုံ၊ ပုဂ္ဂလိကဆေးခန်း သို့မဟုတ် ယာယီစောင့်ရှောက်ရေးနေရာရှိ ကျန်းမာရေးဝန်ဆောင်မှုအမျိုးမျိုးပေးသည့် ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာ နည်းပညာကျွမ်းကျင်သူများ၊ စိတ်ပညာရှင်များ၊ သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများကို ဆိုသည်။

( ဗ ) **ဝန်ဆောင်မှုရရှိနိုင်ရန်ဆောင်ရွက်ပေးသူ**ဆိုသည်မှာ အကြမ်းဖက်ခံရသူ သို့မဟုတ် တိုင်ကြားသူ၏ ဥပဒေအရ ရပိုင်ခွင့်များ သိရှိစေရေး၊ ဥပဒေပညာရှင်များ၊ သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေးနှင့် အခြားဝန်ဆောင်မှုများ ရယူနိုင်ရေးတို့အတွက် အထောက်အကူပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနက အထူးလေ့ကျင့်သင်ကြားထားသော လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲသူနှင့် ဆေးလူမှုဆက်ဆံရေးဝန်ထမ်းတို့ကို ဆိုသည်။

(ဘ) **ဒေသဆိုင်ရာကော်မတီ** ဆိုသည်မှာ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ဖွဲ့စည်းထားသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသမီးကော်မတီ၊ ပြည်ထောင်စုနယ်မြေအမျိုးသမီးကော်မတီ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးကော်မတီ၊ ခရိုင်အမျိုးသမီးကော်မတီနှင့် မြို့နယ်အမျိုးသမီး ကော်မတီကိုဆိုသည်။

( မ ) **အကာအကွယ်ပေးရန်တာဝန်ရှိသူ** ဆိုသည်မှာ အကြမ်းဖက်ခံရသူကို အကာအကွယ်ပေးရန်တာဝန်ပေးခြင်းခံရသည့် လုပ်ငန်းကော်မတီဝင်များ၊ ဒေသဆိုင်ရာကော်မတီဝင်များ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဝန်ထမ်းများကိုဆိုသည်။

(ယ) **ဆေးစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက တာဝန်ပေးသည့် ဆေးစစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဖယ်ခုံအင်းအတွင်း အပျော်စီးရေယာဉ်များ စတင်ပြေးဆွဲလျက်ရှိ

**ဖယ်ခုံ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်ရှိ ဖယ်ခုံအင်းအတွင်း အပျော်စီးရေယာဉ်များ စမ်းသပ်ကာလအဖြစ် စတင်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

အင်းရေပြင်အတွင်း Lake Pekhon Houseboats မှ အပျော်စီးရေယာဉ်များကို MV LPH Lity အမည်ဖြင့် အိပ်ခန်းသုံးခန်းပါ ခရီးသည် ခြောက်ဦးစီး ရေယာဉ်နှင့် MV LPH Cherry အမည်ဖြင့် အိပ်ခန်းခြောက်ခန်းပါ ခရီးသည် ၁၅ ဦးစီး ရေယာဉ်နှစ်စင်းဖြင့် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီအင်းရေပြင်ပတ်လည်နဲ့ ရေလယ်ကျွန်းတွေမှာ နေထိုင်ကြတဲ့ ရှမ်း၊ ပအိုဝ်း၊ ကယန်း၊ အင်းသား စတဲ့ တိုင်းရင်းသားလူမျိုးစုတွေရဲ့ လူနေမှုဘဝတွေ၊ ဘာသာသာသနာ ယုံကြည်မှုပုံရိပ်အမျိုးမျိုးတွေ၊ ပင်လယ်လို ကျယ်ပြန့်တဲ့ ရေပြင်ကျယ်နဲ့ရှုခင်းတွေ၊ ဖယ်ခုံမြို့ရှုခင်းနဲ့ အနောက်ဘက်က ပေခြောက်ထောင်ကျော်မြင့်တဲ့ တောင်တန်းတွေနဲ့ အင်းရေပြင်ရဲ့အလှကို ခံစားနိုင်မှာပါ" ဟု ရေယာဉ်တည်ဆောက်သူ ကိုအောင်ရဲကျော်က ပြောသည်။

အပျော်စီးရေယာဉ်များကို White Swan Boating Co,Ltd မှဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ခြောက်ဦးစီး ရေယာဉ် MV LPH Lity သည် အလျားပေ ၄၀ နှင့် အနံ ၁၅ ပေရှိ၍ ၁၅ ဦးစီးရေယာဉ် MV LPH Cherry သည် အလျားပေ ၄၀ နှင့် အနံ ၂၂ ပေရှိကြောင်း သိရသည်။

အဆိုပါရေယာဉ်များကို ဇန်နဝါရီလအတွင်း စမ်းသပ်ကာလအထူးအစီအစဉ်အဖြစ် ဒေသခံများအား တစ်ဦးလျှင် ငွေကျပ် ငါးထောင်နှုန်းဖြင့် MV LPH Cherry ရေယာဉ်တွင် ၂၅ ဦးစီးနိုင်ပြီး MV LPH Lity ရေယာဉ်တွင် ၁၂ ဦးစီးနိုင်ကြောင်း သိရသည်။ ပျမ်းမျှမောင်းနှင်ချိန် နှစ်နာရီနှင့် ကျွန်းပေါ်လှည့်ပတ်ချိန် တစ်နာရီ စုစုပေါင်း သုံးနာရီကြာမည်ဖြစ်ကြောင်း သိရသည်။

စမ်းသပ်ပြီးကာလနောက်ပိုင်းတွင် ညအိပ်ခရီးစဉ်များနှင့် နေ့ချင်းပြန်ခရီးစဉ်များကို ပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ စင်းလုံးငှားခရီးစဉ်များကိုလည်း ပြေးဆွဲသွားမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ Lake Cruise ခရီးစဉ်များကို Lake Pekhon Houseboats က ပထမဆုံး ဖန်တီးဖော်ဆောင် ပြေးဆွဲခြင်းဖြစ်ကြောင်း ကိုအောင်ရဲကျော်က ဆက်လက်ပြောသည်။

**ကိုထွေး(ဖယ်ခုံ)**



ဖယ်ခုံအင်းအတွင်း ပြေးဆွဲနေသည့် အပျော်စီးရေယာဉ်တစ်စင်းကို တွေ့ရစဉ်။

# မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ပြသညှိနှိုင်းကော်မတီမှ ဖေဖော်ဝါရီနှင့် မတ်လအတွင်းပြသမည့် ဇာတ်ကားများရွေးချယ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရုပ်ရှင်ဇာတ်ကားများ ရုံတင်ပြသရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ပြသညှိနှိုင်းကော်မတီသည် ရက်သတ္တပတ် ခြောက်ပတ်လျှင် တစ်ကြိမ် အစည်းအဝေးပြုလုပ်ရွေးချယ်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်မှ မတ် ၂၆ ရက်အတွင်း ရုံတင်ပြသရမည့် ဇာတ်ကားများကို ယနေ့တွင် အစည်းအဝေးပြုလုပ်၍ ဆင်ဆာခွင့်ပြုထားသည့် ရုပ်ရှင်ဇာတ်ကားများထဲမှ ရွေးချယ်ခဲ့သည်။

**နှင်းဆီရဲတိုက်၊ ကိုပေါ၊ ရွှာဖော်ကြီး၊ ပိတောက်ကတဲ့ဂီတ၊ ကမ္ဘာကျော်ရုပ်ရှင်၊ ဦးဖွ၊ အော်ရဂျင်နယ် ဂန်းစတား-၃၊ ဘယ်ဥက္ကဋ္ဌကို အချစ်ဆုံးလဲ** ဇာတ်ကားများကို မင်္ဂလာရုပ်ရှင်ရုံအုပ်စု၏ ရုပ်ရှင်ရုံများတွင် ပြသသွားမည်ဖြစ်ကြောင်းနှင့် JCGV ရုပ်ရှင်ရုံအုပ်စုနှင့် Mega Ace ရုပ်ရှင်ရုံအုပ်စုရှိ ရုပ်ရှင်ရုံများတွင် **နှင်းဆီရဲတိုက်၊ ကိုပေါ၊ လေဒီဒိန်းဂျား၊ ပိတောက်ကတဲ့ဂီတ၊ ကမ္ဘာကျော်ရုပ်ရှင်၊ ဦးဖွ၊ ငါ၏အမိနဲ့၊ ဂန္ထဝင်အငြိုး** ဇာတ်ကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုတစ်ပတ် ရွေးချယ်ရာတွင် ရုံအုပ်စုနှစ်ခုလုံးက ရွေးသည့် ဇာတ်ကား ငါးကားရှိပြီး ၂၀၁၆ ခုနှစ် ခွင့်ပြုဇာတ်ကား နှစ်ကား၊ ၂၀၁၇ ခုနှစ် ခွင့်ပြုဇာတ်ကား နှစ်ကား၊ ၂၀၂၀ ပြည့်နှစ် ခွင့်ပြုဇာတ်ကား တစ်ကားဖြစ်သည်။ ထူးခြားချက်တစ်ခုမှာ **ပိတောက်ကတဲ့ဂီတ** ဇာတ်ကားသည် ၂၀၂၀ ပြည့်နှစ်တွင် ခွင့်ပြုခဲ့သည့် ဇာတ်ကားဖြစ်ပြီး ကားသစ်များမှ ရုံအုပ်စုနှစ်ခုလုံးက ပထမဆုံး ရုံအများဆုံးပြသရန် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါဇာတ်ကားကို Frenzo ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ မီးပွားက ပုံဖော်ရိုက်ကူးထားကာ စိုင်းစိုင်းခမ်းလှိုင်၊ ကျော်သူ၊ ဇင်ဝိုင်း၊ စိုးမြတ်သူဇာ၊ မေသဉ္ဇာဦး၊ အေးမြတ်သူ၊ ပိုးမမီသာ တို့က အဓိကပါဝင်သရုပ်ဆောင်ထား၍ အခြားအနုပညာရှင်များစွာဖြင့် ရိုက်ကူးထားရာ လာမည့် မတ်လ ၅ ရက်တွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဇာတ်ကားရုံတင်မှုနှင့်ပတ်သက်၍ "ကိုယ်မက်ခဲ့ရတဲ့အိပ်မက် တကယ်ဖြစ်လာတာကို ဝမ်းသာကြည်နူးမိပါတယ်။ ရုပ်ရှင်လောကသားတစ်ယောက်အနေနဲ့ ရုပ်ရှင်လောကအတွက် နှစ်ဖက်ရုပ်ရှင်ရုံများကို ကျေးဇူးတင်ရှိပါတယ်" ဟု ဒါရိုက်တာ မီးပွားက ပြောသည်။

"ဇာတ်ကားကောင်းလို့ ရုံအုပ်စုနှစ်ခုလုံးက ရွေးချယ်ရန် ထုတ်လုပ်သူတွေအနေနဲ့လည်း ကြိုက်နှစ်သက်ကြပါတယ်။ အခုလို ရုပ်ရှင်ရုံအုပ်စုနှစ်ခုလုံးက ရွေးချယ်ဖို့အတွက် ဇာတ်ကားကောင်းပြီး ပရိသတ်ကြိုက်နှစ်သက်မယ့် ဇာတ်ကားတွေ ရိုက်ကူးဖို့ လိုအပ်ပါတယ်။ အခု ဇာတ်ကားကို ထုတ်လုပ်သူကလည်း ရုံအုပ်စုနှစ်ခုလုံးမှာ ပြသရဖို့ကမ်းလှမ်းခဲ့သလို ဇာတ်ကားကလည်း ကောင်းတဲ့အတွက် ရွေးချယ်ခဲ့ပါတယ်" ဟု ရုံအုပ်စု နှစ်ခုလုံး၏ တာဝန်ရှိသူများက ပြောသည်။

"တစ်နိုင်ငံလုံးမှာ ပြသခွင့်ရမှာဖြစ်တဲ့အတွက် အင်မတန်စိတ်လှုပ်ရှားဝမ်းသာမိပါတယ်။ ကျွန်တော်တို့ ရုပ်ရှင်ကားလေးကို ယုံကြည်စွာနဲ့ ပြသမယ့် ရုပ်ရှင်ရုံတွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ထုတ်လုပ်သူ၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

"၂၀၂၀ ပြည့်နှစ်မှာ ဆင်ဆာခွင့်ပြုခဲ့တဲ့ ဇာတ်ကားသစ်ကို ရုံအုပ်စုနှစ်ခုလုံးက ရွေးချယ်ခြင်းကို သဘောကျပါတယ်။ ကြိုဆိုပါတယ်" ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ပြောသည်။

ယခုကဲ့သို့ဇာတ်ကားကောင်းတွေ ပေါ်ထွက်လာသလို ရုံတင်ပြသနိုင်ရန်အတွက် ရုပ်ရှင်ပိတ်ကား အရေအတွက်မှာလည်း ၂၀၁ ခုအထိ တိုးတက်နေပြီ ဖြစ်ပါတယ်။ ဇာတ်လမ်းကောင်း၊ ဇာတ်ကားကောင်း၊ အားထုတ်မှုကောင်းသော ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်ရန် လိုအပ်နေပြီဟု ထုတ်လုပ်သူများ၊ ဒါရိုက်တာများအား အချက်ပေးနှိုးဆော်မှုတစ်ခုလည်း ဖြစ်သည်။

**နီနီချို (FDC)**

❑ *ကျောဖုံးမှ*

မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် မကွေးအသင်း၊ ဇန်နဝါရီ ၂၆ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း၊ ပုသိမ်ကွင်း၌ ရှေဝတီအသင်းနှင့် ဖွဲ့ကပင်အသင်း၊ ဝေဘာလီကွင်း၌ ရခိုင်အသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် ရန်ကုန်အသင်းသည် ပွဲကျပ်ကာလကို ဖြတ်သန်းနေရပြီး ကြားရက်တွင် AFC Cup ခြေစစ်ပွဲအဖြစ် အဝေးကွင်းပွဲကစားခဲ့ရသလို အမှတ်ပေးပွဲတွင်လည်း ရတနာပုံအသင်းနှင့် ထပ်မံကစားရခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသော်လည်း အောင်သူ၊ လှိုင်းဘိုဘို၊ စည်သူအောင်၊ ဝင်းနိုင်စိုး စသည့် ပြည်တွင်းကစားသမားကောင်းများ ပိုင်ဆိုင်ထားခြင်းကြောင့် ရန်ကုန်အသင်းအနေဖြင့် အားကုန်ထုတ်ကစားရဖွယ်ရှိနေသည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ပွဲစဉ် (၂) တွင် ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့သလို ယခုတစ်ပတ်တွင်လည်း ကစားပုံမာကျောသည့် စစ်ကိုင်းအသင်းနှင့် အဝေးကွင်း ထပ်မံကစားရခြင်းဖြစ်သည်။ ရှေဝတီအသင်းမှာမူ သုံးပွဲဆက် အိမ်ကွင်းကစားရသော်လည်း ပုံမှန်ခြေမရသေးသောကြောင့် နိုင်ပွဲဆက်ရန် အားကုန်ထုတ်ကစားရဖွယ်ရှိနေသည်။

ပွဲစဉ် (၂) အပြီးတွင် ရန်ကုန်နှင့် ဟံသာဝတီအသင်းက ခြောက်မှတ်စီ၊ ရတနာပုံ၊ စစ်ကိုင်းနှင့် ရှေဝတီအသင်းတို့က လေးမှတ်စီ၊ ရှမ်းယူနိုက်တက်၊ ချင်းယူနိုက်တက်နှင့် ရခိုင်အသင်းတို့က သုံးမှတ်စီ၊ မကွေးအသင်းက တစ်မှတ်ရထားပြီး Southern၊ အား/ကာသိပ္ပံနှင့် ဖွဲ့ကပင်အသင်းတို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

## ပရီမီယာလိဂ် ပွဲစဉ်(၂၄) လီဗာပူးတို့ ဝုလ်ကို အနိုင်ယူပြီး ရှုံးပွဲမရှိ ဇယားထိပ်၌ ဆက်လက်ဦးဆောင်

အင်္ဂလန် ပရီမီယာလိဂ်ပွဲစဉ်(၂၄) မှ နောက်ဆုံးပွဲစဉ် တစ်ပွဲဖြစ်သော ဝုလ်နှင့် လီဗာပူးတို့သည် ဇန်နဝါရီ ၂၄ရက် သောကြာနေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင် ဝုလ်အသင်းသည် ၃-၄-၃ ကစားကွက်ဖြင့် နီတို၊ ဂျီမီနက်ဇ်နှင့် ထရာအိုရေးတို့ တိုက်စစ်အတွဲဖြင့် ပွဲထွက်ခဲ့ပြီး ဧည့်သည် လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်တွင် ဆာလက်၊ ဖာမီနိုနှင့် မာနေးတို့ အတွဲ ပွဲထွက်လာသည်။ ပွဲချိန် ရှစ်မိနစ်တွင် အာနိုး၏ ဖန်တီးမှုမှတစ်ဆင့် ကွင်းလယ်ကစားသမား ဟန်ဒါဆန်က လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပထမပိုင်းကို ဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၅၁မိနစ်တွင် ဝုလ်တိုက်စစ်မှူး ဂျီမီနက်ဇ်က ချေပဂိုးသွင်းယူခဲ့ပြီး ပြိုင်ပွဲကို ပြန်လည်အသက်သွင်းကာ နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။ လီဗာပူးအတွက် အနိုင်ဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ဟန်ဒါဆန်၏ ဖန်တီးမှုမှတစ်ဆင့် ဖာမီနိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယနေ့ပွဲတွင် ချန်ပီယံလောင်း လီဗာပူးအသင်းကို ဝုလ်အသင်းသည် အိမ်ကွင်းတွင် အကောင်းဆုံး ဖိအားပေးကစားနိုင်ခဲ့သည်။ ယင်းပွဲတွင် လီဗာပူးကွင်းလယ်ကစားသမား ဟန်ဒါဆန်သည် အကောင်းဆုံး ခြေစွမ်းပြခဲ့သည့် ကစားသမားဖြစ်ခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုမှာ လီဗာပူးက အနည်းငယ်အသာစီးရရှိခဲ့ရာ ဂိုးကန်သွင်းခွင့် ၁၃ ကြိမ်ရရှိခဲ့ပြီး ခြောက်ကြိမ် ဂိုးပေါက်ချိမ်းခြောက်နိုင်ခဲ့သည်။ အိမ်ရှင် ဝုလ်အသင်းသည် ၁၀ ကြိမ် ဂိုးကန်သွင်းခွင့်ရရှိခဲ့ပြီး သုံးကြိမ်သာ ဂိုးပေါက် ချိမ်းခြောက်နိုင်ခဲ့သည်။ လီဗာပူးသည် ပွဲစဉ်(၂၄)အပြီးတွင် တစ်ပွဲလျော့ ၂၃ ပွဲ ယှဉ်ပြိုင်ထားရာ မန်ယူအိမ်ကွင်းတွင်ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တစ်ပွဲသာ သရေကျထားပြီး ရှုံးပွဲမရှိ ရမှတ် ၆၇ မှတ်ဖြင့် အဆင့် ၂ မှ မန်စီးတီးကို ၁၆ မှတ် ဖြတ်ထားနိုင်ခဲ့သည်။ ဝုလ်အသင်းသည် ရမှတ် ၃၄ မှတ်ဖြင့် မန်ယူ၊ စပါးတို့နှင့် အမှတ်တူညီနေပြီး ဂိုးကွာခြားချက်ကြောင့် အဆင့် ၇ တွင် ရပ်တည်နေသည်။

လီဗာပူးအသင်းသည် ဇန်နဝါရီ ၂၉ ရက်တွင် ပွဲကျန်ပွဲစဉ်အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁ ရက်၌ ပွဲစဉ်(၂၅)တွင် ဆောက်သမ်တန်ကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်ကာ ဝုလ်အသင်းသည် အိုးထရတ်ဖို့ဒ်ကွင်း၌ မန်ယူအသင်းကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**သီဟ**

# ဖေဖော်ဝါရီလတွင် ချန်ပီယံကာကွယ်ပွဲများ ကစားရမည့် သက်ထားသူဇာ

**ရန်ကုန် ဇန်နဝါရီ ၂၄**

၂၀၂၀ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းနေသည့် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ဖေဖော်ဝါရီတွင် ချန်ပီယံကာကွယ်ပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

သက်ထားသူဇာသည် ၂၀၁၉ ခုနှစ်ကရရှိခဲ့သည့် Uganda International Series ကြက်တောင်ပြိုင်ပွဲနှင့် Kenya Future Series ကြက်တောင်ပြိုင်ပွဲမှ ချန်ပီယံဆုတို့ကို ပြန်လည်ကာကွယ်ရမည်ဖြစ်သည်။ ၎င်းအနေဖြင့် လက်ရှိရရှိထားသည့် ချန်ပီယံဆုများ ကာကွယ်နိုင်မှသာ ရမှတ်များ ကာကွယ်နိုင်မည်ဖြစ်သည်။ ၎င်းယှဉ်ပြိုင်မည့် Uganda International Series ကြက်တောင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ ယူဂန္ဓာနိုင်ငံတွင်လည်းကောင်း၊ Kenya Future Series ကြက်တောင်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၁ ရက်အထိ ကင်ညာနိုင်ငံ၌ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး ၎င်းသည် ပြိုင်ပွဲနှစ်ခုစလုံး ဆက်တိုက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ ၎င်းသည် ယခုနှစ်အတွင်း ပြိုင်ပွဲတစ်ပွဲသာ ဝင်ရောက်ယှဉ်ပြိုင်ရသေးပြီး မလေးရှားနိုင်ငံ၌ ကျင်းပသည့် HSBC BWF World Tour Super 500 ဖြစ်သည့် မလေးရှားမာစတာပြိုင်ပွဲတွင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် ယင်းပြိုင်ပွဲအပြီးတွင် မလေးရှားနိုင်ငံ၌ ဆက်လက်နေထိုင်ကာ ကာလတို လေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ၎င်းသည် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ဧပြီလမကုန်မီအထိ ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

သက်ထားသူဇာသည် သူမ၏ ကစားသမားဘဝတစ်လျှောက် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲ ချန်ပီယံဆုကို ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင်ရရှိခဲ့ပြီး ယခုချန်ပီယံကာကွယ်ပွဲကစားရမည့် Uganda International Series ကြက်တောင်ပြိုင်ပွဲနှင့် Kenya Future Series ကြက်တောင်ပြိုင်ပွဲမှ ချန်ပီယံဆုများမှာမူ ၂၀၁၉ ခုနှစ်တွင် ပထမဆုံးရရှိခဲ့သည့် ချန်ပီယံဆုများလည်းဖြစ်သည်။

**ညီမြတ်သော်တာ**

# ရန်ကုန်မှ ချင်းပြည်နယ်သို့ စီးနင်းသည့် အစိမ်းရောင်စက်ဘီးအဖွဲ့ ဆောမြို့သို့ရောက်ရှိ

**ဆော ဇန်နဝါရီ ၂၄**

ခရီးသွားလုပ်ငန်း မြှင့်တင်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကိုရည်ရွယ်၍ အစိမ်းရောင်စက်ဘီးစီးအဖွဲ့က ရန်ကုန်မြို့မှ ချင်းပြည်နယ်ရှိ ခေါ်နူးစုမ် (ခေါ်) နတ်မတောင်သို့ စက်ဘီးစီးနင်းကြရာ ဆောမြို့သို့ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိခဲ့ကြသည်။

ကိုဟိန်းရာဇာ ဦးဆောင်သော အစိမ်းရောင် စက်ဘီးစီးအဖွဲ့ဝင် ခြောက်ဦးတို့သည် ဇန်နဝါရီ ၂၃ ရက် ညပိုင်းတွင် ဆောမြို့နယ် ခွင်းချောင်းကျေးရွာ ဘုန်းကြီးကျောင်းသို့ ရောက်ရှိပြီး လူငယ်များနှင့် တွေ့ဆုံကာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ လူထုကျန်းမာရေးနှင့် စက်ဘီးစီးရခြင်း၏ ရရှိလာမည့် အကျိုးကျေးဇူးများကို ဟောပြောကာ ကျန်းမာရေးအခြေပြု ဂိမ်းကစားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး ဇန်နဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲက ချင်းပြည်နယ် ကန်ပက်လက်မြို့ လောက်နူးမြေသို့ ထွက်ခွာသွားကြောင်း သိရသည်။

**ဇော်မျိုးသန့်(ဆော)**

# ရွှေဘို၌ ဆိုင်ကယ် ၁၀ စီး ခိုးယူသူများအား ဖမ်းဆီးရမိ

**ရွှေဘို ဇန်နဝါရီ ၂၄**



ဝင်းကိုထွန်း၊ ချစ်မိုးနှင့် ဝင်းဇော်တို့ သုံးဦးအား သက်သေခံဆိုင်ကယ်များနှင့်အတူ တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက ဆိုင်ကယ်ခိုးမှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်ချက်အရ ဆိုင်ကယ် ၁၀ စီး ခိုးယူထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ခရိုင်ရဲတပ်ဖွဲ့မှူးဦးစီး၍ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ခိုးမှုကျူးလွန်သူ ရွှေဘိုမြို့ အမှတ်(၂) ရပ်ကွက် ပြင်ဈေးတောင်ရပ်နေ ဝင်းကိုထွန်း(၂၅နှစ်)၊ ရွှေဘိုမြို့ အမှတ်(၅)ရပ်ကွက်၊ ရန်မျိုးအောင်ကွက်သစ်ရပ်နေ ချစ်မိုး (၁၉နှစ်)နှင့်လိပ်စာတူ ဝင်းဇော်(၁၈နှစ်)တို့ သုံးဦးအား စစ်ဆေးဖော်ထုတ်ခဲ့ရာ ဆိုင်ကယ်မျိုးစုံ ၁၀ စီး ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဝင်းကိုထွန်း (၂၅ နှစ်) ပါ သုံးဦးကို ရွှေဘိုမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၁-၂၀၂၀ (စနေနေ့)

**နံနက်ပိုင်း**

၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ – Breakfast News
၇:၃၅ – Weekly Sport Info
၈:၄၀ – ပြည်သူ့အကျိုးပြုမှတ်တိုင်များ “တိုးတက်အောင်မြင် မန္တလေးမြို့တော်တစ်ခွင်” (၃) (မြို့တော်အလိုက် လမ်းများ အဆင့်မြှင့်တင်မှု)
၈:၅၀ – ပန်းပျိုးခင်း(အပိုင်း-၇၁) ဆယ်ကျော်သက်အရွယ် အိပ်ချိန်မမှန်ခြင်းနှင့် သူငယ်ချင်းတွေအပေါ် ခင်မင်မှုလွန်ကဲခြင်း
၉:၃၅ – မဟော်သဓာ(အပိုင်း-၁၄) **“မြင်းနှင့်သူဌေးပြဿနာ ဖြေရှင်းခန်း”** (ပထမပိုင်း)
၁၀:၃၅– **“မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး Mr.Chen Hai နှင့် တွေ့ဆုံမေးမြန်းခန်း”**
၁၂:၃၀ – **“မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဆော်ရက်(ဘ)ကူးမားနှင့် တွေ့ဆုံမေးမြန်းခန်း”**
၁၅:၁၅– NHK အစီအစဉ် (ဂျပန်နိုင်ငံ၏ပညာရေး) (လက်တလော ပညာရေး ပြုပြင်ပြောင်းလဲနေမှုများ) (အပိုင်း-၂)

**ညပိုင်း**

၁၅:၄၅– MPT Myanmar National League 2020 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ချင်းယူနိုက်တက် FC အသင်းနှင့် ဟံသာဝတီ ယူနိုက်တက် FC အသင်း)
၁၈:၂၅ – MRTV Travelogue သဘာဝရဲ့ အလှတရားများဆီသို့ (အပိုင်း-၁)
၁၉:၃၀– နိုင်ငံခြားဇာတ်လမ်းတွဲ **“သူရဲကောင်းတို့ရဲ့ဒဏ္ဍာရီ”** (အပိုင်း -၃)
၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀:၃၅ – ရာဇဝင်ထဲကသမိုင်းအနုပညာ **“ရှင်သန်နေဆဲ ဒြပ်မဲ့ယဉ်ကျေးမှုများ”** (ရွှေပွားစက္ကူလုပ်ငန်း)
– ဟိုးတုန်းက ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ **“အိမ်ကြီးမာယာ ဝက်ပါ”**
– **“ပုခက်လွှဲခွင့် မရခဲ့သောလက်”**

# မရမ်းချောင်စစ်ဆေးရေးစခန်း၌ တရားမဝင်ကုန်စည်များဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၃ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၈၀၁ စီး၊ သွင်းကုန် ၂၁၁၀ ၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၂၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၃ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက ဖမ်းဆီးမှုနှစ်မှု၊ ခန့်မှန်းတန်းဖိုးငွေကျပ် ၁ ဒသမ ၂ သန်းတန်ဖိုးရှိ Singha Beer (120 Pkg) ကို ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

# ပုလော၌ ယာဉ်မောင်းအိပ်ငိုက်၍ ခရီးသည်တင်ယာဉ်တိမ်းမှောက်

**ပုလော ဇန်နဝါရီ ၂၄**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အမှတ်(၄) ရပ်ကွက် ဗိုလ်ချုပ်လမ်း မြို့ဦးကျောင်းရှေ့၌ ယမန်နေ့ နံနက် ၅ နာရီက ရန်ကုန်မြို့မှ မြိတ်မြို့သို့ မောင်းနှင်လာသော ခရီးသည်ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သိရသည်။ **(အောက်ပုံ)**

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ၂၀ ခန့် ထိခိုက်ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ ယာဉ်မောင်း ဦးကျော်လွင်ဦးအား ပုလောမြို့နယ်ရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။ **ထူးဝေယံ (ပြန်/ဆက်)**



# မင်းလှမြို့ ဝက်လှကြီးကျေးရွာအနီး ယာဉ်တစ်စီးတိမ်းမှောက်

**မင်းလှ ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဝက်လှကြီးကျေးရွာအနီးတွင် ဇန်နဝါရီ ၂၃ ရက် ည ၇ နာရီခွဲက ယာဉ်တစ်စီး တိမ်းမှောက်ကြောင်း မင်းလှမြို့မရဲစခန်းမှ သိရသည်။

ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၉၄/၂)နှင့် (၉၄/၃) အကြားတွင် ပြည်မှရန်ကုန်ဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်ပြီး စပါးအိတ်များ သယ်ဆောင်လာသော 5I/ ---- စကက်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ထိုးကျတိမ်းမှောက်သွားပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း၊ အဆိုပါဖြစ်စဉ်ကို စစ်ကွင်းနယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **ပေါက်စ(မင်းလှ)**




## ဆောင်းရာသီကာလအသက်ရှူလမ်းကြောင်းရောဂါများဆိုင်ရာ ကျန်းမာရေးအသိပေးနှိုးဆော်

ဆောင်းရာသီကာလအတွင်းတွင် အအေးမိခြင်း၊ တုပ်ကွေးရောဂါဖြစ်ပွားခြင်း၊ လေပြွန်ရောင်ရမ်းခြင်း၊ ဓာတ်မတည့်မှုကြောင့်နှာရည်ယိုခြင်း၊ ချောင်းဆိုးခြင်း၊ ရင်ကျပ်ခြင်းနှင့် အဆုတ်ရောင်ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ အဖြစ်များလေ့ရှိပါသည်။

**ရောဂါလက္ခဏာများ**

အဓိကဖြစ်ပွားတတ်သော ရောဂါလက္ခဏာများမှာ–

- ဖျားခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်နှင့် အထက်ရှိခြင်း)၊ ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခမ်းခြင်း၊ ချမ်းတုံခြင်း၊ ကိုယ်လက်ကိုက်ခဲနာကျင်ခြင်းတို့ ဖြစ်ကြပါသည်။

**ရောဂါကူးစက်ပုံ**

- ချောင်းဆိုးခြင်းနှင့် နှာချေခြင်းမှတစ်ဆင့် တုပ်ကွေးရောဂါပိုးအပါအဝင် ရောဂါပိုးများ လေထဲသို့ရောက်ရှိပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် တိုက်ရိုက် ကူးစက်ပျံ့နှံ့စေခြင်းနှင့် အရာဝတ္ထုများ၌ ထိကပ်နေသော ရောဂါပိုးများအား လက်နှင့် ကိုင်တွယ်ထိတွေ့ရာမှတစ်ဆင့် ရောဂါကူးစက်နိုင်ပါသည်။

**ရောဂါကာကွယ်ခြင်းနည်းလမ်းများနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ**

- နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း၊
- လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊
- တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုဆောင်ရွက်ခြင်း၊
- ကောင်းစွာ အိပ်စက်အနားယူခြင်း၊
- အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း၊
- ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။

အထက်ဖော်ပြပါ ရောဂါလက္ခဏာများ တွေ့ရှိသည်ဟု ယူဆပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများထံ သတင်းပို့၍ကုသမှုခံယူပါ၊ အခြားသူများထံသို့ ရောဂါမကူးစက်စေရန် နှာခေါင်းနှင့်ပါးစပ် လုံခြုံအောင်ဖုံးအုပ်ထားသော မျက်နှာဖုံးအကာအကွယ်ကို အသုံးပြုပါ၊ အလုပ်မှ အနားယူပါ၊ လူစုလူဝေးရှိရာအရပ်သို့ သွားရောက်ခြင်းအား ရှောင်ကြဉ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကျိုက်ထိုမြို့နယ် မုက္ခမူကျေးရွာ၌ နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွား

**ကျိုက်ထို ဇန်နဝါရီ ၂၄**

ကျိုက်ထိုမြို့နယ် မုက္ခမူကျေးရွာ၌ ဇန်နဝါရီ ၂၃ ရက် နံနက် ၁၁ နာရီခန့်တွင် လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

မုက္ခမူကျေးရွာတောင်ပိုင်း ရပ်ကွက်နေ ဦးဝင်းလှိုင် (၃၆နှစ်)၏ နေအိမ်တွင် ဘုရားမီးပူဇော်ထားသည့် ဖယောင်းတိုင်နှင့် အမွှေးတိုင်တို့မှတစ်ဆင့် နေအိမ်ပျဉ်ခင်းကို ကူးစက်၍ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ မီးလောင်မှုကို ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားပြီး မီးလောင်မှုနှင့်ပတ်သက်၍ ဦးဝင်းလှိုင်အား ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# သီပေါမြို့နယ် ကုံးမုံကျေးရွာအနီး တောတွင်း၌ လူသုံးဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရှိ

**သီပေါ ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကွန်ခိုက်ကျေးရွာအုပ်စု ကုံးမုံကျေးရွာ မန္တလေး၊ သီပေါ၊ လားရှိုး၊ မူဆယ် ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် (၁၄၈/၄-၅)ကြားတွင် ယနေ့နံနက် ၈ နာရီခွဲက တောတွင်းဝါးရုံပင်အောက်တွင် အသက် ၄၀ ခန့် အမျိုးသမီးတစ်ဦး၊ ၄၅ နှစ်ခန့်နှင့် ၂၀ နှစ်ခန့်ရှိ အမျိုးသားနှစ်ဦးတို့ သေနတ်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းတွေ့ရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသားများက သီပေါမြို့မရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

အခင်းဖြစ်နေရာသို့ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ကျေးရွာတာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# တရုတ်နိုင်ငံတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကြောင့် သေဆုံးသူ ၂၆ ဦးရှိလာ

**ပေကျင်း ဇန်နဝါရီ ၂၄**

တရုတ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၂၆ ဦးရှိလာပြီဖြစ်သလို ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၈၅၀ ထက်မနည်းရှိကြောင်း နိုင်ငံတကာသတင်းရင်းမြစ်များတွင် ဇန်နဝါရီ ၂၄ ရက်က ဖော်ပြသည်။

ရောဂါဖြစ်ပွားရာ တရုတ် နိုင်ငံအလယ်ပိုင်း ကုန်းတွင်းပိုင်းမြို့လေးဖြစ်သည့် ဝူဟန်မြို့ပြင်ပတွင် သေဆုံးသူနှစ်ဦးအပါအဝင် စုစုပေါင်း သေဆုံးသူ ၂၆ ဦးရှိလာပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ရောဂါစတင်ဖြစ်ပွားရာ ဝူဟန်မြို့တွင် ဗိုင်းရပ်စ်ကူးစက်ခံရသူဟု သံသယရှိသူ ၁၀၇၂ ဦးကို စမ်းသပ်မှုများ လုပ်ဆောင်နေကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က မကြာသေးမီက ပြောကြားလိုက်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့အဆင့် အရေးပေါ်ကျန်းမာရေးပြဿနာတစ်ခု ဖြစ်ဟန်မရှိဟု သုံးသပ်ကြေညာချက် ထွက်ပေါ်လာပြီးနောက် အဆိုပါ ဗိုင်းရပ်စ်ကူးစက်ခံရသူများ တဖြည်းဖြည်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ဝူဟန်တစ်ဝန်းရှိ လူပေါင်းသန်း ၂၀ ခန့်ကို သီးသန့်ခွဲခြားထားကာ အနီးနားမြို့များလည်း ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း သိရသည်။ တရုတ်နှစ်သစ်ကူး အားလပ်ရက်ခရီးများသွားကြမည့် ရက်သတ္တပတ်အလို အချိန်မျိုးတွင် ရောဂါမပြန့်ပွားရေး ဆောင်ရွက်ချက်များကိုလည်း လုပ်ဆောင်နေကြောင်း သိရသည်။

ဝူဟန်မြို့ဒေသခံများကိုလည်း မြို့မှ ထွက်ခွာခြင်းမပြုရန် တားမြစ်ထားကြောင်း သိရသည်။ ဝူဟန်ရှိ လမ်းများနှင့် ဈေးဆိုင်များလည်း တိတ်ဆိတ်လျက်ရှိပြီး တချို့မီဒီယာများတွင် ဝူဟန်မြို့ကို ထိတ်လန့်ကြောက်ရွံ့စရာကောင်းသောမြို့တော်အဖြစ် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

ရောဂါကူးစက်ခံရသူများတွင် ၁၇၇ ဦးမှာ ပြင်းထန်သောအခြေအနေရှိပြီး ၃၄ ဦးမှာဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင်က ပြောသည်။



ကိုရိုနာဗိုင်းရပ်စ်ကို စစ်ဆေးမှုများ ပြုလုပ်ပေးစဉ်။

အသက်ရှူလမ်းကြောင်းဆိုင်ရာ ဗိုင်းရပ်စ်တစ်မျိုးဖြစ်သည့် ကိုရိုနာ ဗိုင်းရပ်စ်ကို ပင်လယ်စာများရောင်းချသော ဝူဟန်ဈေးအတွင်း စတင်တွေ့ရှိရပြီး ယခုအခါ အဆိုပါ ဗိုင်းရပ်စ်ပိုးမှာ အမေရိကန်ပြည်ထောင်စုအထိ ပျံ့နှံ့ရောက်ရှိနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအစီအစဉ်ကို မကြာမီထုတ်ပြန်မည်ဟု ထရမ့်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ပဋိပက္ခများကို ဖြေရှင်းရန်ရည်ရွယ်သည့် အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး အစီအစဉ်ကို မကြာမီ အချိန်အတွင်း ထုတ်ပြန်သွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

ဇန်နဝါရီ ၂၄ ရက်က လေယာဉ်ခရီးစဉ်အတွင်း သတင်းထောက်များကို ယခုလို ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။ သမ္မတထရမ့်သည် ဖလော်ရီဒါသို့ သွားရောက်နေခြင်းဖြစ်သည်။

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေး အစီအစဉ်ကို အစပိုင်းတွင် ပါလက်စတိုင်းတို့က လက်မခံနိုင်ဘဲ ငြင်းဆန်နိုင်သော်လည်း ယင်းအစီအစဉ်မှာ ပါလက်စတိုင်းတို့အတွက် ကောင်းမွန်သော အစီအစဉ်တစ်ခုပင် ဖြစ်သည်ဟု ထရမ့်က ပြောသည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

အမေရိကန်သမ္မတက သတင်းထောက်များနှင့် မတွေ့ဆုံမီ အမေရိကန်အစိုးရက ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်မှာ သမ္မတထရမ့်က အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုနှင့် အစ္စရေး အတိုက်အခံပါတီခေါင်းဆောင် ဘန်နီဂန့်တို့ကို အိမ်ဖြူတော်သို့ ဖိတ်ခေါ်ခဲ့သည့် အကြောင်းပင်ဖြစ်သည်။

ဇန်နဝါရီ ၂၈ ရက်တွင် အိမ်ဖြူတော်သို့လာရောက်ရန် ဖိတ်ခေါ်ခဲ့ခြင်း ဖြစ်သည်။ အစ္စရေးခေါင်းဆောင်များနှင့် မတွေ့ဆုံမီ ၎င်း၏ငြိမ်းချမ်းရေး အစီအစဉ်ကို အသေးစိတ်ဖော်ပြသွားမည်ဟု ထရမ့်ကပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ဂျေရုဆလင်မြို့ကို ထရမ့်အစိုးရအဖွဲ့က အစ္စရေးနိုင်ငံ၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့သည်။

ပြီးခဲ့သည့် နိုဝင်ဘာလတွင် အနောက်ဘက်ကမ်းတွင် အစ္စရေးဘက်မှ အခြေချနေထိုင်မှုမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့် မညီညွတ်ဟု ပြောဆိုခဲ့သည်။

**ဆင်ဟွာ**

## အီရတ်ရှိ အမေရိကန်တပ်များ ရုပ်သိမ်းပေးရန် ရှီးယားခေါင်းဆောင်တောင်းဆို

**ဘဂ္ဂဒက် ဇန်နဝါရီ ၂၄**

အီရတ် ရှီးယားခေါင်းဆောင် မော့တာဒါအယ်ဆာဒါးက ငြိမ်းချမ်းရေးကို ရည်ရွယ်၍ အီရတ်မြေပေါ်မှ အမေရိကန်တပ်များ ရုပ်သိမ်းပေးရေးကို တောင်းဆိုခဲ့သည်။ ၎င်းတို့အနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်သွားမည်ဟုလည်း ၎င်းက ပြောဆိုခဲ့သည်။

အမေရိကန်တပ်များ အီရတ်မြေပေါ်တွင်ရှိနေခြင်းကို ဆန့်ကျင်ရန် အယ်ဆာဒါးနောက်လိုက် ထောင်နှင့်ချီသောလူများ စုဝေးခဲ့ကြသည်။ ၎င်းတို့၏ ပထမဦးဆုံးရည်မှန်းချက်မှာ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်နေ့ကို သတ်မှတ်ပေးရန်ပင်ဖြစ်သည်။

ယင်းအစီအစဉ်ပြီးမြောက်ပါက တပ်ဖွဲ့ဝင်များ အပြည့်အဝရုပ်သိမ်းရေး ဆက်လက်ဆောင်ရွက်သွားရန်ပင်ဖြစ်သည်။

တပ်ဖွဲ့ဝင်များ အပြည့်အဝရုပ်သိမ်းပြီးပါက အမေရိကန်အခြေစိုက်စခန်းများကို ရုပ်သိမ်းသွားမည်ဖြစ်ပြီး အမေရိကန်လုံခြုံရေးကုမ္ပဏီများကို ပိတ်သိမ်းသွားရန်ပင်ဖြစ်သည်။

ထို့ပြင် အမေရိကန်ထောက်လှမ်းရေးလေယာဉ်များ အီရတ်ဝေဟင်ကို အသုံးပြုနေမှု ရပ်ဆိုင်းသွားရန်ပင်ဖြစ်သည်။ အီရတ်ကို နောက်ထပ်စစ်ပွဲတစ်ခုအတွင်း မကျရောက်စေရေး အစွမ်းကုန်ကြိုးစားသွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အီရတ်ပါလီမန်သည် အမေရိကန်တပ်များ အီရတ်မြေပေါ်တွင် ရှိနေမှုကို အဆုံးသတ်သွားရန် ဇန်နဝါရီ ၅ ရက်က ဆုံးဖြတ်ပေးခဲ့သည်။ အီရတ်တပ်ဖွဲ့ဝင်များကို ထောက်ပံ့ပေးရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ ကျော်ကို တပ်ဖြန့်ချထားခဲ့သည်။

အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန်၊ အီရတ်တပ်ဖွဲ့ဝင်များကို စစ်ရေးအရ လေ့ကျင့်သင်ကြားပေးရန်နှင့် အကြံဉာဏ်ပေးရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်မြေပေါ်တွင် တပ်ဖြန့်ချထားခြင်းဖြစ်သည်။

**ဆင်ဟွာ**



ဘဂ္ဂဒ်မြို့ အမေရိကန်သံရုံးအတွင်းမှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

## ကက်ရှ်မီးယားအရေးကြားဝင်ဖျန်ဖြေပေးရန် ထရမ့်၏ကမ်းလှမ်းမှုကို အိန္ဒိယဘက်မှ ထပ်မံပယ်ချ

**နယူးဒေလီ ဇန်နဝါရီ ၂၄**

ကက်ရှ်မီးယားအရေး ကြားဝင်ဖျန်ဖြေပေးရန် အမေရိကန်သမ္မတထရမ့်၏ ကမ်းလှမ်းမှုကို ဇန်နဝါရီ ၂၃ ရက်တွင် အိန္ဒိယက ထပ်မံပယ်ချခဲ့ကြောင်း သိရသည်။ ကက်ရှ်မီးယားအရေးကိစ္စမှာ ပါကစ္စတန်နှင့် နှစ်နိုင်ငံဖြေရှင်းရမည့် ကိစ္စဖြစ်သည်ဟု အကြောင်းပြပြောဆိုခဲ့သည်။

ပြည်ပရေးရာကိစ္စရပ်များဆိုင်ရာ ဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ ရာဗိရှ်ကူးမားက ကက်ရှ်မီးယားကိစ္စတွင် နောက်ထပ်တစ်နိုင်ငံက ကြားဝင်ဆောင်ရွက်ပေးရန်မလိုဟု ပြောကြားခဲ့သည်။ ကက်ရှ်မီးယားအရေးနှင့် ပတ်သက်ပြီး အိန္ဒိယ၏ရပ်တည်ချက်မှာ ရှင်းလင်းပြီး ကျိုးကြောင်းညီညွတ်မှုရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး အခြားနိုင်ငံတစ်ခုမှ ကြားဝင်ဆောင်ရွက်ရန်မလိုကြောင်း နယူးဒေလီမြို့တွင် မီဒီယာသမားများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ကက်ရှ်မီးယားအရေးကိစ္စနှင့်ပတ်သက်ပြီး အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား အခြေအနေတိုးတက်မှုများကို အမေရိကန်က စောင့်ကြည့်နေကြောင်း မကြာသေးမီအချိန်က ဒါဗို့စ်မြို့တွင် သမ္မတထရမ့်က ပြောကြားခဲ့သည်။ ထို့နောက် အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရေးအတွက် ၎င်းက အကူအညီပေးရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

## အမေရိကန်အစိုးရက ခရီးသွားလာရင်း ကလေးမွေးသည့်အစီအစဉ်ကို ကန့်သတ်

**ဝါရှင်တန် ဇန်နဝါရီ ၂၄**

အမေရိကန်နိုင်ငံသားအဖြစ် ဖြစ်ခွင့်ရရေး အမေရိကန်သို့ကလေးမွေးရန်လာရောက်သည့် ကိုယ်ဝန်ဆောင်အမျိုးသမီးများကို ဝင်ခွင့်ကန့်သတ်မှုပြုလုပ်ရန် အမေရိကန်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

အမေရိကန်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းပြည်အတွင်း မွေးဖွားသည့် မည်သည့်ကလေးကိုမဆို နိုင်ငံသားဖြစ်ခွင့်ပေးသည်။ အမေရိကန်ပြည်ထောင်စုသို့ ကလေးမွေးရန်လာသည့် မည်သည့်လျှောက်လွှာရှင်ကိုမဆို ခရီးသွားလာခွင့်ဗီဇာထုတ်ပေးမှု ယာယီရပ်ဆိုင်းမည်ဟု ဇန်နဝါရီ ၂၃ ရက်တွင် ထရမ့်အစိုးရအဖွဲ့က ကြေညာခဲ့သည်။

လျှောက်လွှာရှင်များကို အမေရိကန်သံရုံးတွင် မေးမြန်းခြင်းများပြုလုပ်ကာ အခြားသောအကြောင်းအရာများကို ထည့်သွင်းစဉ်းစားပြီးမှသာ ဗီဇာထုတ်ပေးရန် သင့် မသင့်ကို ဆုံးဖြတ်သွားမည်ဟု ပြောသည်။ ဇန်နဝါရီ ၂၄ ရက်မှစတင်ကာ ယင်းစည်းမျဉ်းအတိုင်း လုပ်ဆောင်မည်ဖြစ်သည်။

**ဆင်ဟွာ**

# အသစ်ဖွဲ့စည်းလိုက်တဲ့ လက်ဘနွန်အစိုးရအဖွဲ့ ရင်ဆိုင်ဖြေရှင်းရမယ့် စိန်ခေါ်မှုများ

## ထွန်းသစ်စ

**ယနေ့နိုင်ငံတကာဇာတ်ခုံမှာ လက်ဘနွန်နိုင်ငံဟာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရသလို အသစ်ဖွဲ့စည်းလိုက်တဲ့ လက်ဘနွန်အစိုးရအဖွဲ့ဟာလည်း စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဆန္ဒပြလှုပ်ရှားမှုတွေ၊ ကျဆင်းနေတဲ့ စီးပွားရေး အခြေအနေတွေဟာ လက်ဘနွန်နိုင်ငံအတွက် ကျော်လွှားရမယ့် စိန်ခေါ်မှုတွေဖြစ်သလို အကျပ်အတည်းတွေဆိုရင်လည်း မမှားပါဘူး။**

### အကူအညီတွေ လိုအပ်နေတဲ့အချိန်

လက်ဘနွန်ဝန်ကြီးချုပ်ဟောင်း ဆက်ဟာရီရီနေရာမှာ အစားထိုးပြီး ဝန်ကြီးချုပ်သစ်အဖြစ် ပခုံးပြောင်းတာဝန်ယူခဲ့တဲ့ ဟက်ဆန်ဒီဘ်ဟာ လမ်းပေါ်ထွက် ဆန္ဒပြသူတွေရဲ့တောင်းဆိုမှုတွေကို လုပ်ဆောင်ပေးမယ်ဆိုပြီး ကတိပေးခဲ့ပေမယ့်လည်း ဆန္ဒပြသူတွေက လက်မခံဘဲ အဓိကရုဏ်းနှိမ်နင်းရေး ရဲတွေနဲ့ပဋိပက္ခတွေ ဖြစ်ခဲ့ပါတယ်။

ပထမဆုံးဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့တဲ့ ဟက်ဆန်ဒီဘ်အတွက် ကတော့ အခုလိုမျိုးပြဿနာတွေဟာ ကျော်လွှားဖို့ခက်ခဲတဲ့ အခြေအနေတွေလို့ ဆိုနိုင်ပေမယ့်လည်း သူ့မှာ ဒီထက်ခက်ခဲတဲ့အခြေအနေတွေကို ရင်ဆိုင်ဖြေရှင်းရဦးမှာ ဖြစ်ပါတယ်။ လက်ဘနွန်နိုင်ငံမှာ ၆၁ နှစ်ကြာ ကျင့်သုံးလာခဲ့တဲ့ ပညာရေးဟာလည်း ဆုံးခန်းတိုင်တော့မှာ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်အဖြစ် နိုင်ငံကိုလွှဲပြောင်းယူလိုက်ရတဲ့ သူ့ရဲ့အခြေအနေဟာလည်း ဆိုးရွားလှပါတယ်။ “ယနေ့ လက်ဘနွန်နိုင်ငံရဲ့အခြေအနေဟာ ဘဏ္ဍာရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ အဆုံးသတ်ရတော့မယ့်အနေအထားကို ရောက်နေပါတယ်”လို့ ဝန်ကြီးချုပ်သစ်က ပြောပါတယ်။ ထို့အပြင် လက်ဘနွန်နိုင်ငံဟာ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရတယ်လို့ သူက ဆက်လက်ပြီးပြောပါတယ်။

အစိုးရရဲ့ နောက်ဆုံးခိုကိုးရာဆိုတဲ့ သတင်းခေါင်းစဉ်ဟာ အင်အားတောင့်တင်းတဲ့ ဟစ်ဇ်ဘိုလာ လှုပ်ရှားမှုနဲ့ နီးကပ်ဆက်နွယ်နေတဲ့ သတင်းစာဖြစ်တဲ့ အယ်လ်-အာခါဘာဆိုတဲ့ နေ့စဉ်သတင်းစာမှာ ဖော်ပြပါရှိခဲ့ပါတယ်။ ဟစ်ဇ်ဘိုလာလှုပ်ရှားမှုဟာ လွန်ခဲ့တဲ့လက ဒီဘ်ကို ဝန်ကြီးချုပ်ရာထူးရရှိအောင် ကောင်းချီးပေးခဲ့သလို ဖြစ်ခဲ့ပါတယ်။

အီရန်ထောက်ပံ့ခံအဖွဲ့အစည်းအပေါ် အနောက်နိုင်ငံက ပိတ်ဆို့အရေးယူဒဏ်ခတ်မှုတွေ ပြုလုပ်နေတာကြောင့်လည်း လက်ဘနွန်အစိုးရသစ်ဟာ အကူအညီတွေ အလွန်လိုအပ်နေတဲ့အချိန်ဖြစ်နေတယ်လို့ စီးပွားရေးသမားတွေက ပြောလာကြပါတယ်။

### ပညာရှင်တွေပါဝင်တဲ့အစိုးရအဖွဲ့ကို ဖွဲ့စည်းဖို့တောင်းဆို

လက်ဘနွန်အစိုးရသစ်ဖွဲ့စည်းမှုအပေါ် အရေးတယူလုပ်ခဲ့တဲ့ ကမ္ဘာ့ခေါင်းဆောင်တွေအနက် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က လက်ဘနွန်နိုင်ငံအနေနဲ့ ဖြတ်သန်းနေရတဲ့ ဒီလိုပဋိပက္ခတွေကို ကူညီမှုများ ပြုလုပ်သွားမယ်လို့ ပြောပါတယ်။ လုပ်စရာတွေ တန်းစီပြီးထွက်ပေါ်လာတဲ့ ဆွေးနွေးပွဲကို ဟစ်ဇ်ဘိုလာနဲ့ သူ့ရဲ့မဟာမိတ်တွေက အများဆုံးဆွေးနွေးမှုတွေ လုပ်ဆောင်ခဲ့ကြပါတယ်။ အဲဒီဆွေးနွေးပွဲကိုတော့ ဝန်ကြီးချုပ်ဟောင်း ဆက်ဟာရီရီနဲ့ သူ့ရဲ့တချို့မိတ်ဆွေတွေ မတက်ရောက်ခဲ့ပါဘူး။

ဂိုဏ်းဂဏစွဲတွေများလှတဲ့ နိုင်ငံရေးလွှမ်းမိုးနေတဲ့ လက်ဘနွန်နိုင်ငံမှာ အောက်တိုဘာလလယ်လောက်က စတင်ခဲ့တဲ့ ဆန္ဒပြမှုတွေကိုလည်း အဆုံးသတ်ချင်နေလှပါပြီ။ ဆာ့ဒ်ဟာရီရီနဲ့ သူ့အစိုးရဟာ နိုင်ငံရေးစနစ် အပြည့်အဝပြုပြင်ပြောင်းလဲမှုလုပ်ဆောင်ဖို့နဲ့ ပြည်သူ့ကိုယ်စားပြု နိုင်ငံသစ်တစ်ခုပေါ်ပေါက်လာဖို့ တောင်းဆိုနေတဲ့ဆန္ဒပြမှုတွေကြောင့် ရက်သတ္တနှစ်ပတ်မတိုင်ခင်ကဘဲ နုတ်ထွက်သွားခဲ့ပါတယ်။

လက်ဘနွန်နိုင်ငံတစ်ဝန်း ပြုလုပ်ခဲ့တဲ့ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့တဲ့ ဆန္ဒပြသူတွေဟာ တိုင်းပြည်တစ်ပြည်မှာတွေ့ရတဲ့ အစိုးရရဲ့ အကျင့်ပျက်ခြစားမှုတွေ၊ အရည်အသွေးမပြည့်မီမှုတွေ၊ ကျွမ်းကျင်မှု မရှိမှုတွေကို ပထမဆုံးအနေနဲ့ အမြစ်ကဆွဲနုတ်ဖို့ အမှီအခိုကင်းတဲ့ နိုင်ငံရေး၊ စက်မှုကဏ္ဍတို့မှာ အရှိန်အဝါကြီးတဲ့ သိပ္ပံပညာရှင် ဒါမှမဟုတ် စက်မှုပညာရှင်တွေ ပါဝင်တဲ့ အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။

ဝန်ကြီးချုပ်သစ်ဖြစ်လာတဲ့ ဟက်ဆန်ဒီဘ်ဟာ ဂုဏ်သတင်းကြီးတဲ့ American University of Beirut (AUB)က ပညာရှင်တစ်ဦးဖြစ်ပါတယ်။ အစိုးရအဖွဲ့ထဲမှာ တကယ့်ပညာရှင်တစ်ဦး ပါဝင်လာပါပြီလို့ သူက ပြောပါတယ်။ ဆန္ဒပြသူတွေရဲ့ ပြင်းပြတဲ့ဆန္ဒကို ကိုယ်စားပြုနေမှသာ ဒါဟာ အစိုးရတစ်ရပ်ဖြစ်တယ်လို့ သူက ဆက်ပြောပါတယ်။

### ကျစ်ကျစ်လျစ်လျစ်နဲ့ စွမ်းအားရှိရှိဖွဲ့စည်း

နိုင်ငံရေးမှာအမြတ်ရရေး သမားရိုးကျနိုင်ငံရေးဂိုဏ်းဂဏတွေအကြား နိုင်ငံရေးဆွေးနွေးမှုတွေဟာ အချိန်ကာလကြာညောင်းခဲ့သော်လည်း အရာမထင်တာတွေဖြစ်ခဲ့ပါတယ်။ ဆန္ဒပြသူတွေက ဒီအခြေအနေကို သိနေပါပြီ။ သူတို့ထဲက တစ်ယောက်ဖြစ်တဲ့အာမက်က မိမိတို့အနေနဲ့ အကျင့်ပျက်နေတဲ့ နိုင်ငံရေးသမားတွေအစား အကျင့်ပျက်နေတဲ့ နိုင်ငံရေးသမားတွေရဲ့ မိတ်ဆွေတွေကို ရရှိမှာလားလို့ပြောခဲ့ပါတယ်။

ဆန္ဒပြသူတွေဟာ တာယာတွေကို မီးရှို့ခြင်းနဲ့လမ်းတွေကိုပိတ်ပြီး သူတို့ရဲ့ မကျေနပ်တဲ့ဆန္ဒတွေကို ဖော်ထုတ်ခဲ့ကြပါတယ်။ ဒီလိုနဲ့ပဲ ရဲတွေနဲ့ပဋိပက္ခတွေဖြစ်ပြီး ဒဏ်ရာတွေ ရရှိခဲ့ကြပါတယ်။ ဒီလိုဆန္ဒပြမှုတွေဟာ ထရီပိုလီက စတင်ခဲ့ပြီး ဆိုင်ဒွန်၊ ဘိုင်ဘလေ့စ်နဲ့တခြားမြို့တွေအထိ ဖြစ်ပွားခဲ့ပါတယ်။



အသစ်ဖွဲ့စည်းလိုက်သည့် အစိုးရအဖွဲ့ကို သမ္မတနှင့်အတူ တွေ့ရစဉ်။

အသစ်ဖွဲ့စည်းလိုက်တဲ့ အစိုးရအဖွဲ့မှာတော့ နိုင်ငံရေးမျက်နှာသစ်တွေ၊ ပညာရှင်တွေနဲ့ ဝန်ကြီးဌာနအကြံပေးပုဂ္ဂိုလ်တွေ ပါဝင်ခဲ့ကြပါတယ်။ အစိုးရအဖွဲ့သစ်မှာ ဝန်ကြီး ၂၀ ပါဝင်လာပြီး ခြောက်ဦးက အမျိုးသမီးတွေဖြစ်ကာ သူတို့ထဲက ဇိုင်နာအကာဆိုသူ အမျိုးသမီးကတော့ လက်ဘနွန်နိုင်ငံရဲ့ ပထမဆုံးကာကွယ်ရေးဝန်ကြီးဖြစ်လာမှာ ဖြစ်ပါတယ်။အစိုးရအဖွဲ့ကို ကျစ်ကျစ်လျစ်လျစ်နဲ့ စွမ်းအားရှိရှိ ဖွဲ့စည်းခဲ့တာ ဖြစ်ပါတယ်။

### ခက်ခဲတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရ

အဆိုးရွားဆုံးကတော့ လက်ဘနွန်နိုင်ငံမှာ စီးပွားရေးဟာ အကျဘက်ကို ရောက်နေတာဖြစ်ပါတယ်။ အသစ်ဖွဲ့စည်းလိုက်တဲ့ အစိုးရအနေနဲ့ ဒီအရေးတွေကို ဖြေရှင်းရဦးမှာဖြစ်ပါတယ်။ လက်ဘနွန်နိုင်ငံမှာ လတ်တလောမှာ ငွေပေါ်လွယ်မှုပြဿနာတွေ ဖြစ်ပွားလျက်ရှိကာ အဲဒါက ဘဏ်တွေရဲ့ငွေကြေးထိန်းချုပ်နိုင်စွမ်းကို ကမောက်ကမဖြစ်စေပါတယ်။

လက်ဘနွန်နိုင်ငံရဲ့ ပြည်တွင်းအသားတင် ထုတ်လုပ်မှုအချိုးဟာ ကမ္ဘာ့အဆိုးရွားဆုံးဖြစ်နေပြီး အနာဂတ်မှာ ငွေရေးကြေးရေးအခက်အခဲတွေ ဖြစ်ပေါ်မယ့်အခြေအနေနဲ့ အနီးကပ်ဆုံးမှာ တည်ရှိနေတဲ့အတွက် နိုင်ငံခြားကြွေးမြီတွေကို ဘယ်လိုပြန်လည်ပေးဆပ်မလဲဆိုတာနဲ့ပတ်သက်ပြီး စီးပွားရေးကျွမ်းကျင်သူတွေအကြားမှာ ဝိဝါဒတွေ ဖြစ်ပွားလျက်ရှိပါတယ်။

လက်ဘနွန်နိုင်ငံရဲ့ စီးပွားရေးအခြေအနေနဲ့ ပတ်သက်လာရင်တော့ ဒါဟာ မိမိတို့ရဲ့အရေးကြီးဆုံး ဦးစားပေးကိစ္စရပ်တစ်ခုပဲဖြစ်တယ်လို့ ဝန်ကြီးချုပ်သစ်က ပြောကြားလိုက်ပါတယ်။ အဲဒါကိုအချိန်ပေးဖို့ လိုတယ်လို့လည်း သူကဆက်ပြောပါတယ်။

လက်ဘနွန်နိုင်ငံမှာရှိတဲ့ လုပ်ငန်းအတော်များများမှာ အမေရိကန်ဒေါ်လာတွေနဲ့ လည်ပတ်လျက်ရှိပြီး ကုန်ပစ္စည်းအများစုကို ပြည်ပမှ တင်သွင်းခံနေရတာကြောင့် နိုင်ငံရဲ့ငွေကြေးဟာ အတားအဆီးမရှိ ကျချင်တိုင်းကျနေတဲ့အတွက် စားသုံးသူနဲ့စီးပွားရေးဈေးကွက်ဟာ တကယ့်ကိုခက်ခဲတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရပါတယ်။

ဒါတွေကတော့ လတ်တလောလက်ဘနွန်နိုင်ငံမှာ ဖြစ်ပွားနေတဲ့ နိုင်ငံရေးအခြေအနေ၊ စီးပွားရေးအခြေအနေတွေပဲ ဖြစ်ပါတယ်။ ဒီလိုအကျပ်အတည်းတွေဖြစ်နေတဲ့ နိုင်ငံကိုအသစ်ဖွဲ့စည်းလိုက်တဲ့ အစိုးရက ဘယ်လိုမူဝါဒတွေ သုံးပြီး ရုန်းကန်လှုပ်ရှားမလဲဆိုတာ စိတ်ဝင်စားစရာပါ။ **ကိုးကား-အေအက်ဖ်ပီ**

> **“လက်ဘနွန်နိုင်ငံမှာရှိတဲ့ လုပ်ငန်းအတော်များများမှာ အမေရိကန်ဒေါ်လာတွေနဲ့ လည်ပတ်လျက်ရှိပြီး ကုန်ပစ္စည်းအများစုကို ပြည်ပမှ တင်သွင်းခံနေရတာကြောင့် နိုင်ငံရဲ့ငွေကြေးဟာ အတားအဆီးမရှိ ကျချင်တိုင်းကျနေတဲ့အတွက် စားသုံးသူနဲ့ စီးပွားရေးဈေးကွက်ဟာ တကယ့်ကိုခက်ခဲတဲ့အခြေအနေနဲ့ ရင်ဆိုင်နေရ”**

## နိုင်ငံတကာသတင်းတိုထွာ

### ဘရက်ဆစ်စာချုပ်တွင် ဥရောပကော်မရှင်နှင့် ဥရောပကောင်စီဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုး

**ဘရပ်ဆဲ ဇန်နဝါရီ ၂၄**

ဥရောပကောင်စီခေါင်းဆောင်နှင့် ဥရောပကော်မရှင်ခေါင်းဆောင်တို့သည် ဇန်နဝါရီ ၂၄ ရက်က ယခုလ နှောင်းပိုင်းတွင် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးသဘောတူညီမှုတွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

ဥရောပကောင်စီဥက္ကဋ္ဌ ချာလ်းမီရှယ်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်တို့သည် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေး သဘောတူညီမှုတွင် အတူလက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ဥရောပပါလီမန်အနေဖြင့် အတည်ပြုနိုင်ရေး လမ်းဖွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌက ၎င်း၏တွစ်တာစာမျက်နှာမှတစ်ဆင့် အသိပေးခဲ့သည်။

**ဆင်ဟွာ**

### ပါလက်စတိုင်းသမ္မတနှင့် ရုရှားသမ္မတတို့ တွေ့ဆုံ

**ဗက်လင် ဇန်နဝါရီ ၂၄**

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်သည် ဇန်နဝါရီ ၂၃ ရက်က အနောက်ဘက်ကမ်းရှိ ဗက်လင်မြို့တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် အမေရိကန်က အဆိုပြုထားသည့် ငြိမ်းချမ်းရေးအစီအစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် လက်ရှိတွင် ပါလက်စတိုင်းနယ်မြေများကို အစ္စရေးတို့ဘက်မှ သိမ်းယူမှုများ၊ ပါလက်စတိုင်းသမ္မတ ရွေးကောက်ပွဲနှင့် လွှတ်တော်အမတ်ရွေးကောက်ပွဲကျင်းပရန် အကြောင်းအရာများ အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြသည်ဟု ပါလက်စတိုင်းတရားဝင် သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။ ပါလက်စတိုင်းသို့ ရုရှားသမ္မတ လာရောက်သည်ကို ကြိုဆိုကြောင်း၊ ရုရှားသမ္မတမှာ ၎င်းနှင့်ပုဂ္ဂိုလ်ရေးရာအရ မိတ်ဆွေအဖြစ်သာမက ပါလက်စတိုင်းပြည်သူများ၏ မိတ်ဆွေလည်းဖြစ်ကြောင်း မာမွတ်အဘတ်စ်က ပြောကြားခဲ့သည်။

ရုရှားသမ္မတကလည်း ပါလက်စတိုင်းနှင့်ရုရှားတို့အကြား သမိုင်းဝင်ဆက်ဆံရေးကိုချီးကျူးပြောဆိုခဲ့ကြောင်း၊ ယခုတစ်ကြိမ်သည် သမ္မတပူတင်အတွက် ပါလက်စတိုင်းသို့ သုံးကြိမ်မြောက်လာရောက်လည်ပတ်ခြင်းဖြစ်ကြောင်း၊ သမ္မတပူတင်သည် ၂၀၀၅ ခုနှစ်က ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်က ဒုတိယအကြိမ်အဖြစ် ပါလက်စတိုင်းသို့ လာရောက်ခဲ့ဖူးကြောင်း သိရသည်။

**ဆင်ဟွာ**

# ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ရေအရင်းအမြစ်အသုံးချရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ရေအရင်းအမြစ်အသုံးချရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "နယ်သာလန်နိုင်ငံဘက်ကနေ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီး မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိုကူညီဆောင်ရွက်ပေးနေသည့်အပေါ် အထူးကျေးဇူးတင်ကြောင်း၊ ရန်ကုန်မြို့သည် ရေလမ်းကြောင်း၊ ရေသုံးစွဲမှု၊ ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ အခက်အခဲများရှိကြောင်း၊ အခက်အခဲများအား ကောင်းမွန်သည့် နည်းပညာရပ်များကိုအသုံးချ ပြီး ဖြေရှင်းရမည်ဖြစ်ကြောင်း၊ မိမိတို့လုပ်မည့် အစီအစဉ်များကို ရေရှည်အတွက် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပညာရှင်များ၏ ဆုံးဖြတ်အကြံပြုချက်များအပေါ်ကနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် Netherlands Enterprise Agency မှ တာဝန်ရှိသူတစ်ဦးက ရန်ကုန်မြစ်အတွင်း ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူများ ၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် နယ်သာလန်နိုင်ငံသံရုံး ၊ Netherlands Enterprise Agency တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ရေအရင်းအမြစ်အသုံးချရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ကျင်းပစဉ်။

# ပဲခူးတိုင်းဒေသကြီးအတွင်း လူထုဗဟိုပြုစီမံကိန်းတိုးချဲ့ရွေးချယ်ခြင်းနှင့် အကြံဉာဏ်ရယူခြင်းအခမ်းအနားကျင်းပ

**ပဲခူး ဇန်နဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်၍ ယမန်နေ့က ပဲခူးမြို့ မြို့တော်ခန်းမ၌ တိုင်းဒေသကြီးအတွင်း လူထုဗဟိုပြုစီမံကိန်းတိုးချဲ့ရွေးချယ်ခြင်းနှင့် အကြံဉာဏ်ရယူခြင်း အခမ်းအနား ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်က NCDDP စီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းကြပြီး အုပ်စုငယ်များခွဲ၍ သတ်မှတ်ချက်များအတိုင်း စီမံကိန်းမြို့နယ်အား ရွေးချယ်ပေးကြကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ပြီး ကမ္ဘာ့ဘဏ် ထောက်ပံ့ငွေ၊ ချေးငွေ၊ အီတလီအစိုးရမှ အတိုးမဲ့နှစ်ရှည်ချေးငွေနှင့် ပြည်ထောင်စုအစိုးရမှ ထည့်ဝင်ငွေများဖြင့် လူထုဗဟိုပြုစီမံကိန်းကို တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်ပေါင်း ၆၃ မြို့နယ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအနက် မိုးညို၊ ကျောက်ကြီး၊ ပန်းတောင်း၊ ရွှေကျင်၊ သဲကုန်းစသည့် မြို့နယ်ငါးမြို့နယ်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်း မြို့နယ် ၁၃ မြို့နယ်ကို ထပ်မံတိုးချဲ့ရွေးချယ်ဆောင်ရွက်မည်ဖြစ်ရာ ပဲခူးတိုင်းဒေသကြီးမှ မြို့နယ်တစ်မြို့နယ် ပါဝင်မည်ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည့် မြို့နယ်ငါးမြို့နယ်၌ ရှိသည့် ကျေးရွာအုပ်စု ၁၄၈ အုပ်စု၊ ကျေးရွာပေါင်း ၇၅၆ ရွာတွင် စီမံကိန်းကာလ ငါးနှစ်တာကာလအတွင်း လမ်း ၁၂၈၁ လမ်း၊ တံတား ၁၂၂ စင်း၊ ရေပေးဝေရေး ၁၃၀၊ မီးလင်းရေး ၁၄၈ခု၊ ပညာရေးအဆောက်အအုံ ၁၆၅ ခု၊ ကျန်းမာရေးအဆောက်အအုံနှစ်ခု၊ ခန်းမ ၅၅ ခု၊ အခြားလုပ်ငန်း ၂၂ ခု တို့ကို ရန်ပုံငွေကျပ်သန်းပေါင်း ၂၀၄၀၇ သန်းဖြင့် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွက် လက်ရှိဆောင်ရွက်နေသော စီမံကိန်းမြို့နယ် ငါးမြို့နယ်မှအပ အခြားမြို့နယ်တစ်မြို့နယ်အား ထပ်မံတိုးချဲ့အကောင်အထည်ဖော် ရွေးချယ်ခြင်းဖြစ်ပြီး ရွေးချယ်ခြင်းခံရသည့် မြို့နယ်အတွင်းရှိသည့် ကျေးရွာများအားလုံးသည် သတ်မှတ်ထားသည့် ငွေပမာဏနှင့် ကိုက်ညီသည့် ကျေးလက်ဖွံ့ဖြိုးရန် အခြေခံလိုအပ်ချက်များဖြစ်သည့် လမ်း၊ တံတား၊ ရေရရှိရေး၊ မီးရရှိရေး၊ ကျေးလက်အိမ်ရာများ၊ စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကမ္ဘာ့ဘဏ်၏ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



ပဲခူးတိုင်းဒေသကြီးအတွင်း လူထုဗဟိုပြုစီမံကိန်းတိုးချဲ့ရွေးချယ်ခြင်းနှင့် အကြံဉာဏ်ရယူခြင်းအခမ်းအနား ကျင်းပစဉ်။

# ကန္ဒရဝတီအထိမ်းအမှတ်ဥယျာဉ်၏ ရတနာပန္နက်တော်တင် မင်္ဂလာအခမ်းအနားကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၂၄**

ကယားပြည်နယ် လွိုင်ကော်မြို့ ဦးနီလမ်းနောင်ယား(ခ) ရပ်ကွက် ကွင်းအမှတ် (၃၂) ကန္ဒရဝတီအထိမ်းအမှတ်ဥယျာဉ်၏ ရတနာပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်က အမှာစကား ပြောကြားပြီး ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည် ။

ထို့နောက် ရတနာပန္နက်တော်တင်မည့်နေရာကို တက်ရောက်လာကြသူများက နေရာယူကြပြီး ရတနာပန္နက်တော်တင်ပေးခြင်းနှင့် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခြင်း ၊ နဂါးစာကျွေးမွေးလှူဒါန်းပူဇော်ခြင်း ၊ တွင်းတော်ဝန်းခြင်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ အထိမ်းအမှတ်ဥယျာဉ်တော်၌ ဆေးရုံ ၊ ရုပ်ရှင်ရုံ ၊ စူပါမားကက်၊ ရိုးရာစားသောက်ဆိုင်ခန်းများ၊ ရိုးရာလက်မှုပစ္စည်းအရောင်းဆိုင်များ၊ တိုင်းရင်းသားရိုးရာပြခန်းများကို ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းလေး**



ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော် ကန္ဒရဝတီအထိမ်းအမှတ်ဥယျာဉ် ပန္နက်တော်တင်စဉ်။

# ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/ ၂၀၂၀) ကို ဇန်နဝါရီ ၂၂ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ရှမ်းပြည်နယ်တွင် ယခု လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ပေးပို့လာသော မြေယာကိစ္စ တိုင်ကြားစာပေါင်း ၆၉၂ မှု ရှိပြီး ၃၂၅ မှုကို ပိတ်သိမ်းဆောင်ရွက်နိုင်ခဲ့ပြီး မြေ/စစ်ဗဟိုမှ ဝန်ကြီးဌာနသဘောထားတောင်းခံသည့် အမှု ၂၀၅ မှုနှင့် ပြည်နယ်မြေ/စစ်တွင် စိစစ်ဆဲအမှု ၁၆၂ မှု စုစုပေါင်းပိတ်သိမ်းရန် ကျန်ရှိသည့်အမှု ၃၆၇ မှုကိုလည်း ၂၀၂၀ ပြည့်နှစ်အတွင်း အပြီးဆောင်ရွက်သွားနိုင်ရေး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်က ဗဟိုကော်မတီ၏မူဝါဒနှင့် လုပ်ငန်းစဉ် ၅၂ ချက် ညွှန်ကြားချက်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ လက်ထက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ စုစုပေါင်းပြန်လည်စွန့်လွှတ်သည့် အမှုကိစ္စပေါင်း ၁၅၉ မှု၊ မြေဧရိယာ ၃၁၃၇၁ ဒသမ ၀၉၈ ဧက၊ ၎င်းအနက် သက်ဆိုင်သူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ရန် စွန့်လွှတ်သည့် အမှုကိစ္စပေါင်း ၆၅ မှု၊ မြေဧရိယာ ၃၇၉၇ ဒသမ ၈၉၆ ဧက အသုံးမပြု၍ ပိုလျှံသဖြင့် ပြန်လည်စွန့်လွှတ်သည့် အမှုကိစ္စပေါင်း ၇၈ မှု၊ မြေ ဧရိယာ ၁၅၉၉၂ ဒသမ ၆၃၂ ဧက အခြား ဝန်ကြီးဌာနများသို့ လွှဲပြောင်းရန် စွန့်လွှတ်သည့်အမှုကိစ္စပေါင်း ၁၆ မှု၊ မြေ ဧရိယာ ၁၁၅၈၀ ဒသမ ၅၇၀ ဧက ဖြစ်ပြီး ပြန်လည်စွန့်လွှတ်မြေများတွင် တောင်သူများထံ ပြန်လည်လွှဲအပ်နိုင်သော မြေဧရိယာ ၃၁၃၇၁ ဒသမ ၀၉၈ ဧကအနက် မြေဧရိယာ ၃၀၃၂၆ ဒသမ ၆၉၆ ဧကကို သက်ဆိုင်ရာ လက်ဝယ်သို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ပြီး ကျန်မြေဧရိယာ ၁၀၀၃ ဒသမ ၄၆၂ ဧကကို တောင်သူများထံပြန်လည်လွှဲပြောင်း ပေးအပ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်ဆဲ ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် စုစုပေါင်း အမှုကိစ္စပေါင်း ၃၃၂ မှု၊ မြေဧရိယာ ၈၁၄၄၂ ဒသမ ၁၅၇ ဧက လွှဲပြောင်းပေးအပ်ပြီး ဧရိယာ ၈၀၃၉၃ ဒသမ ၇၅၅ ဧက လွှဲပြောင်းပေးရန် ကျန်ဧရိယာ ၁၀၀၇ ၄၆၂ ဧကမြေပြင်စိစစ်လျော့နည်းဧရိယာ ၄၀ ဒသမ ၉၄၀ ဧကဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းရှိ မြေယာကိစ္စတင်ပြတိုင်ကြားမှုများအပေါ် ခရိုင်နှင့် မြို့နယ်ကော်မတီများ အနေဖြင့် စိစစ်ဖြေရှင်းဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်သည့် နေရာများကို သက်ဆိုင်သူများထံသို့ ပြန်လည် လွှဲပြောင်းပေးအပ်ခြင်းတို့ကို စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒနှင့် လုပ်ငန်းစဉ် (၅၂)ချက်နှင့်အညီ စိစစ်ပြီး စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များ ပြည့်စုံစွာဖြင့် အဆင့်ဆင့် တင်ပြ ဆောင်ရွက်ရမည်ဖြစ်သော်လည်း အချို့ခရိုင်များအနေဖြင့် စိစစ်တွေ့ရှိချက်များသာ ဖော်ပြပါရှိပြီး သုံးသပ်အကြံပြုချက်များ ပြည့်စုံစွာဖြင့် တင်ပြမှုမရှိသည်ကို တွေ့ရှိရသဖြင့် ဗဟိုကော်မတီမှ ချမှတ်ထားသော မူဝါဒလုပ်ငန်းစဉ် (၅၂)ချက်နှင့်အညီ ကျန်ရှိနေသော အမှုကိစ္စများအား ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်းပြီးပြတ်အောင် စိစစ်ပြီး စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များ ပြည့်စုံစွာဖြင့် အချိန်ကြန့်ကြာမှု မရှိစေဘဲ အဆင့်ဆင့် တင်ပြဆောင်ရွက်စေလိုကြောင်း ပြောသည်။

ဆက်လက်၍ ရှမ်းပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီ၊ တွဲဖက်အတွင်းရေးမှူး၊ လယ်ယာမြေ စီမံခန့်ခွဲမှုနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက အမှုတစ်မှုချင်းအလိုက် ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် ပြည်နယ်မြေစစ်ကော်မတီဝင်များနှင့် ခရိုင်မြေစစ်ကော်မတီ ဥက္ကဋ္ဌ၊ တွဲဖက်အတွင်းရေးမှူးများက ဆွေးနွေးတင်ပြနွေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ဗန်းမော်မြို့၌ ကလေးစာပေပွဲတော်ကျင်းပ

**ဗန်းမော် ဇန်နဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့တွင် ကလေးစာပေပွဲတော်ဖွင့်ပွဲကို ယမန်နေ့က ဗန်းမော်မြို့ အုပ်ချုပ်ရေးမှူးရုံးရှေ့ရှိ ကျောက်တိုင်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းရွှေနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါပွဲတော်တွင် ကျောင်းသား ကျောင်းသူများ၏ လက်မှုပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ ကျောင်းသား ကျောင်းသူများ၏ အက၊ အလှများ၊ နေ့စဉ်စတုဒိသာကျွေးမွေးပွဲများနှင့် ရန်ကုန်မြို့မှ လာရောက်သော စာအုပ်အရောင်းဆိုင် ခုနစ်ဆိုင်မှလည်း ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအထောက်အကူပြု စာအုပ်များကို ဈေးနှုန်းချိုသာစွာဖြင့် အရောင်းပြခန်းများ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။



ဗန်းမော်မြို့ ကလေးစာပေပွဲတော်ရှိ စာအုပ်အရောင်းဆိုင်များတွင် ကျောင်းသား ကျောင်းသူလေးများ ဝယ်ယူဖတ်ရှုနေစဉ်။

ပွဲတော်ကို ဇန်နဝါရီ ၂၃ရက်မှ ၂၅ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## တာလောကြီး သစ်တောကြိုးဝိုင်းအတွင်း ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ကိုင်ခွင့်လျှောက်ထားသူများကို နှစ် ၃၀ လုပ်ကိုင်ခွင့်ပြုမည်

**မြစ်ကြီးနား ဇန်နဝါရီ ၂၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာ သစ်တောကြိုးဝိုင်းအတွင်း ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလုပ်ကိုင်ခွင့်လျှောက်ထားသူများကို လက်ရှိတည်ဆဲဥပဒေသစ်အရ နှစ် ၃၀ လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း မြစ်ကြီးနားမြို့နယ် သစ်တောဦးစီးဌာန တာလောကြီးတွဲဖက်သစ်တောအုပ် ဦးအောင်ဇော်မိုးထံမှ သိရသည်။

ဒေသခံအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းလုပ်ကိုင်ခွင့်ရှိသူများသည် လက်ရှိထုတ်ပြန်ထားသည့် ဥပဒေသစ်အရ မျိုးဆက်သုံးဆက်စာ နှစ် ၉၀ လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်ပြီး သတ်မှတ်ထားသည့် စည်းကမ်းများအရ သစ်တောစိုက်ခင်း စိုက်ပျိုးခြင်းမရှိပါက လုပ်ကိုင်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် မူလနှစ် ၃၀ လုပ်ကိုင်ခွင့်ရရှိထားသူများသည် ဥပဒေသစ်အတိုင်း ခံစားခွင့်ရရှိမည်ဖြစ်သည်။

တာလောကြီးကျေးရွာ သစ်တောကြိုးဝိုင်းသည် ဧက ၁၀၀၀၀ ကျော်ကျယ်ဝန်းကာ ယခုနှစ်အတွက် စီးပွားဖြစ်ကျွန်းစိုက်ခင်း ဧက ၅၀ တည်ထောင်ရန် ကြိုးဝိုင်းအတွင်း တောခုတ်ခြင်း၊ မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## နိုင်ငံတကာအဆင့်မီ ဒုတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာကားပြပွဲ ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၂၄**

နိုင်ငံတကာအဆင့်မီ ဒုတိယအကြိမ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကားပြပွဲတွင် မော်တော်ယာဉ် Brand ၁၅ မျိုးအထိ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၂ ရက်က ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ပြုလုပ်သည့် ပြပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ ကားပြပွဲကိုရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်ကျင်းပမည့် နိုင်ငံတကာကားပြပွဲကြီးတွင် ပါဝင်ပြသမည့် Brand များမှာ BMW၊ Brilliance DFM၊ Ford၊ GAC၊ J aguar၊ Land၊ Raver Mazda၊ Mercedes-Benz၊ Nissan၊ Scania Suzuki၊ Toyota၊ Volvo တို့ ပါဝင်မည်ဖြစ်ကြောင်း၊ ပြပွဲတွင် Modified Street Car Contest ယှဉ်ပြိုင်မှုများ စိတ်ချရသော အပိုပစ္စည်းနှင့် မော်တော်ယာဉ်ဆိုင်ရာဆက်စပ်ပစ္စည်းများနှင့် အတူ စိတ်ဝင်စားဖွယ်ရာ အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## ကျား၊ ဆင်၊ သင်းခွေချပ် တိရစ္ဆာန်ပုံစံ အရုပ်ကြီးများ မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းတွင် ပြသမည်

**မန္တလေး ဇန်နဝါရီ ၂၄**

မြန်မာနိုင်ငံ၏ အဖိုးတန်တောရိုင်း တိရစ္ဆာန်များအား ကာကွယ်ရန်ရည်ရွယ်၍ တောကောင်လေးတို့အတွက် ရင်တွင်းစကားသံ ( Voices For Wildlife ) လူထုအသိပညာပေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ရွှေရောင်စက္ကူများဖြင့် ပြုလုပ်ပုံဖော်ထားသော ကျား၊ ဆင်၊ သင်းခွေချပ် အရုပ်ကြီးသုံးရုပ်ကို ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်းတွင် ပြသထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရုပ်ကြီးသုံးရုပ်အား ရန်ကုန်မြို့နှင့် နေပြည်တော်မြို့တို့မှ ဇန်နဝါရီ ၂၂ ရက်တွင် မန္တလေးမြို့သို့ သယ်ဆောင်လာခဲ့ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်း၊ ၆၆ လမ်း နှင့် ၆၇ လမ်းကြားရှိ အများပြည်သူပလက်ဖောင်း နေရာတွင် ပြသထားမည်ဖြစ်သည်။

မြန်မာ့တောရိုင်းတိရစ္ဆာန်များသည် အဖိုးတန် တောကောင်လေးများဖြစ်ကြောင်းကို သိရှိ၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်းကို ရည်ညွှန်း၍ ရွှေရောင်စက္ကူများဖြင့် ပြုလုပ်ပုံဖော်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း တောရိုင်းတိရစ္ဆာန်ထွက် ပစ္စည်းများအားလုံးတရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုကို အတူတကွအဆုံးသတ်နိုင်ကြရန်ရည်ရွယ်၍ မန္တလေးမြို့၌ ဖေဖော်ဝါရီ ၁ ရက်တွင် မြန်မာ့တောကောင်လေးများနှင့်အတူ ဆင်နွှဲခြင်းခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ၏ ပထမဆုံးသော တောရိုင်းတိရစ္ဆာန် ကာကွယ်ရေး သရုပ်ပြယာဉ်များနှင့် အတူ မြို့မငွေငန်း အလှပြယာဉ်၊ အဆို၊ အက အလှပြယာဉ်များဖြင့် စီတန်း လှည့်လည်ခြင်းကို မဟာအောင်မြေမြို့နယ်ရှိ မနော်ရမ္မ (ပြည်သူ့ဟာစ်တိုင်ကွင်း) မှ စတင်၍ မန္တလေးမြို့အနှံ့ စီတန်းလှည့်လည်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ချီဖွေမြို့၌ MPT မိုဘိုင်းစခန်းသစ်ဖွင့်လှစ်

**ချီဖွေ ဇန်နဝါရီ ၂၄**

ကချင်ပြည်နယ် ချီဖွေမြို့၌ MPT မိုဘိုင်းစခန်းသစ်ကို ဇန်နဝါရီ ၂၂ ရက်က ဘာလဲ့ရပ်ကွက်တွင်ဖွင့်လှစ်ရာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးစိုးမင်းထိုက်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

BTS-KCN 00518 မိုဘိုင်းစခန်းသစ်ဖွင့်ပွဲတွင် ဒေသခံ ဦးအက်စ်လန်းဘောမ့်က "အခုလို လမ်းတွေကောင်းလာအောင်၊ ဆက်သွယ်ရေးတွေကောင်းလာအောင်၊ 4G သုံးနိုင်အောင် ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ချီဖွေမြို့သည် ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့နှင့် မိုင် ၇၀ ကျော်ခန့် မျှသာ ကွာဝေးသော်လည်း ယခင်က အင်တာနက်လိုင်းမရရှိဘဲ ၂၀၁၉ ဒီဇင်ဘာလကုန်ပိုင်းမှသာ မြန်မာ့ဆက်သွယ်ရေး MPT ၏ 4G ကွန်ရက်ချိတ်ဆက်မှု ရရှိခဲ့ခြင်းဖြစ်သည်။

ယခင်က ချီဖွေ - မြစ်ကြီးနားကားလမ်းသည် ၃-၄ ညအိပ်သွားရသော ခရီးဖြစ်ပြီး လမ်းကောင်းမွန်လာသည်မှာ မကြာသေးသလို ဖုန်းလိုင်း နှင့် အင်တာနက်လိုင်းများ ကောင်းမွန်လာသည်မှာလည်း မကြာသေးကြောင်း သိရသည်။

ချီဖွေမြို့တွင် အခြားဆက်သွယ်ရေး အော်ပရေတာအဖြစ် Telenor မိုဘိုင်းစခန်းလည်း ရှိနေပြီး အင်တာနက်လိုင်းများ အသုံးပြုနိုင်ကာ ချီဖွေဒေသခံများမှာ MPT နှင့် Telenor ဆက်သွယ်ရေး အော်ပရေတာ နှစ်ခုလုံးတို့၏ ဝန်ဆောင်မှုများအား ရရှိခံစားနိုင်တော့မည် ဖြစ်သည်။

**ခေါင်လွမ်း(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄-၁-၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၄၀ | ကျပ် | ၉၃၅/၉၆၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၅၅ | ကျပ် | ၉၅၀/၉၇၅ | ကျပ် |
| အောက်တိန်း ၉၂ | ၇၈၀/၈၄၅ | ကျပ် | ၈၇၅/၈၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၀၀/၉၅၅ | ကျပ် | ၉၇၅/၁၀၁၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၆၆ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၁၉ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၈၆ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၆ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၃၇ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၄ . ၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၁ . ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၀ . ၅၆၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၅ . ၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၁ . ၀၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၈ . ၀၈၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၀၀၀ | ၂၁၉၉ | ၂၄၇၄၁၅၀၀ |
| MTSH | ၃၉၀၀ | ၃၉၀၀ | ၁၁၄၆၀ | ၄၄၆၉၄၀၀၀ |
| MCB | ၈၁၀၀ | ၀ | ၀ | ၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁၃ | ၂၉၉၀၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၅၀၈ | ၄၂၉၇၈၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်လင်းအောင်၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## 'စင်ကြယ်လှပ ကလေးငယ်ဘဝ' ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

"စင်ကြယ်လှပ ကလေးငယ်ဘဝ" ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူများသည် ဇန်နဝါရီ ၂၂ ရက်မှစတင်ပြီး ဖေဖော်ဝါရီ ၂၂ ရက်အထိ ပြိုင်ပွဲဝင်ဓာတ်ပုံများ ပေးပို့၍ ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

"ပြိုင်ပွဲကျင်းပရတဲ့ အဓိက ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းက လမ်းညွှန်ပေးမှုကြောင့် A & M Mahar က ကြီးမှူးကျင်းပတာပါ၊ ကလေးငယ်တွေရဲ့ ချစ်စရာအသွင်အပြင်လေးတွေကို မြန်မာနိုင်ငံက ဓာတ်ပုံဆရာတွေရဲ့ ဆန်းသစ်တီထွင်တဲ့ စိတ်ကူးနဲ့ ရိုက်ကူးထားတဲ့ ထူးခြားလက်ရာမွန်ဓာတ်ပုံတွေ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေဖို့ ရည်ရွယ်ချက်နဲ့ ပြုလုပ်တာပါ"ဟု ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

### မိမိကိုယ်တိုင် ရိုက်ကူးဖန်တီးထားသော ပုံဖြင့် ယှဉ်ပြိုင်ရမည်

အဆိုပါ ပြိုင်ပွဲတွင် ကလေးငယ်များ၏ အလှဓာတ်ပုံများကို မည်သည့် ကင်မရာအမျိုးအစားမဆို ရိုက်ကူးပေးပို့နိုင်ကြောင်း၊ ရိုက်ကူးရာတွင် သဘာဝအတိုင်း ရိုက်ကူးထားသောပုံများသာ ဖြစ်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များနေဖြင့် မိမိကိုယ်တိုင်ရိုက်ကူးထားသောပုံ၊ ကိုယ်တိုင်ဖန်တီးထားသောပုံများဖြင့်သာ ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ပြုပြင်ဖန်တီးထားသောပုံများ မဖြစ်ရကြောင်း၊ ယခင်က ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ယှဉ်ပြိုင်ထားဖူးသောပုံများလည်း မဖြစ်ရကြောင်း။

ပြိုင်ပွဲဝင်ဓာတ်ပုံမှ ကလေးငယ်များသည် အသက် ၃ လမှ ၁၈ လကြား ဖြစ်ရမည်ဖြစ်ပြီး ဖခင်၊ မိခင်များ၏ လက်မှတ်နှင့် ထောက်ခံစာကိုပါ တစ်ပါတည်း ပေးပို့ရမည်ဖြစ်ကြောင်း၊ အသက်မှန်ကန်ကြောင်း အထောက်အထားဖြစ်သည့် မွေးစာရင်း သို့မဟုတ် သန်းခေါင်စာရင်းမိတ္တူကိုလည်း တစ်ပါတည်း ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုကြေးများအဖြစ် ပထမဆုအတွက် ဓာတ်ပုံဆရာဆုကို ကျပ် ကိုးသိန်းနှင့် ကလေးငယ်အတွက် ကျပ်ကိုးသိန်း၊ ဒုတိယဆုအနေဖြင့် ဓာတ်ပုံ ဆရာဆု ကျပ်ခုနစ်သိန်းခွဲနှင့် ကလေးငယ်အတွက် ကျပ်ခုနစ်သိန်းခွဲ၊ တတိယဆုအနေဖြင့် ဓာတ်ပုံဆရာဆု ကျပ်ခြောက်သိန်းနှင့် ကလေးငယ်အတွက် ကျပ် ခြောက်သိန်း၊ နှစ်သိမ့်ဆုအနေဖြင့် ဓာတ်ပုံဆရာဆု ကျပ်တစ်သိန်းနှင့် ကလေးအတွက် ကျပ်တစ်သိန်းနှင့်အတူ Nature Hugs အမှတ်တံဆိပ် ထုတ်ကုန်များကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

### ပြိုင်ပွဲဝင်များ ဆက်သွယ်မေးမြန်းနိုင်

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသော ပြိုင်ပွဲဝင်များအနေဖြင့် ဓာတ်ပုံများကို အမှတ်(၂၇/၂၉)၊ (၃၅)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်သို့ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသည့် အချက်များကို ဖုန်း-၀၁-၃၇၃၁၆၇ နှင့် ၀၉-၇၇၇၈၄၃၃၈၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ကိုလင်း

## ဂျပန်နှင့် မြန်မာ ပူးပေါင်း၍ မြန်မာ့စောင်းကို ဖော်ညွှန်းရိုက်ကူးထားသည့် 'ဂန္ဓဗ္ဗ'ရုပ်ရှင်ဇာတ်ကား ရုံတင်ပြသနေ


ဂန္ဓဗ္ဗရုပ်ရှင်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း

မြန်မာ့ဂီတ တူရိယာတစ်ခုဖြစ်သော မြန်မာ့စောင်းကို အဓိက ဖော်ညွှန်းရိုက်ကူးထားသည့် "ဂန္ဓဗ္ဗ" ရုပ်ရှင်ဇာတ်ကားကြီးကို အောင်ကိုလတ် ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ထုတ်လုပ်မှုဖြင့် ဂျပန်-မြန်မာ နှစ်နိုင်ငံ ရုပ်ရှင်ပညာရှင်များ ပူးပေါင်းရိုက်ကူးခဲ့ပြီးနောက် ဇန်နဝါရီ ၂၃ ရက်မှစ၍ ရုံတင်ပြသလျက်ရှိကြောင်း သိရသည်။

"စောင်းတူရိယာကို လွန်ခဲ့တဲ့ နှစ် ၈၀၀ ကျော်လောက်က ဂန္ဓဗ္ဗလို့ ခေါ်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ ကြိုး ခုနစ်ကြိုးပဲရှိတယ်။ အခုခေတ်မှာ ၁၆ ကြိုးအထိဖြစ်သွားပြီး စောင်းလို့ ခေါ်တွင်ကြတယ်။ ဒီ တူရိယာရဲ့ ၁၆ ကြိုးကနေ အလွန်လှပတဲ့သံစဉ်တွေ ထုတ်နိုင်တယ်ဆိုတာကလည်း အလွန်ထူးခြားတယ်။ တီးခတ်ရတာကလည်း အလွန်ကို ခက်ခဲနက်နဲပါတယ်။ ဒီကားကို နိုင်ငံတကာမှာလည်း ပြသသွားဖို့ရှိပါတယ်။ အဓိကကတော့ စောင်းဟာ အလွန်ထူးခြားတဲ့ မြန်မာ့တူရိယာစစ်စစ် ဆိုတာကို ကမ္ဘာကို သိစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီဇာတ်ကားကို ရိုက်ကူးဖြစ်ခဲ့တာပါ"ဟု ဒါရိုက်တာ အောင်ကိုလတ်က ပြောသည်။

ဒါရိုက်တာ အောင်ကိုလတ်နှင့် Kitaro Kanematsu တို့ ပူးပေါင်းရိုက်ကူးပုံဖော်ထားသည့် အဆိုပါ ဂန္ဓဗ္ဗ ရုပ်ရှင်ဇာတ်ကားတွင် ဂျပန်သရုပ်ဆောင်များဖြစ်သည့် ဒွန်နာလေးလာ၊ ရွှန်းရရှီရအိရှိ၊ ရွှန်းဆုဂတတို့နှင့်အတူ မြန်မာသရုပ်ဆောင်များဖြစ်သော မိုရီဆာကီဝင်း၊ ရန်အောင်၊ ခင်ဇာခြည်ကျော်နှင့် စည်သူမောင်တို့ အဓိကပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ကိုလင်း

## အကယ်ဒမီ ရွှေကြိုမောင်မယ်များကို ပြည်သူများက Vote ပေးရွေးချယ်ရမည့် ပြိုင်ပွဲကျင်းပမည်

၂၀၂၀ ပြည့်နှစ် မတ်လတွင် ကျင်းပမည့် ၂၀၁၉ ခုနှစ် မြန်မာ့ရုပ်ရှင် အကယ်ဒမီပေးပွဲ၌ ပါဝင်ခွင့်ရကြမည့် ရွှေကြိုများရွေးချယ်ရာတွင် ယခင်နှစ်များကဲ့သို့ ရုပ်ရှင်အစည်းအရုံးက ရွေးချယ်ခြင်းမဟုတ်ဘဲ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် "ပြည်သူရွေးချယ် ရွှေကြိုမောင်မယ်" အမည်ဖြင့် ပြိုင်ပွဲကျင်းပ၍ ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရွှေကြိုမောင်မယ်များ ရွေးချယ်ရန် ပရိသတ်က Vote ပေးရမည်ဖြစ်ပြီး ပရိသတ်ပေးမည့် Voting မှ ၆၀ ရာခိုင်နှုန်းနှင့် ဒိုင်ပေးသည့်အမှတ် ၄၀ ရာခိုင်နှုန်းတို့ဖြင့် ပွင့်လင်းမြင်သာစွာ ရွေးချယ်သွားမည်ဟု သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က "ရုပ်ရှင်အစည်းအရုံးအနေနဲ့ ဒီနှစ်ကျင်းပရတဲ့ အကယ်ဒမီပေးပွဲဟာ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့် ဖြစ်နေတဲ့အတွက် ထူးခြားတဲ့အစီအစဉ်လေးတွေနဲ့ တင်ဆက်ဖို့ဖြစ်ပါတယ်၊ ဒီအစီအစဉ်ကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ဖွဲ့စည်းပေးထားတဲ့ ရွှေကြိုမောင်မယ်ရွေးချယ်ရေး ဆပ်ကော်မတီဝင် အများစုက နှစ်ခြိုက် သဘောကျတဲ့အတွက် အကောင်အထည်ဖော်ဖြစ်ခဲ့တာပါ။ အရွေးခံရမယ့် ကလေးတွေဟာ သရုပ်ဆောင်သင်တန်းကိုလည်း အခမဲ့ တက်ရောက်ခွင့်ရမှာဖြစ်ပြီး ဇာတ်လမ်းတွဲတွေမှာ ပါဝင်သရုပ်ဆောင်ခွင့်လည်း ရကြမှာဖြစ်ပါတယ်"ဟု ရှင်းပြသည်။

"အကောင်းမြင်ဝါဒနဲ့ သုံးသပ်ရမယ်ဆိုရင် အခု အောင်မြင်နေတဲ့သူတွေဆိုတာ တစ်ခါတုန်းက အသစ်ပါပဲ၊ လက်ရှိ အောင်မြင်နေတဲ့သူတွေ၊ မင်းသား မင်းသမီးကြီးတွေက ဝိုင်းဝန်း ကူညီပေးလိုက်လို့ မင်းသား မင်းသမီး အသစ်လေးတွေ အောင်မြင်သွားမယ်ဆိုရင် ကျွန်တော်တို့ ဝမ်းသာစရာ မုဒိတာပွားစရာပါ။ အဆိုးမြင်ဝါဒနဲ့ သုံးသပ်မယ်ဆိုရင်တော့ ရလဒ်ကိုစောင့်ကြည့်၊ အကျိုးရှိမယ်ဆိုရင် နောင်နှစ်ကို ဆက်လုပ်၊ အကျိုးမရှိဘူးဆိုရင်တော့ နောင်နှစ် ဆက်မလုပ်ဖို့ဘဲရှိပါတယ်၊ ကျွန်တော်တို့အနေနဲ့ကတော့ မင်းသား မင်းသမီး အသစ်လေးတွေ ပေါ်ထွန်းမယ်လို့လည်း ထင်မြင်ယူဆမိပါတယ်"ဟု ဥက္ကဋ္ဌက ဆက်ပြောသည်။

ပြည်သူရွေးချယ် ရွှေကြိုမောင်မယ် အစီအစဉ်သို့ ဝင်ခွင့်လျှောက်လွှာများကို တစ်စောင်လျှင် ကျပ် ၅၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ပြီး ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တွင် လျှောက်လွှာပိတ်၍ ၎င်းနေ့ရက်များတွင် နံနက် ၁၀ နာရီမှ ညနေ ၆နာရီအထိ ပဏာမအဆင့် အမျိုးသား ၂၅ဦး၊ အမျိုးသမီး ၂၅ ဦးကို ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း


ရွှေကြိုမောင်မယ်ရွေးချယ်ရေးကော်မတီဝင် ရန်အောင်နှင့် ခန့်စည်သူ

## လူငယ်များအကြား ဖြစ်လေ့ဖြစ်ထရှိသည့် သံယောဇဉ်နှင့် အချစ်အကြောင်းကို ပုံဖော်ထားသော 'မြက်နု'ရုပ်ရှင် စတင်ပြသ



ရွှေမြန်မာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုကျော်ဦး စီစဉ်ပြီး မိုးနီလွင်၏ဇာတ်ညွှန်းကို ဒါရိုက်တာ အရဏ်ဦး ပွင့်သိင်္ဂီဇော် ရိုက်ကူးပုံဖော်ထားသည့် မြက်နု ရုပ်ရှင်ဇာတ်ကားကြီးကို ဇန်နဝါရီ ၂၃ ရက်မှစ၍ ရုံတင်ပြသလျက်ရှိကြောင်း သိရသည်။

ဇာတ်လမ်းအကျဉ်းမှာ အလုပ်ကိစ္စကြောင့် နေရာသစ်တစ်ခုသို့ ပြောင်းလာသော လူကြီး( နေတိုး)သည် ခပ်ဆိုးဆိုး ချာတိတ်မလေး ဂျိတ်(ဝတ်မှုန်ရွှေရည်)နှင့် အိမ်နီးချင်း ဖြစ်လာခဲ့သည်။ ဆိုးသွမ်းသော ဂျိတ်၏ ကျယ်လောင်စွာ သီချင်းဖွင့်တတ်သော အပြုအမူကြောင့် လူကြီးတစ်ယောက် စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရသည်။ နောက်ပိုင်းတွင် စကြာလေးကို ပန်းအိုးတွင် ထိုးထားပါက လူကြီး အိမ်မှာရှိသည်ဟု အချက်ပြခြင်းဖြင့် ဆူညံခြင်းမပြုရန် အပေးအယူလုပ်ခဲ့ကြသည်။ စကြာလေးသည် သူတို့နှစ်ဦးအကြား သွယ်တန်းပေးသော ကြိုးလေးသဖွယ် ဖြစ်လာရာမှ ဂျိတ်တစ်ယောက် လူကြီးနှင့် ခင်မင်ရင်းနှီးလာခဲ့လေသည်။

ဂျိတ်၏ ကလေးဆန်သော အပြုအမူများကို တည်ငြိမ်ရင့်ကျက်သော လူကြီးက ဆုံးမလေ့ရှိရာမှ သူတို့နှစ်ဦးအကြား သံယောဇဉ်ကြိုးတစ်ချောင်း ရစ်ပတ်လာခဲ့သည်။ သို့သော် တစ်နေ့တွင် လူကြီး၏အိမ်၌ လူကြီးနှင့် စေ့စပ်ထားသော အမျိုးသမီးတစ်ဦးအား ဂျိတ်က မြင်တွေ့ခဲ့ရပြီးနောက် တစ်ချိန်က မိန်းမဆိုးလေးဖြစ်ခဲ့သော ဂျိတ်တစ်ယောက် ထိန်းမနိုင်အောင် ဆိုးသွမ်းသွားမည်လား သို့မဟုတ် နောက်လူတစ်ယောက်အဖြစ် ရှင်သန်လာမည်လားဆိုသည်ကိုတော့ ပိတ်ကားထက်တွင် ဆက်လက်ရှုစားနိုင်ကြမည်ဖြစ်သည်။

အဆိုပါ မြက်နု ရုပ်ရှင်ဇာတ်ကား၏ Red Carpet show အခမ်းအနားတွင် ရုပ်ရှင်ဇာတ်ကားမပြသမီ ဇာတ်ကားထဲမှ ဇာတ်ဝင်တေးနှစ်ပုဒ်ဖြစ်သော ငယ်သူမို့ သီချင်းကို စံမမီနှင့် ကျေးကျေးတို့က သီဆိုပြီး ဆေး သီချင်းကို ကော်နီက သီဆို ဖျော်ဖြေခဲ့သည်။

ဇာတ်လမ်းမှာ လူကြီးတစ်ယောက်နှင့် အသက် ၂၀ ကျော်လောက်ကွာသော မိန်းကလေးတစ်ယောက်တို့၏ ချစ်ခြင်းမေတ္တာကို ဖော်ကျူးထားသော ဇာတ်လမ်းဖြစ်ကာ နေတိုး၊ ဝတ်မှုန်ရွှေရည်၊ မုဏ်း၊ နေဆန်း၊ ဇင်မျိုး၊ ခင်ဇာခြည်ကျော်၊ ကလေးသရုပ်ဆောင် အားကိုးရာနှင့် အခြား အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြသည်။

ကိုလင်း

## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### အယ်လ်ဘမ်အသစ်အတွက် သတင်းစာရှင်းလင်းပွဲမှာ စိတ်ထိခိုက်ဖွယ်အကြောင်းအရာများကို ဂျက်စတင်ဘီဘာ ဝေမျှ

ဂျက်စတင်ဘီဘာကတော့ လွန်ခဲ့တဲ့နှစ်တွေအတွင်း သူရင်ဆိုင်ခဲ့ရတဲ့ စိန်ခေါ်မှုတွေအကြောင်း ပြန်လည်ရှင်းပြရင်း မျက်ရည်ကျခဲ့ပါတယ်။ အဲဒီတုန်းက သူ့ကို ကူညီခဲ့ကြသူတွေအကြောင်းကိုလည်း ပြောပြခဲ့ပါတယ်။ မကြာခင်က ထွက်ရှိခဲ့တဲ့ အယ်လ်ဘမ်အသစ်အတွက် လော့စ်အိန်ဂျလိစ်အနောက်ပိုင်းမှာ သတင်းစာရှင်းလင်းပွဲပြုလုပ်ရင်း သူ့ရဲ့အတိတ်အကြောင်းအရာတွေကို ဝေမျှခဲ့တာပဲ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်တွေအတွင်းမှာ ဂျက်စတင်ဘီဘာဟာ ဟေးလီနဲ့ လက်ထပ်ခဲ့တယ်။ Lyme ရောဂါကိုလည်း ကျော်လွှားနိုင်ခဲ့တယ်။ နောက်ပြီးသူ့ရဲ့(၆)ကြိမ်မြောက် စတူဒီယိုအယ်လ်ဘမ်ကိုလည်း အပြီးသတ်နိုင်ခဲ့ပါတယ်။

ဆယ်ကျော်သက်အရွယ်ကနေ လူကြီးဘဝကို ကူးပြောင်းချိန်မှာ ခံစားခဲ့ရတဲ့ စိတ်ခတ်ကျဆင်းမှုတွေ အကြောင်းကိုပါ ပြောပြခဲ့ပါတယ်။ နောက်ပြီးတော့ သူ့ရဲ့မန်နေဂျာဖြစ်သူ စကူတာဘရန်းကိုလည်း ကျေးဇူးတင်ကြောင်း ပြောဆိုခဲ့ပါတယ်။ အခက်အခဲတွေကြားထဲမှာ ကျွန်တော်နဲ့သူ လက်တွဲမဖြုတ်ဘဲ ရှေ့ဆက်ခဲ့တယ်ဆိုပြီး မန်နေဂျာကို ကျေးဇူးတင်ကြောင်း ပြောခဲ့ပါတယ်။ အခုလို စိန်ခေါ်မှုတွေကြားထဲက သီချင်းအယ်လ်ဘမ်အသစ် ထွက်ရှိနိုင်တာကလည်း သူ့ဘဝရဲ့အားနည်းချက်တွေထဲကနေ အင်အားပြန်ယူနိုင်ခဲ့တာပါလို့ ပြောကြားခဲ့ပါတယ်။ အဆိုးရွားဆုံးအခြေအနေတွေမှာတောင် ချစ်ပေးခဲ့ကြလို့ ပရိသတ်တွေအားလုံးကို ကျေးဇူးတင်ပါတယ်လို့ သူက ပြောခဲ့ပါတယ်။ **ဟောလိဝုဒ်လိုက်**



နာမည်ကျော်တေးသံရှင် ဂျက်စတင်ဘီဘာ။

### ရီဟားနားနဲ့ ဟတ်ဆန်တို့လမ်းခွဲရမှု မိသားစုဝင်တွေရဲ့ ဖိအားပေးမှုကြောင့်ဖြစ်နိုင်

အဆိုတော်ရီဟားနားနဲ့ သူ့ရဲ့ချစ်သူ ဟတ်ဆန်ဂျမားလ်တို့ဟာ သုံးနှစ်ကြာတွဲပြီးတဲ့နောက် လမ်းခွဲခဲ့ကြပါတယ်။ သူတို့လမ်းခွဲရခြင်းရဲ့ နောက်ကွယ်က အကြောင်းကတော့ စိတ်ဝင်စားစရာပါပဲ။ အသက် ၃၁ နှစ်ရှိပြီဖြစ်တဲ့ ရီဟားနားကတော့ အဆိုတော်အဖြစ်ရော မော်ဒယ်အဖြစ်ပါ ကျော်ကြားလှပါတယ်။ ဆော်ဒီစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်တဲ့ ဟတ်ဆန်ရဲ့ မိသားစုဝင်တွေကတော့ သာမန်မိန်းကလေးမျိုးနဲ့သာ ချစ်ကြိုက်စေချင်ပါတယ်။

ရီဟားနားရဲ့ပုံရိပ်တွေကြောင့် ဟတ်ဆန်တစ်ယောက် အကျပ်တွေ့ခဲ့ရတယ်လို့ ရီဟားနားနဲ့ ရင်းနှီးတဲ့ သတင်းအရင်းအမြစ်က ပြောပါတယ်။ ဟတ်ဆန်ရဲ့ မိသားစုဝင်တွေဟာ ယဉ်ကျေးပြီး ဣန္ဒြေရှိတဲ့ အမျိုးသမီးမျိုးကိုသာ အလိုရှိပါတယ်။ ရီဟားနားကတော့ ဟတ်ဆန်အရင်၊ ဒရိတ်ခ်၊ ခရစ္စဘရောင်း အစရှိတဲ့ နာမည်ကျော်တွေနဲ့ ချစ်သူဖြစ်ခဲ့ဖူးပါတယ်။ နောက်ဆုံးကြားရတဲ့ ကောလာဟလသတင်းတွေအရတော့ ဟတ်ဆန်ဟာ ရီဟားနားဆီက ဘာသတင်းမှ မကြားချင်တော့ဘူးလို့ သိရပါတယ်။ ရီဟားနားရဲ့ ပရိသတ်တွေကတော့ ရီဟားနားတစ်ယောက် သူ့ရဲ့ရည်းစားဟောင်းတွေဖြစ်တဲ့ ခရစ္စဘရောင်းနဲ့ပဲ ပြန်တွဲမလား ဒါမှမဟုတ် ဒရိတ်ခ်နဲ့ ပြန်တွဲမလားဆိုပြီး ထင်ကြေးပေးနေကြပါတယ်။

**ဟောလိဝုဒ်လိုက်**



ရီဟားနားနှင့် လမ်းခွဲခဲ့သူ ဟတ်ဆန်ဂျမားလ်။

ခြား



# မြန်မာစကားသမိုင်းအတွက် (၂၁)

## မောင်ခင်မင် (ဓနုဖြူ)

“မြန်မာဘာသာစကားသမိုင်းအတွက် အထောက်အထားတစ်ခုကတော့ ဘာသာစကားအကြောင်း ရေးထားတဲ့ စာတွေပဲကွဲ့”

“သတ်ပုံကျမ်းတို့၊ သဒ္ဒါကျမ်းတို့လား ဆရာ”

“ဟုတ်တယ်။ သတ်ပုံရေးထုံးတွေ၊ သဒ္ဒါစည်းကမ်းတွေ၊ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ စသည်ဖြင့်ပေါ့။ ခေတ်အသီးသီးမှာ ပညာရှင်တွေက မြန်မာစကားအကြောင်း ရေးခဲ့ကြတဲ့ ကျမ်းတွေ ရှိတယ်မဟုတ်လား။ အဲဒါတွေက အထောက်အထားပြုစရာ မှတ်တမ်းတွေပဲပေါ့ကွယ်”

“ဟုတ်ကဲ့ပါဆရာ”

“အစဉ်အဆက်ပေါ်ပေါက်ခဲ့တဲ့ ကျမ်းတွေထဲက စကားသံနဲ့ပတ်သက်တဲ့ စဉ်းစားစရာတစ်ခု ပြောပြမယ်။ ညောင်ရမ်းခေတ်မှာ ဆရာတော်ရှင်ဥက္ကံသမာလာပြုစုတဲ့ ‘ဝဏ္ဏဗောဓနသတ်အင်း’ ကို သိကြတယ်မဟုတ်လား”

“သိပါတယ်ဆရာ။ စာလုံးပေါင်းသတ်ပုံတွေကို ဇယားအင်းစောက်နဲ့ ပြတဲ့ကျမ်းပါ။”

“ဟုတ်တယ်။ ဒါ့ကြောင့် သတ်အင်းလို့ခေါ်တာပေါ့။ စာလုံးပေါင်းသတ်ပုံတွေ မပြခင် ဆရာတော်က မြန်မာစကားသံတွေ ဖြစ်ပေါ်တဲ့နေရာတွေ အကြောင်း ပြောထားတာရှိတယ်။ ဌာန်လို့ခေါ်တာ ပေါ့”

“ဟုတ်ကဲ့ပါ။ သမီးတို့ သင်ဖူးပါတယ် ဆရာ”

“အဲဒီဌာန်တွေကို မှတ်မိသေးသလား”

“မှတ်မိမယ် ထင်ပါတယ်ဆရာ ပြောကြည့်ပါ့မယ်”

“ဒီလိုဆိုရင် စ၊ ဆ၊ ဇ၊ ဈ၊ ည ဆိုတဲ့ ဗျည်းတွေ ဘယ်ဌာန်မှာ ဖြစ်သလဲကွယ် စဉ်းစားပြီးဖြေစမ်းပါ”

“ ‘ အာစောက်၌ဖြစ်၏’လို့ ဝဏ္ဏဗောဓနသတ်အင်းမှာ ပြထားတာ မှတ်မိနေပါတယ်ဆရာ”

“ဟုတ်တယ်။ စာတွေ မမေ့သေးဘဲကိုး။ နောက်ပေါ်တဲ့ ဝေါဟာရတ္ထပကာသနီကျမ်းတို့၊ သဒ္ဒဗျူဟာကျမ်းတို့မှာလည်း အဲဒီလိုပဲပြတယ်။ မြန်မာလိုပြောရင် အာစောက်မှာ ဖြစ်တယ်ပေါ့။ ပါဠိအသုံးကတော့ တာလုဌာန်လို့ ခေါ်တာပေါ့”

“ဟုတ်ကဲ့ပါ”

“ကဲ၊ ဒီလိုဆိုရင် လက်တွေ့ဆိုကြည့်ရအောင်။ ‘စ၊ ဆ၊ ဇ’ သုံးလုံးပဲ ဆိုကြည့်ပါ”

“စ၊ ဆ၊ ဇ”

“မင်းတို့ပါးစပ်ထဲက ထွက်လာတဲ့ အသံကို ဘယ်နေရာကထွက်တယ်ဆိုတာ သတိထားကြည့်ရင်သိမှာပါ။ စ၊ ဆ၊ ဇ က ဘယ်နေရာက ထွက်သလဲ”

“ ဆရာ၊ သွားနောက်နားက ထွက်ပါတယ်”

“ဟုတ်ပါပြီ။ စ၊ ဆ၊ ဇ ကို လက်တွေ့ဆိုကြည့်ရင် ဘယ်နေရာက ထွက်တယ်ဆိုတာ သိနိုင်တာပေါ့။ သဒ္ဒဗေဒပညာရှင်တွေကတော့ စ၊ ဆ၊ ဇ ကို သွားရင်းက ထွက်တဲ့ဗျည်းတွေ Alveolar Consonants လို့ သတ်မှတ်ကြတယ်”

“ဆရာ၊ ဒါဆိုရင် ဘာသာစကားကျမ်းတွေမှာ စ၊ ဆ၊ ဇ ကို အာစောက်ကထွက်တယ်လို့ ဘာဖြစ်လို့ဆိုတာပါလဲ”

“ခုဆွေးနွေးနေတာ အဲဒီပြဿနာပေါ့။ အဲဒီကျမ်းတွေမှာ အာစောက်က ထွက်တယ်လို့ ဆိုပေမယ့် လက်တွေ့ဆိုကြည့်တော့ သွားရင်းက ထွက်တာ ဖြစ်နေတယ်”

“ဟုတ်ကဲ့၊ အဲဒါ စဉ်းစားရခက်နေပါတယ် ဆရာ”

“အစဉ်အဆက်ကျမ်းတွေထဲမှာ စ၊ ဆ၊ ဇ ဟာ အာစောက်မှာဖြစ်တဲ့ ဗျည်းလို့ အခိုင်အမာ ဆိုထားတာ တညီတည်း တွေ့ရတယ်။ လက်တွေ့က အာစောက်မဟုတ်ဘဲ သွားရင်းမှာ ဖြစ်နေတော့ ဘယ်လိုဆက်စဉ်းစားကြမလဲ”

“ဆရာ စ၊ ဆ၊ ဇ က အာစောက်မှာမှ မဖြစ်တာ၊ ကျမ်းတွေမှာပါတဲ့ အာစောက်ဗျည်းဆိုတာ စ၊ ဆ၊ ဇ မဟုတ်လို့ ဖြစ်မှာပေါ့”

“အဲ…နီးစပ်လာပြီ။ ဒီလိုဆိုရင် အာစောက်ဗျည်းဆိုတာ မူလကအာစောက်မှာ တကယ်ဖြစ်တဲ့ ဗျည်းတွေဖြစ်မှာပေါ့။ အဲဒီဗျည်းတွေကနေပြီး စ၊ ဆ၊ ဇ လို့ အသံပြောင်းလာတဲ့အတွက် နေရာနဲ့ ဗျည်းနဲ့ မကိုက်တော့တာ ဖြစ်မှာပေါ့။ အဲဒီလို မစဉ်းစားနိုင်ဘူးလား”

“ဟုတ်ကဲ့၊ စဉ်းစားနိုင်မယ်ထင်ပါတယ်ဆရာ”

“ဒီအယူအဆကို ထောက်ခံနေတဲ့အချက်တစ်ချက်ရှိတယ်။ ပါဠိသဒ္ဒါကျမ်းတွေ၊ မွန်သဒ္ဒါကျမ်းတွေမှာ အဲဒီဗျည်းသံတွေဖြစ်ပေါ်တဲ့ ဌာန်တွေကိုပြရာမှာ တာလုဌာန်လို့ခေါ်တဲ့ အာစောက်မှာ ဖြစ်တဲ့ဗျည်းတွေကို ကျ၊ ချ၊ ဂျ လို့ ပြတယ်။ အင်္ဂလိပ်အက္ခရာနဲ့ C, Ch, J လို့ ပြတယ်။ အသံထွက်ကိုပြတဲ့ သဒ္ဒဗေဒအက္ခရာနဲ့လည်း အဲဒီလိုပြပါတယ်။ စ၊ ဆ၊ ဇ လို့ မပြဘူး”

“ကျ၊ ချ၊ ဂျ က ဘယ်နေရာက ဖြစ်တာပါလဲ ဆရာ”

“လက်တွေ့ ဆိုကြည့်ပါလား။ ကျမ်းတွေထဲမှာ ပြသလို ကျ၊ ချ၊ ဂျဟာ အာစောက်မှာဖြစ်တဲ့ ဗျည်းတွေပေါ့။ စ၊ ဆ၊ ဇ က သွားရင်းမှာ ဖြစ်တယ်။ ကျ၊ ချ၊ ဂျ က ဒါထက်ပိုပြီး နောက်ကျတဲ့နေရာ၊ အာခေါင်နဲ့ သွားရင်းရဲ့ အစပ်မှာ ဖြစ်တယ်လို့ ပညာရှင်တွေ ပြောကြတယ်။ အာစောက်လို့ ပြောတာနဲ့ မကွာပါဘူး”

“ဟုတ်ကဲ့ပါ”

“ဒီတော့ ဘယ်လို ကောက်ချက်ချနိုင်သလဲဆိုရင် မြန်မာစကားမှာ အခု စ၊ ဆ၊ ဇ လို့ ပြောနေတဲ့ ဗျည်းသံတွေဟာ အရင်တုန်းက ကျ၊ ချ၊ ဂျ လို့ အသံထွက်တယ်။ ဒါကြောင့် အရင်တုန်းက အသံဖြစ်တဲ့နေရာနဲ့ ကိုက်တယ်။ ပြီးတော့ မြန်မာစာ အရေးအသား စတီထွင်တုန်းက မွန်အက္ခရာတွေ၊ မွန်အက္ခရာနဲ့ရေးထားတဲ့ ပါဠိပိဋကတ်တော်တွေဟာ မြန်မာစာရဲ့ အရင်းခံတွေဖြစ်တယ် မဟုတ်လား။ အဲဒီတုန်းက အဲဒီဗျည်းတွေကို ကျ၊ ချ၊ ဂျ လို့ပဲ အသံထွက်တာမို့ အာစောက်မှာဖြစ်တဲ့ ဗျည်းတွေအဖြစ် သတ်မှတ်ခဲ့ကြတာလို့ ဆိုနိုင်တာပေါ့ကွယ်”

“ဟုတ်ကဲ့၊ နားလည်ပါပြီ”

“နောက်တစ်ဆက်တည်းပြောရရင် အဲဒီပါဠိတို့၊ မွန်တို့မှာ အခုမြန်မာစကားမှာ ‘သ’ လို့ ဆိုတဲ့ အသံကို ‘စ’ လို့ အသံထွက်ကြတယ်။ သူတို့မှာ ‘သ’ သံမရှိဘူး”

“ကျွန်တော်သတိထားမိတာက ပြည်ပနိုင်ငံတွေက သံဃာတော်တွေ မြန်မာနိုင်ငံကို ကြွလာတဲ့အခါ ပါဠိဂါထာတော်တွေ ရွတ်ဆိုရင် အခု ဆရာပြောသလိုပဲ ‘သ’ နေရာမှာ ‘စ၊ ဆ’ လို့ ရွတ်တယ်ဆိုတာ သတိထားမိတာပါ ဆရာ။ ‘နမောတဿ ကို နမောတတ်စ’၊ ‘သမ္မာ သမ္ဗုဒ္ဓဿ’ ကို ‘ စမ်မာ စမ်ဖုတ်ဒတ်စ’ လို့ အသံထွက်တာကြားရပါတယ်”

“သာဓု ခေါ်တော့လည်း ‘စာဓု စာဓု’ လို့ ခေါ်ပါတယ် ဆရာ”

“ဇီဝိတကိုလည်း ‘ဂျီဗိတ’ လို့ အသံထွက်ပါတယ်ဆရာ”

“နိုင်ငံတကာက ပါဠိပညာရှင်တွေက ပါဠိစကားကို အသံထွက်တဲ့အခါ အခုပြောသလို ကျ-ချ-ဂျ သံထွက်တဲ့ စကားတွေကို တို့မြန်မာနိုင်ငံမှာ စ၊ ဆ၊ ဇ လို့ ထွက်တယ်။ သူတို့က ‘စ၊ ဆ’ ထွက်တဲ့အသံကို မြန်မာက ‘သ’ လို့ ထွက်တယ်။ အဲဒီလို ဗျည်းသံတွေ ပြောင်းတဲ့အကြောင်းကို မှတ်တမ်းမှတ်ရာတွေ ကိုးကားပြီး ပညာရှင်တွေ သုတေသနပြုထားတာ ရှိတယ်”

“သိပါရစေ ဆရာ”

“ဆရာကြီး ဦးဖေမောင်တင်ရေးတဲ့ စာတမ်းတစ်စောင်ရှိတယ်။ စာတမ်းနာမည်ကိုက စိတ်ဝင်စားစရာ ကောင်းတယ်ကွဲ့။ Phonetics in a Passport တဲ့ ‘နိုင်ငံကူးလက်မှတ်ထဲက သဒ္ဒဗေဒ’ လို့ ဆိုလိုတာပေါ့။ မြန်မာနိုင်ငံ သုတေသနအသင်း ဂျာနယ်အတွဲ ၁၂/ အပိုင်း ၂ မှာ ပါတယ်။ ၁၉၂၂ ခုနှစ်ကထုတ်တဲ့ ဂျာနယ်ဆိုတော့ အခုဆိုရင် နှစ်တစ်ရာ ပြည့်ခါနီးပြီပေါ့”

“ဩော် ဟုတ်ကဲ့ပါ”

“နောက်ခံအကြောင်းကို ပြောရရင် ၁၉၅၀ ပြည့်နှစ်မှာ ဆရာကြီး ဦးဖေမောင်တင်ဟာ အင်္ဂလန်နိုင်ငံကို ပညာတော်သင်သွားရတယ်။ အောက်စဖို့ဒ် တက္ကသိုလ်မှာ ပညာသင်ဖို့ပဲ။ ဆရာကြီးဟာ တစ်နေ့တော့ အောက်စဖို့ဒ်က ဘော့ဒလီယန်စာကြည့်တိုက် (Bodleian Library, Oxford) ပေါ့။ အဲဒီစာကြည့်တိုက်မှာ မြန်မာနိုင်ငံရဲ့ နိုင်ငံကူးလက်မှတ်တစ်စောင် တွေ့ရတယ်တဲ့။ ၁၇၈၃ ခုနှစ်က ထုတ်ပေးတာဆိုတော့ ဘိုးတော်ဘုရားလက်ထက်ကပေါ့”

“ဘယ်သူ့ကို ထုတ်ပေးတာပါလဲ ဆရာ”

“ပေါ်တူဂီလူမျိုးတစ်ယောက်ကို ထုတ်ပေးထားတာ။ အဲဒီ နိုင်ငံကူးလက်မှတ်မှာ မြန်မာမင်းရဲ့ ဒေါင်းတံဆိပ်တော် ရိုက်နှိပ်ထားတယ်။ မြန်မာလို ရေးထားတဲ့စာရော၊ ပေါ်တူဂီဘာသာနဲ့ ဘာသာပြန်ထားတဲ့စာရော ပါတယ်။ ဆရာကြီးက အဲဒီနိုင်ငံကူးလက်မှတ်ကို လေ့လာပြီး ဒီစာတမ်းကို ရေးတာလေ။ ဆရာကြီး လေ့လာတာက အဲဒီနိုင်ငံကူးလက်မှတ်မှာပါတဲ့ မြန်မာမြို့ရွာ နာမည်တွေ၊ လူနာမည်တွေကို ပေါ်တူဂီဘာသာနဲ့ အသံဖလှယ်ထားတဲ့ အရေးအသားတွေကို လေ့လာတာ။ အဲဒီလို လေ့လာကြည့်တဲ့အခါ မြန်မာစကားသံနဲ့ ပတ်သက်ပြီး ထူးခြားတဲ့ အချက်တွေ တွေ့ရလို့ ဒီစာတမ်းကိုရေးတာပဲကွဲ့။ အခုဆရာတို့ပြောနေတဲ့ အသံပြောင်းတာတွေနဲ့ ဆိုင်တာပေါ့။ ကဲ… နောက်တစ်ပတ်မှာ ဆက်ပြောကြတာပေါ့”

“ဟုတ်ကဲ့ပါ ဆရာ”

# (၇၅) ကြိမ်မြောက် ဈေးကြီးရပ်ကွက်လုံးဆိုင်ရာ ဆွမ်းကြီးလောင်းပွဲတော်မုခ်ဦးဖွင့်

ရန်ကုန်  ဇန်နဝါရီ  ၂၄

**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက်လုံးဆိုင်ရာ (၇၅) ကြိမ်မြောက် (စိန်ရတု)ဖွင့်ပွဲနှင့် လှည့်လည်ပွဲ အခမ်းအနားကို ဇန်နဝါရီ၂၄ ရက် မွန်းလွဲ ၃ နာရီက ကျောင်းကြီးလမ်းနှင့် ဗိုလ်သူရလမ်းထောင့်ရှိ မုခ်ဦးမဏ္ဍပ်ရှေ့၌ ပြုလုပ်သည်။**



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ပွဲတော်ကျင်းပရေးနာယက ဦးမျိုးမြင့်၊ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးညွန့်ဋ္ဌေး(ကြာငါးခိုင်)တို့က မုဒိတာစကားများ ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ ကျင်းပရေးကော်မတီနာယက ဦးမျိုးမြင့်၊ ဥက္ကဋ္ဌဦးညွန့်ဋ္ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် လမ်းအသီးသီးရှိ အလှူမဏ္ဍပ်များသို့ လှည့်လည် ကြည့်ရှုသည်။ ညနေ ၄ နာရီတွင် ဘုရားမဲပေါက်သော ပိတောက်ပင်လမ်း၊ အောက်လမ်းက ဦးဆောင်၍ လမ်းအသီးသီးမှ ဘုရားပင့်ဆောင်သောကားများ၊ ဖြေဖျော်ရေးကားများဖြင့် တစ်လမ်းဝင် တစ်လမ်း ထွက် လှည့်လည်ခဲ့ကြသည်။ (ဓဲပုံ)

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

# ကျောက်တံတားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ အခမဲ့ သွားဆေးခန်းသစ် ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၄**

ကျောက်တံတားမြို့နယ် အမှတ်(၂)ရပ်ကွက် မဟာဗန္ဓုလပန်းခြံလမ်း၌ ကျောက်တံတားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ သွားကျန်းမာရေး



ဆေးခန်းသစ်ကို ဇန်နဝါရီ ၂၃ ရက်က ဖွင့်လှစ်ခဲ့သည်။

ဆေးခန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြည်ပြာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားခဲ့သည်။

ကျောက်တံတားမြို့နယ်၌ ယခုဖွင့်လှစ်လိုက်သည့် သွားကျန်းမာရေးဆေးခန်းသည် အခမဲ့ သွားကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးခန်းဖြစ်ကာ ဆေးခန်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သွားဘက်ဆိုင်ရာဆရာဝန်များက ကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်၍ မည်သူမဆို အခမဲ့ လာရောက်ကုသနိုင်ကြောင်း၊ အဆိုပါဆေးခန်းသည် ကျောက်တံတားမြို့နယ်အတွင်း ပထမဆုံးဖွင့်သည့် အခမဲ့ သွားဆေးခန်းလည်းဖြစ်ကြောင်း သိရသည်။

**ဖြိုးသူရကျော်**

# မုန်းစွဲနှင့် နိုင်ငံကြီးသားရုပ်ရှင်ဇာတ်ကားများ စံချိန်တင်ဝင်ငွေရရှိခဲ့ပြီး ပရိသတ်က မည်သည့်ဇာတ်ကားမျိုးကြိုက်သည်ကို ခန့်မှန်းရခက်နေ

**ရန်ကုန် ဇန်နဝါရီ ၂၄**

မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်နှင့် တိုက်ဆိုင်သော ၂၀၂၀ ပြည့်နှစ် ရုပ်ရှင်ထူးချွန်ဆုကို မတ်လနောက်ဆုံးပတ်အတွင်း ချီးမြှင့်မည်ဖြစ်ရာ မြန်မာ့ရုပ်ရှင် တိုးတက်အောင်မြင်စေရန်နှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ရင်ပေါင်တန်းနိုင်ရန် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူ ဦးအေးကြူလေးက ပြောကြားသည်။

"အကယ်ဒမီဆုကို မတ်လ နောက်ဆုံးပတ်မှာ ပေးမှာပါ။ ပြည်ပကို သွားရောက်ပြသဖို့အနေနဲ့ ယဉ်ကျေးမှုပါတဲ့၊ ဇာတ်လမ်းရှိတဲ့ ဇာတ်ကားကိုပဲ လက်ခံတယ်။ သွားရောက်ပြသတဲ့ ဇာတ်ကားတွေမှာ အချို့တွေလည်း အဆင်မပြေဘဲ ရှုံးကြတာတွေရှိတယ်။ ပြည်ပမှာရှိတဲ့ မြန်မာနိုင်ငံသားတွေက အားပေးကြတာလည်း ရှိတယ်။ ဘယ်ဇာတ်ကားကိုပရိသတ်အကြိုက်ဆုံးလဲဆိုတာကို ခန့်မှန်းဖို့က အခက်ဆုံးပဲ။ အကြိုက်သိလို့ရိုက်တိုင်းလည်း မဖြစ်ပြန်ဘူး။ ခုချိန်အထိဆို မုန်းစွဲနဲ့ နိုင်ငံကြီးသား ဇာတ်ကားတွေပဲ ထူးထူးခြားခြား စံချိန်တင် ဝင်ငွေကောင်းခဲ့တာလေ"ဟု ဦးအေးကြူလေးက ပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ပြည်ပနိုင်ငံများမှ အနုပညာ အဖွဲ့အစည်းများအကြား အပြန်အလှန်ဆက်သွယ်မှုရှိသော်လည်း ပူးပေါင်းဆောင်ရွက်မှုကို ပို၍ လိုအပ်လျက်ရှိကြောင်း၊ တစ်ချိန်က ဂျပန်နှင့်မြန်မာနှစ်နိုင်ငံ ပူးပေါင်းရိုက်ကူးခဲ့သည့် သွေးရုပ်ရှင်ဇာတ်ကားမှာ ယနေ့တိုင်ပြသနိုင်ခြင်းမရှိသေးကြောင်း၊ ပူးပေါင်းရိုက်ကူးမှုတွင် အခက်အခဲများ ရှိနေဆဲဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်း၍ ဇာတ်ကားရိုက်ကူးနိုင်မှုတွင် အားနည်းနေသော်လည်း မြန်မာဇာတ်ကားများ၏ အရည်အသွေးပိုင်းဆိုင်ရာ ပြောင်းလဲလာမှုကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ အသံပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ စသည့် နည်းပညာပိုင်းဆိုင်ရာများတွင် အရည်အသွေး ပို၍ကောင်းမွန်လာကြောင်း၊ သို့ရာတွင် ဇာတ်ကားများရိုက်သည့်အခါ သဘာဝကျအောင် ဆေးရုံနှင့် အခြားသောနေရာများတွင် ရိုက်ကူးရန် မလွယ်ကူသောကြောင့် အဆင်ပြေရုံသာ ရိုက်ကူးနေရသည်လည်းရှိကြောင်း၊ ပြည်ပနိုင်ငံများနှင့် ပူးပေါင်းရိုက်ကူးမှုသည် ရုပ်ရှင်အရည်အသွေးကို ပိုမိုတိုးတက်စေပြီး အတွေ့အကြုံကောင်းများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာ့ရုပ်ရှင်ကို အစဉ် အားပေးလျက်ရှိသော ရုပ်ရှင်ချစ်ပြည်သူများ အနေဖြင့် ပြည်ပနိုင်ငံများမှ ရုပ်ရှင်များနှင့် ရင်ပေါင်တန်းနိုင်သော ဇာတ်ကားကောင်းများ မြန်မာ့ရုပ်ရှင်လောကမှ ပေါ်ထွန်းလာရန် မျှော်လင့်လျက်ရှိကြသည်။ သို့ရာတွင် တစ်ဖက်တွင်လည်း ငွေကုန်ကြေးကျများစွာဖြင့် စွန့်စား၍ ရိုက်ကူးခဲ့သော ဇာတ်ကားများမှာ အရှုံးနှင့် ရင်ဆိုင်ကြုံတွေ့မှုများ ရှိခဲ့သောကြောင့် မုန်းစွဲနှင့် နိုင်ငံကြီးသား စသော ဇာတ်ကားများထက် ပြည်တွင်း၊ ပြည်ပသို့ ထိုးဖောက်နိုင်သော ဇာတ်ကားများကို ရိုက်ကူးထုတ်လုပ်နိုင်ရန် ဒါရိုက်တာများက ဆန္ဒရှိနေကြပြီး ရုပ်ရှင်ကြည့်ပြည်သူများ ကြိုက်နှစ်သက်သော ဇာတ်ကားအမျိုးအစားများ ရွေးချယ်ရန်မှာလည်း ခက်ခဲနေဆဲဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# ဂျပန်နိုင်ငံ အစိုးရနှင့် ဂျပန်ပြည်သူများ ဆောက်လုပ်လှူဒါန်းသည့် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ပူတာအို ဇန်နဝါရီ ၂၄**

ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူများ၏ လှူဒါန်းမှုဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကချင်ပြည်နယ် ပူတာအိုမြို့ လေယာဉ်ကွင်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ် ဖွင့်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာ အာမီမိုတို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမိုးရွှေ၊ မြို့နယ်ပညာရေးမှူး ဦးအမ်ထင်ဆန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိမ်းလေးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဒခွမ်ရင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ပညာရေးမှူးနှင့် သံရုံး ဒုတိယအတွင်းဝန်တို့က အမှာစကားများပြောကြားကြကာ ကျောင်းဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖုန်ရိုခင်က ကျောင်းဆောင်သစ် လှူဒါန်းပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သောစာရွက်စာတမ်းများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ၂၀၁၈ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အရ ဂျပန်အစိုးရနှင့် ဂျပန်ပြည်သူတို့မှ ထောက်ပံ့လှူဒါန်းငွေများဖြင့် ဆောက်လုပ်ခဲ့ကာ အလျား ၁၃၂ ပေ၊ အနံ ပေ ၃၀ ရှိ အာရ်စီနှစ်ထပ်အဆောက်အအုံနှင့်အတူ ပရိဘောဂ၊ လျှပ်စစ်မီးများလည်း အပြည့်အစုံ ပါဝင်ကြောင်းနှင့် ကျောင်းဆောင်သစ်ကို ကြယ်ဖြူမင်း ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**



# အီတလီနိုင်ငံသား ကမ္ဘာလှည့်စက်ဘီးစီးအဖွဲ့ အင်းလေးဒေသအတွင်းလေ့လာလည်ပတ်

**ညောင်ရွှေ ဇန်နဝါရီ ၂၄**

အီတလီနိုင်ငံသား လေးဦး ပါဝင်သော ကမ္ဘာလှည့်စက်ဘီးစီးအဖွဲ့သည် အင်းလေးကန်ဒေသသို့ ရောက်ရှိလျက်ရှိရာ ဇန်နဝါရီ ၂၃ ရက်က အင်းလေးကန် အနောက်ဘက်ခြမ်းရှိ ကျေးရွာများသို့ သွားရောက်လေ့လာလည်ပတ်ခဲ့ကြသည်။ ထို့နောက် ညနေ ၄ နာရီတွင် ရွှေအင်းတိန်မွေတော်ဘုရားမှ အင်းလေးကန်ပတ်လမ်းအတိုင်း စက်ဘီးစီးနင်း၍ ပေါင်းပိုင်းလမ်းခွဲမှတစ်ဆင့် ညောင်ရွှေမြို့တွင်းသို့ ဝင်ရောက်ခဲ့ပြီး Teak Wood ဟိုတယ်၌ တည်းခိုခဲ့သည်။

အဆိုပါ စက်ဘီးစီးအဖွဲ့ သွားရောက်ရာ လမ်းကြောင်းတစ်လျှောက်တွင် ကမ္ဘာလှည့်ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ကျန်းမာရေးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ညောင်ရွှေမြို့နယ် စက်ဘီးစီးဝါသနာရှင်များအဖွဲ့တို့မှ အဖွဲ့ဝင်များက အတူလိုက်ပါ၍ အနီးကပ်ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**စိုင်းအယ်ဘဲ**



သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (ခ)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၁၉ ရက်က သဃ်္ဃန်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးကောင်းနိုင်က ရပ်ကွက်နေပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေး ဆွေးနွေးဟောပြောနေစဉ်။

ဗထူး

# ပြင်သစ်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ “Life of Ayarwaddy River” အစီအစဉ်အတွက် မန္တလေးမြို့တွင် မှတ်တမ်းရိုက်ကူး

**ရန်ကုန် ဇန်နဝါရီ ၂၄**

ပြင်သစ်နိုင်ငံ “Step By Step Production” ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် မန္တလေးမြို့ ချမ်းအေးသာစည်မြို့နယ်ရှိ “ဗမာ့သွေး” မြန်မာ့ရိုးရာလက်ဝှေ့ကလပ်သို့ သွားရောက်၍ သင်တန်းသား သင်တန်းသူများ၏ လက်ဝှေ့အားကစားလေ့ကျင့်နေမှုများကို လည်းကောင်း၊ ဂေါဝိန်ဆိပ်ကမ်းတွင်လည်းကောင်း မှတ်တမ်းတင်ရိုက်ကူးခဲ့သည်။

အဆိုပါရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မင်းကွန်းပုထိုးတော်ကြီး၊ ဂေါဝိန်ဆိပ်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ရှုခင်းများကို ရိုက်ကူးခဲ့ကြပြီး ဇန်နဝါရီ ၂၅ ရက်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ “ဝဲမ” ဆင်စခန်းသို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်ရှိ ရန္တပိုရွာနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်ကျေးရွာများ၏ မြန်မာ့လူနေမှုဓလေ့များကို ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းမှတ်တမ်းတင်ရိုက်ကူးရေးကို မြန်မာနိုင်ငံ ဧရာဝတီမြစ်ရိုးတစ်လျှောက် မြန်မာ့လူနေမှုဓလေ့များကို ပုံဖော်တင်ဆက်ထားသော “Life of Ayarwaddy River” အမည်ရှိ ရုပ်သံအစီအစဉ်အဖြစ် ပြင်သစ်နိုင်ငံ “Step By Step Production” ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**ငြိမ်းကို(FDC)**



ပြင်သစ်နိုင်ငံမှ ရိုက်ကူးရေးအဖွဲ့ မင်းကွန်းပုထိုးတော်ကြီးတွင် မှတ်တမ်းရိုက်ကူးနေစဉ်။

# မစူးစမ်းရသေးသည့် မီးရထားလမ်း ခရီးသွားမှတ်တမ်းအစီအစဉ် NHK ရုပ်သံအဖွဲ့ရိုက်ကူး



NHK ရုပ်သံအဖွဲ့ သာစည်ဘူတာရုံ၌ အမှတ်(၁၄၇) အဆန်ရထားကို မှတ်တမ်းရိုက်ကူးနေစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၄**

ဂျပန်နိုင်ငံ NHK ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က သာစည်ဘူတာမှ အမှတ်(၁၄၇) အဆန်ရထားဖြင့် ပထမလွန်းထိုးဘူတာအထိ ရထားစီးနင်းလိုက်ပါပုံ၊ ရုံပိုင်အား လွန်းထိုးရထားလမ်းအကြောင်း မေးမြန်းပုံနှင့် ၎င်းဘူတာအနီး ထမင်းလှည့်လည်ရောင်းချနေပုံ၊ ပထမလွန်းထိုးဘူတာမှ ဆင်တောင်ဘူတာသို့ အမှတ်(၁၄၁) အဆန်ရထားဖြင့် စီးနင်းလိုက်ပါပုံ၊ ခရီးသည်များအား ခရီးစဉ်နှင့် အလုပ်အကိုင်များအကြောင်းမေးမြန်းပုံတို့ကို ရိုက်ကူးခဲ့သည်။ အဆိုပါအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်နှင့် ရှမ်းပြည်နယ်ရှိ ကလော၊ ညောင်ရွှေ၊ တောင်ကြီးနှင့် ဆီဆိုင်မြို့နယ်များရှိ ဘူတာရုံများနှင့် မီးရထားလမ်းတစ်လျှောက် အခြေအနေများကို “မစူးစမ်းရသေးသည့် မီးရထားလမ်း” အမည်ဖြင့် ခရီးသွားမှတ်တမ်းတင်ရုပ်သံအစီအစဉ် ရိုက်ကူးနေခြင်းဖြစ်သည်။

အဆိုပါ ရုပ်/သံအစီအစဉ်တွင် ဂျပန်သရုပ်ဆောင် Mr. Otoo Takuma က မီးရထားဖြင့် ခရီးသွားလာပြီး မီးရထားလမ်းတစ်လျှောက်ရှိ လူမျိုးစုများ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် နေထိုင်မှုဘဝများကိုလေ့လာပြီး ခရီးလမ်းတစ်လျှောက်ရှိ သဘာဝရှုခင်းများကို Documentary ရိုက်ကူးလျက်ရှိရာ ၎င်းအစီအစဉ်အား ဂျပန်နိုင်ငံ NHK BS Premium, International Broadcasting On-demand (Online Distribution) ဖြင့် ဧပြီလတွင် ပြသနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်အောင် (FDC)**

# ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ ကုန်တင်ကားများ ဝင်ရောက်မှုနည်းပါး၍ ဒေသအတွင်း ဈေးဆိုင်များအရောင်းအဝယ်အေး

**မူဆယ် ဇန်နဝါရီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်းအတွင်းသို့ ကုန်တင်ကားများ ဝင်ရောက်မှု နည်းပါးသွားသည့်အတွက် ဒေသအတွင်းရှိ ဈေးဆိုင်ခန်းများ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

### အရောင်းအဝယ်များ လျော့နည်း

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေးကွင်းအတွင်းသို့ နှစ်နိုင်ငံဘက်မှ ကုန်တင်ကားများအစီးရေ ၈၀၀ ကျော် ၁၀၀၀ ဝန်းကျင်အထိ ပုံမှန်ဝင်ထွက်သွားလာနေရာမှ ယခုလ ဇန်နဝါရီအတွင်း နှစ်နိုင်ငံဘက်မှ ကုန်တင်ကားများ အဝင်အထွက်နည်းသွားခြင်းကြောင့် လူဝင်လူထွက်လည်း နည်းပါးသွားကာ အဆိုပါကုန်သွယ်ရေးဇုန်ကြီးကို အမှီပြုနေသော ဆိုင်ကယ်ဈေးသည်များ၊ ခေါင်းရွက်ဈေးသည်၊ တွန်းလှည်းဈေးသည်၊ ပျံကျဈေးသည်များ၊ ဒေသအတွင်းရှိ ထမင်းဟင်းရောင်းချသူများနှင့် အခြားကုန်ပစ္စည်းအမျိုးမျိုးရောင်းချသူများမှာ အရောင်းအဝယ်များ သိသိသာသာ လျော့နည်းသွားခဲ့ကြောင်း သိရသည်။

“ကုန်သွယ်ရေးဇုန်ထဲကို ကုန်တင်ကားတွေ အဝင်အထွက်များရင်တော့ ဈေးရောင်းကောင်းတာပေါ့။ အခုက တရုတ်နှစ်သစ်ကူးဆိုတော့ ကုန်ကားတွေက အဝင်အထွက်လည်း နည်းသွားတော့ အရင်တစ်ရက်ကို သုံးသိန်းကျော် လေးသိန်းလောက်ထိ ရောင်းရပြီး ဒီဇန်နဝါရီလထဲမှာတော့ တစ်ရက်ကို အများဆုံး နှစ်သိန်းဝန်းကျင်လောက်ပဲ ရောင်းရပါတယ်” ဟု သိကြားရေစင်ဆေးနှင့် ကုန်ပစ္စည်းရောင်းဝယ်နေသူ ဒေါ်အေးကြည်က ပြောသည်။

### လုပ်အားခများလည်း ကျဆင်း

နှစ်သစ်ကူးကာလ အရှေ့မြောက်တံခါးအများနှင့် သက်ဆိုင်သော ကုမ္ပဏီ သစ်သီးရောင်းဝယ်ကွင်းအနေနှင့် ဇန်နဝါရီ ၂၄၊ ၂၅၊ ၂၆၊ သုံးရက်တိုင် ဖရဲသီးအရောင်းအဝယ် ခေတ္တရပ်နားထားမည် ဖြစ်သည့်အတွက် မြန်မာဘက်မှ ပို့ကုန်ကားများ အဝင်နည်းသလို တရုတ်နိုင်ငံဘက်မှလည်း သွင်းကုန်အဝင်နည်းသွားသောကြောင့် ကုန်တင်ကုန်ချလုပ်အားခများလည်း ကျဆင်းသွားခဲ့ပြီး ဒေသအတွင်းရှိ ဈေးဆိုင်ခန်းများမှာလည်း အရောင်းအဝယ် သိသိသာသာ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

**သန့်ဇင် (မူဆယ်)**

# တရုတ်နိုင်ငံမှ ပြန်လာရန်အခက်ကြုံနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ မူဆယ်မြို့သို့ရောက်ရှိ

**မူဆယ် ဇန်နဝါရီ ၂၄**

တရုတ်နိုင်ငံ ကွမ်းရှီးပြည်နယ်ပိုင်းဆက်မြို့ ထျန်တုန်းစီရင်စုရှိ စစ်ဆေးရေးဂိတ်မှ မြန်မာနိုင်ငံဘက်သို့ ပြန်လာရန် အခက်ကြုံနေကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမား စုစုပေါင်း ၁၉၇ ဦးကို ဇန်နဝါရီ ၂၃ ရက် ညနေ ၄ နာရီ မိနစ် ၄၀ က ရွှေလီရဲဌာန ပြည်ဝင်/ပြည်ထွက် စစ်ဆေးရေးအရာရှိ မစ္စတာ ကျန်းကျိန်တက လွှဲပြောင်းပေးခဲ့ရာ မူဆယ်မြို့ အမှတ်(၇) လူဝင်မှုကြီးကြပ်ရေးဌာနခွဲ ဦးစီးအရာရှိ ဦးအောင်သူ၊ အမှတ်(၁၇) လူကုန်ကူးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်) တပ်ဖွဲ့စုမှူး ရဲမှူးကျော်ညွန့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး အောင်ကျော်ဦးနှင့် တာဝန်ရှိသူတို့က မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်(နန်းတော်ဂိတ်)၌ လက်ခံသည်။

မူဆယ်မြို့ အမှတ်(၁၇) လူကုန်ကူးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မူဆယ်)မှ တရုတ်နိုင်ငံ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်အကူအညီတောင်းခံခြင်းကြောင့် အဆိုပါအလုပ်သမားများအား ပြန်လည်ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရဲမှူးကျော်ညွန့်က ပြောသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများထဲတွင် နှစ်ရှည်အလုပ်လုပ်ကိုင်သူများလည်းပါဝင်ကြပြီး တရုတ်နှစ်သစ်ကူး အလုပ်ပိတ်ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လာရန် တစ်ဦးလျှင် တရုတ်ယွမ်ငွေ တစ်ထောင်ကျပ်ဖြင့် မော်တော်ယာဉ်သုံးစီးငှား၍ ပြန်လာခဲ့ကြရာ ကွမ်းရှီးပြည်နယ် နန်နင်းမြို့အကျော် စစ်ဆေးရေးဂိတ်တွင် စစ်ဆေးခံရစဉ် ယာဉ်မောင်းများ ထွက်ပြေးတိမ်းရှောင် သွားခြင်းကြောင့် မြန်မာနိုင်ငံဘက်သို့ ခရီးဆက်လာရန် အခက်အခဲကြုံတွေ့နေရခြင်းဖြစ်ကြောင်း မြန်မာရွှေ့ပြောင်းအလုပ်သမားတစ်ဦးဖြစ်သူ ကိုဇော်မိုးသူက ပြောသည်။

အဆိုပါ မြန်မာရွှေ့ပြောင်းအလုပ်သမားသည် တရုတ်နိုင်ငံ ကွမ်းတုံမြို့ရှိ ဆောင်းဘောက်စက်ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ၊ ဘော်လီစက်ရုံ၊ ဖိနပ်စက်ရုံ၊ သုံးထပ်သားစက်ရုံ၊ အထည်ချုပ်စက်ရုံ၊ နားကြပ်စက်ရုံ၊ ပန်းစက်ရုံ၊ ပင်လယ်စာစက်ရုံ၊ ငါးမွေးမြူရေးလုပ်ငန်းများနှင့် အခြားစက်ရုံတို့တွင် တစ်လလျှင် တရုတ်ယွမ်ငွေ ၁၇၀၀ မှ ၃၅၀၀ ဖြင့် အလုပ်လုပ်ကိုင်ခဲ့ကြသူများဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း တရုတ်နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသည့် မြန်မာအလုပ်သမား ၁၅၀၀ ကျော်ကို တရုတ်နိုင်ငံဘက်မှ စုစုပေါင်း ခြောက်ကြိမ်လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန် (ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ကြံခင်းမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၇ ၊ ၂၈ )ရက် ၊ ( တနင်္လာ ၊ အင်္ဂါ )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
အောင်ကျော်ခန်းမ ၊ အ.ထ.က(၁) ၊ ကြံခင်းမြို့။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
အခြေခံပညာဦးစီးဌာန နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော
ကလေးစာပေပွဲတော်
စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ
(ဘိုကလေးမြို့)
၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ( ၂၉ ၊ ၃၀ )ရက် ၊ ( ဗုဒ္ဓဟူး ၊ ကြာသပတေး )နေ့၊နံနက်(၉)နာရီမှညနေ(၅)နာရီအထိ
မည်သူမဆိုပါဝင်ဆင်နွှဲနိုင်ပါသည်။
မြို့တော်ခန်းမ ၊ အ.ထ.က(၁) ၊ ဘိုကလေးမြို့။

## စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## သမဝါယမဘဏ်လီမိတက်(CB Bank)၏ CB Pay & Internet Banking များကို အသုံးပြု၍ Online မှအခွန်ပေးဆောင်နိုင်ပြီ ဖြစ်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ အခွန်ငွေပေးသွင်းရာတွင် အီလက်ထရောနစ်စနစ်များကို အသုံးပြု၍ လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်ရေးအတွက် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET စနစ်ရှိ Customer Credit Transfer(CCT) Function အသုံးပြု၍ ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် Over the counter (OTC) ဖြင့် အခွန်ငွေပေးသွင်းခြင်းနှင့် IRD Website (www.ird.gov.mm) သို့ဝင်ရောက်၍MPU e-Commerce မှတစ်ဆင့် MPU Debit Card အသုံးပြု၍ Online မှအခွန်ပေးသွင်းခြင်းကို အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများ အသုံးပြု ပေးဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် အခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်ခဲ့ရာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများ ဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)နှင့် (၄) တို့ရှိ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ၂၀၂၀ပြည့်နှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့မှစ၍ သမဝါယမဘဏ်လီမိတက် (CB Bank) ၏ CB Pay & Internet Banking စနစ်များကို အသုံးပြု၍ အခွန်ငွေပေးဆောင်နိုင်ပြီ ဖြစ်ပါသည်။

၃။ ထိုသို့ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် သမဝါယမဘဏ်လီမိတက် (CB Bank)အနေဖြင့် အခွန်ထမ်းသို့ ဘဏ်ငွေလက်ခံဖြတ်ပိုင်း ကနဦး ထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET မှတစ်ဆင့် အခွန်ငွေလွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေလွှဲပြောင်းပေးသွင်းပြီးကြောင်း အထောက်အထားများကို email အသုံးပြုပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၄။ အခြားသော ပုဂ္ဂလိကဘဏ်များ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ချိန်တွင်လည်း ထပ်မံအသိပေး အကြောင်းကြားသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် ဘဏ်များသို့ကိုယ်တိုင်(သို့) ကိုယ်စားလှယ်မှ ငွေသား/ချက်လက်မှတ်ဖြင့် သွားရောက်ပေးသွင်းမည့်အစား အီလက်ထရောနစ်ငွေပေးချေမှုစနစ်များ အသုံးပြု၍ လုံခြုံစိတ်ချစွာဖြင့် အခွန်ငွေများကို ပေးဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm၊ သက်ဆိုင်ရာအခွန်ရုံးများနှင့် သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ (e-Payment Section၊ရန်ကုန်)၊ အမှတ် ၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၈၃၇၉၀၂၁ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

(ပုံ)
(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
ပြည်တွင်းအခွန်များဦးစီးဌာန

### အမည်ပြောင်း

မိုးညှင်းမြို့နယ်၊ အထက(ခွဲ) ပင်းဟဲ၊ န၀မတန်းမှ ဦးဝင်းနိုင်၏သား မောင်ဝေဘုန်းအောင်အား မောင်နေသူရိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### အမည်မှန်

မိုးညှင်းမြို့နယ်၊ အလကနားခါ Grade-6(A)မှ မောင်ကိုကိုသက်နိုင်အား မောင်ကျော်ကိုကိုဝင်းဟု ပြောင်း လဲခေါ်ဆိုပါရန်။

### အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ နီတာကျေးရွာနေ ဦးရဲဝင်း၏ သမီး မဆုပြည့်ဝင်း ၅/ ထခန(နိုင်)၀၈၃၀၅၁ ၏ အမည်မှန်မှာ မစုပြည့်ဝင်းဖြစ်ပါကြောင်း။

### အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၂၀/ရှမ်းစု)၊ ဦးပိုင်အမှတ်(၁၆)၊ မြေချိန်ဧရိယာ၀ဒသမ ၀၂၉ဧကရှိ မြေသည် အခွန်အမှုအမှတ် v - ၃၈/ ၈၃-၈၄ အရ ဦးကျော်မြင့်၊ ဒေါ်ညွန့်ညွန့်ငွေးတို့အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိ ထားပြီး၊ ဂရန်သက်တမ်းမှာ ကုန်ဆုံးနေပြီး မူလ အမည်ပေါက်သူ (၂)ဦးအနက် ဒေါ်ညွန့်ညွန့်ငွေးမှာ ၂၀၁၆ခုနှစ်တွင် ကွယ်လွန်ခဲ့သဖြင့် ခင်ပွန်းဖြစ်သူ ဦးကျော်မြင့်မှ ပိုင်ဆိုင်ကြောင်း မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၇၃၅/၂၀၁၈)ဖြင့် ကျမ်းကျိန်ဆိုပြီး စာချုပ်အမှတ် (၄၅၉/၂၀၁၉)ဖြင့် မှတ်ပုံတင်ကာ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် (၄၆၀/ ၂၀၁၉)အရ တရားဝင်ပိုင်ဆိုင်လာ၍ ဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးနေကြောင်း ဖော်ပြထားပြီး လျှောက်မြေအား ၎င်းအမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့အထောက်အထားခိုင်လုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် ၊ ဆားတိုင်မွတ် ကျေးအုပ်စု ၊ ကွင်းအမှတ်(၅၀၉)၊ ကွင်းအမည်-သဲကန်ကွင်း၊ (၁) ဦးပိုင်အမှတ် (၀ /၁၁ /၆)၊ အကျယ်အဝန်း ဧရိယာ (၉.၈၂) ဧကရှိ ဒေါ်သန်းအိ (၁၂/ကမန(နိုင်)၀၃၇၂၇၉) အမည်ပေါက် လယ်မြေ၊ (၂) ကော့မှူးမြို့နယ် ၊ ဆားတိုင်မွတ်ကျေးအုပ်စု၊ကွင်းအမှတ်(၅၀၈)၊ကွင်းအမည်-ကြာလင်ပန်းကွင်း၊ ဦးပိုင်အမှတ် (၄/၁၅)၊ အကျယ်အဝန်း ဧရိယာ(၁.၄၆) ဧကရှိ ဦးသန်းဝင်း (၁၂/ကမန(နိုင်)၀၃၂၉၉၀) အမည်ပေါက်လယ်မြေ၊ (၃) ကော့မှူးမြို့နယ် ၊ ဆားတိုင်မွတ် ကျေးအုပ်စု ၊ ကွင်းအမှတ်(၅၀၉)၊ ကွင်းအမည်-သဲကန်ကွင်း၊ ဦးပိုင်အမှတ် (တ/၁၄/၁)၊ အကျယ်အဝန်း ဧရိယာ (၃.၂၀)ဧကရှိ ဦးညိုလွင် (၁၂/ကမန (နိုင်)၀၅၆၂၈၃) အမည်ပေါက် လယ်မြေ၊ (၄) ကော့မှူးမြို့နယ်၊ တာတိုက်ကျေးအုပ်စု ၊ ကွင်းအမှတ်(၅၀၀)၊ ကွင်းအမည်-ဘော့ဝဲကွင်း၊ ဦးပိုင်အမှတ် (ဆ/၃/၁)၊ အကျယ်အဝန်း ဧရိယာ (၁၄.၃၇)ဧကရှိ ဦးစိုးဝင်း (၁၂/ကမန(နိုင်)၀၃၇၂၈၂) အမည်ပေါက် လယ်မြေ၊ (၅) ကော့မှူးမြို့နယ် ၊ ဝါးဘလောက်သောက်ကျေးအုပ်စု၊ ကွင်းအမှတ်(၅၀၇)၊ ကွင်းအမည်-ကမာပါတ်ကွင်း၊ ဦးပိုင်အမှတ် (၄၇/၆)၊ အကျယ်အဝန်း ဧရိယာ (၁.၂၀) ဧက နှင့် ဦးပိုင်အမှတ် (၁၃ /၇)၊ အကျယ်အဝန်း ဧရိယာ (၂.၀၀) ဧကရှိ ဦးမြင့်အောင်(၁၂/ကမန(နိုင်)၀၁၉၈၃၃)အမည်ပေါက် လယ်မြေများကို အမည်ပေါက်ပိုင်ရှင်များ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးဇော်ထွန်းအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၃၅) |
| **Hein Htet San Law Firm** | ၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၇၉ ၁၆ ၂၂၂ ၃၆ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

### ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် Mobile X-Ray ရိုက်စက်(ရွှေ့လျား/အထိုင်)၂စုံ ဝယ်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ Profile အောင်မြင်သည့် ကုမ္ပဏီအမည်စာရင်း ကြော်ငြာခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ် ခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် Mobile X-Ray ရိုက်စက်(ရွှေ့လျား/အထိုင်)၂စုံ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာတင်သွင်းထားသော လုပ်ငန်းရှင်များ၏ ဈေးနှုန်းတင်သွင်းခြင်းတင်ဒါပုံစံများနှင့်ပတ်သက်၍ Profile အောင်မြင်သည့်ကုမ္ပဏီအမည်စာရင်းအား ၂၅-၁-၂၀၂၀ရက် မှစတင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၂၅၁၂ နှင့် ဖုန်း-၀၆၇-၃၄၁၂၄၀၂ များသို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ**

### သီးထပ်ရင်စပါးရောင်းချရန် တင်ဒါခေါ်ယူခြင်း

